

နိုကိုရဲ့
ပန်းပွင့်ကို
ဖယ်ကြည့်မှ
မြင်ရမယ့် လမင်း
www.foreverspace.com.mm

မောင်မိုးစီစဉ်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၇၂၊ ၀၁-၂၈၂၂၄၀

www.foreverspace.com.mm

www.foreverspace.com.mm

# နီကိုရဲ

ပန်းပွင့်ကိုဖယ်ကြည့်မှ မြင်ရမယ့်လမင်း

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

**စာမူခွင့်ပြုချက်အမှတ်**
၁၅၅၇/၂၀၀၃ (၁၁)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၈၅၃၀၅၀၇

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.foreverspace.com.mm



## အခန်း (၁)

ဒီညမက်သော အိပ်မက်သည် တော်တော်အူကြောင်ကြောင်နိုင်သည်ဟု သားဦး တွေးနေမိသည်။ တွေးနေမိသည်ဆိုသော်လည်း ခုံပေါ်မှာ ထိုင်ပြီး တွေးနေခြင်းတော့ မဟုတ်။ အိပ်ရာမှ နိုးကာစ ကုတင်ပေါ်မှ မထသေးဘဲ နံနက်ခင်းအရသာကို နိုးထကာစ ဖီလင်နှင့် ပေါင်းစပ်ကာ ခံစားရင်း ကွေးကွေးကလေးနှပ်ကာ တွေးနေခြင်းပင် ဖြစ်သည်။

အိပ်မက်ထဲမှာ သူက စစ်မြေပြင်တစ်ခုကို ရောက်နေခြင်းဖြစ်သည်။ သူ့အိပ်မက်အရ စစ်က ပထမကမ္ဘာစစ်လောက် ဖြစ်ဟန်တူ၏။ သူ့ရှေ့က ချိတက်လူတန်းကြီးမှာရှိသည့် စစ်သားတွေက ရိုင်ဖယ်သေနတ်

www.foreverspace.com.mm

တွေကို လွယ်ကာထားသည်။ နံဘေးမှ စစ်သားတွေက လှည်းဘီးပေါ်မှာ တင်ထားသည့် အမြောက်ကြီးတွေကို အားနှင့်မာန်နှင့်တွန်းကာ ချီတက်လာကြ၏။ သူကတော့ … Cow boy ကားတွေထဲမှာ အမြဲတွေ့ရတတ်သော အင်မတန်လှပ ဒေါင်ကောင်းသည့် မြင်းညိုကြီးကို စီးကာ လိုက်ပါလာခြင်းဖြစ်သည်။ မြင်းကြီးက တငြိမ့်ငြိမ့် အသာအယာ သွားနေသည်။

သို့သော်… သူချီတပ်နေသည့်လမ်းက သူ ငယ်စဉ်က တက်ခဲ့ရသည့် အ·ထ·က (၃) သဃ်န်းကျွန်းရှေ့မှ ကဖူးကွေ့လမ်း ဖြစ်နေပြီး၊ သူဆောင်းထားသည့် ခမောက်က ဂျာမာန်စစ်သံခမောက်လည်း မဟုတ်၊ အင်္ဂလိပ်သံခမောက်လည်း မဟုတ်ဘဲ မြန်မာစစ်သူကြီးတွေ ဆောင်းသည့် ခမောက် ဖြစ်နေသည်။

နံဘေးမှာ မြင်းဟီသံတွေ၊ မိုးရေတစွတ်စွတ်ထဲ လူရာပေါင်းများစွာ ခြေချနင်းသံတွေ၊ လှည်းဘီးအမြောက်ကြီးတွေကို ညာသံပေးကာ တွန်းနေသံတွေ ညံကာနေသည်။ သူ့ခေါင်းဆောင်းခမောက်က သူ့ခေါင်းထက်ကြီးနေကာ မကြာခဏ လည်ထွက်နေသဖြင့် လက်တစ်ဖက်ဖြင့် ထိမ်းထားရသေးတာကိုလည်း မှတ်မိသည်။

ထိုစဉ်မှာပင် ပေါက်ကွဲသံတွေ… အော်ဟစ်သံတွေ ဆူညံကာ သူ့ရှေ့မှာ ချီတက်နေကြသည့် စစ်သားလေးငါးယောက် ဗွေ့ခနဲ၊ ကော့ခနဲ လဲကျသွားတာကို မြင်လိုက်ရ၏။ ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သလို ဖြစ်သွားကာ သူလည်း မြင်းကြီးပေါ်မှ ခုန်ဆင်းပြီး နီးရာ ကတုန်ကျင်း တစ်ခုထဲ လှိမ့်ဝင်လိုက်သည်။ သူ့ကတုန်ကျင်းရှေ့ ဝဲယာမှာ ကျည်ဆံတွေက မိုးပေါက်လို တဖောက်ဖောက် ကျနေကြသည်။ သူ အော်ဟစ်အမိန့်ပေးရင်း ခါးကြားထဲမှ ပစ္စတိုကို ဆွဲထုတ်ကာ ပစ်သည်။

သို့သော် ကျည်ဆံက မထွက်။ သူ့လက်ထဲမှာ ရောက်နေတာက

www.foreverspace.com.mm



ပစ္စတိုမဟုတ်၊ ခရမ်းသီးတစ်လုံး ဖြစ်ကာနေ၏။ သူ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပြီး ဖောချွေးများပြန်ကာ အသည်းတဆတ်ဆတ် တုန်လျက် 'ငါတော့သေပြီ'ဟု တွေးနေချိန်တွင် သူ့ ကတုန်ကျင်းထဲသို့ လူတစ်ယောက် လိမ့်ဝင်လာ၏။ သူ ကြောက်လန့်တကြား ကြည့်တော့ ဝင်လာသူက အာနိုးကြီးဖြစ်နေသည်။ အာနိုးက လက်ထဲက သူ့မရှင်းဂန်း ကြီးကို မီးပွင့်တွေ ဖြစ်သွားအောင် ထပစ်ပြီး ကတုန်ကျင်းထဲ ပြန်ကာ ဝင်ပုနေသည်။ အာနိုးတစ်ကိုယ်လုံးမှာ ချိတ်ထားသော သေနတ်တွေ ကလည်း မနည်း။ သူ ဝမ်းသာအားရနှင့်…

"ဟော့ကောင် အာနိုး…။ ငါ့ကို သေနတ်တစ်လက် ပေးစမ်းပါ ကွာ"

"ဘာဖြစ်လို့ ပေးရမှာလဲ"

ကတုန်ကျင်းရှေ့မှာ ဖွာခနဲဖြစ်သွားသော ကျည်ဆံတွေကို ကွေးကာရှောင်ရင်း အာနိုးက ပြန်အော်သည်။ ဖွာထွက်သွားသော မြေမှုန့် တွေက သူ့မျက်နှာကို စင်သည်။ သူ့ပါးစပ်ထဲသို့ ဝင်သည်။ အော်သံ ဟစ်သံ၊ ပစ်ခတ်သံတွေနှင့်လည်း ပတ်ဝန်းကျင်က ဆူညံကာ နေ၏။ သူ့ပါးစပ်ထဲဝင်သွားသော သဲတွေကို ထွေးထုတ်ကာ ကြုံးအော်နေသည်။

"ဟော့ကောင် အာနိုး ပေးစမ်းပါကွာ…။ ငါ့သေနတ်က ခရမ်းသီး ဖြစ်နေလို့"

အာနိုးက သူ့အော်သံကို ဂရုမစိုက်ဘဲ ကတုတ်ကျင်းပေါ်တက်ကာ တဘောင်းဘောင်း ပစ်ပြန်သည်။ သူ တိုက်ချင်လှပြီ။ သူလည်း ပစ်ချင် ခတ်ချင်လှပြီ။

"ဟော့ကောင်… အာနိုး။ ပေးဆို ပေးစမ်းကွာ…။ အားလုံး သေကုန်လိမ့်မယ်ကွ။ သိလား…။ ငါ့ကို သေနတ်တစ်လက်ပေး"

www.foreverspace.com.mm

အာနိုးက သူ့ကို စိတ်ပျက်သလိုကြည့်ရင်း သူ့ခါးကြားမှ ပစ္စတိုကို 'ဖလောက်'ခနဲ မြည်အောင်ချွတ်ပြီး လှမ်းပစ်ပေးလိုက်သည်။ Slomotion ဖြင့် သူ့လက်ထဲကို 'ဖတ်'ဆို ရောက်လာသော သေနတ်ကို အားရပါးရဆုပ်ကိုင်ကာ သူ ကျည်ဆံတွေကြားမှ ထရပ်ပြီး ဒရစပ်ပစ်သည်။

သို့သော်… သူ့သေနတ်က အာနိုးတို့သေနတ်လို မီးတွေ ဘာတွေ ပွင့်ပြီး ထွက်မသွားဘဲ ကျည်ဆံက ငယ်ငယ်တုန်းက ဘောင်ဘောင်ဖောက်သလို 'ဖွတ်'ခနဲ 'ဖွတ်'ခနဲသာထွက်ပြီး သူ့ အရှေ့တစ်လံလောက်မှာ ကျသည်။ စိတ်ထဲမှ အားမရလိုက်လေခြင်း၊ ဒေါသဖြစ်လိုက်လေခြင်း။ ထိုအချိန်မှာပင် သူ့အရှေ့မှာ 'ဝုန်း' ခနဲ ဗုံးဆံတစ်ခု ကျသည်။ သူ ထိတ်လန့်စွာ 'အား'ခနဲ အော်ကာ လေထဲ အသည်း တအေးအေးနှင့် မြှောက်တက်ကာ သွား၏။

သူ နိုးလာတာ ထို 'အား' ခနဲ အော်လိုက်သောအသံကြောင့် ဖြစ်ပါသည်။ သူ ချွေးတွေ ရွှဲကာနေသည်။ ရင်တွေ တဆတ်ဆတ်တုန်ကာနေသည်။ တစ်ကိုယ်လုံး ပျော့ခွေကာ နေသည်။ ပထမ သူ မသေဘူးဆိုတာကို သိလိုက်ရတော့ တော်တော်ဝမ်းသာသွားသည်။ ဒုတိယ ဒါဟာ အိပ်မက်ဆိုတာကို သိရတော့ အားမလိုအားမရ ဖြစ်ရ၏။ ဘာကြောင့် သူ့လက်ထဲက သေနတ်က ခရမ်းသီးဖြစ်နေရသနည်း။ သူပစ်လိုက်သော ကျည်ဆံတွေက ဘောင်ဘောင်ဖောက်သလို ဖြစ်နေရသနည်း။

အိပ်မက်သိမှ နိုးထသိသို့ ပြောင်းသည့်အချိန်တွင် ဘာမှ မဟုတ်တော့သော အိပ်မက်သိကို သူ မကျေမနပ်ဖြစ်နေခဲ့သည်။ လွန်ခဲ့သော ငါးမိနစ်ခန့်ကသာ ငါဟာ အိပ်မက်မက်နေတာဟု ကြိုသိလျှင် သူသည်

www.foreverspace.com.mm



နံဘေးမှ အာနိုးကို ကိုင်ပေါက်ကာ သေနတ်ကို လုယူပြီး လုံးဝကြောက်ရွံ့ခြင်းမရှိဘဲ ကျည်ဆံတွေကြားထဲကို ပြေးဝင်ကာ ဒရစပ် ပစ်မိမှာ သေချာသည်။ သို့သော် အိပ်မက်ထဲမှာတုန်းကတော့ သူ ကြောက်နေခဲ့သည်။

ဒါ… အိပ်မက်ပဲ။ ငါမသေနိုင်တော့ဘူးဆိုတာ သိသိချင်း သူ အတင်းပြန်အိပ်ကာ ထိုအိပ်မက်ကို ရအောင်ရှာသည်။ မိအောင်လိုက်သည်။ သို့သော်… မရတော့။ သူ့အာရုံထဲမှာ ငှက်ကလေးတွေအော်သံကိုသာ ကြားရသည်။ ရှေ့ကားလမ်းမမှာ ကားတစ်စင်း မောင်းသွားသံကိုသာ ကြားရသည်။ အိမ်အောက် မီးဖိုခန်းထဲက အမေ့အသံသဲ့သဲ့နှင့် ဖွန်းသံ၊ ပန်းကန်သံကိုသာ ကြားရလေသည်။

♦

www.foreverspace.com.mm

"ဟော့ကောင်… သားဦး။ ပြီးရင် ထမင်းစားခန်းကို လာခဲ့"

ရေချိုးခန်းထဲသို့ဝင်ကာ မျက်နှာသစ်၊ သွားတိုက်ရင်း ဖေဖေ့အသံက ပြင်းလှချည်လားဟု စဉ်းစားနေမိသည်။ သူ ညက ဘာများအမှားလုပ်ခဲ့မိပါလိမ့်။ သို့သော် သူ့မှာ မှားစရာ ဘာတစ်ခုမှ မတွေ့ပါ။ တစ်ခုပဲရှိသည်။ သူက မျက်နှာသစ်ပြီးလျှင် ဖေဖေ၊ မေမေတို့နှင့် ထမင်းပွဲဘယ်တော့မှမထိုင်ဘဲ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနှင့်သာ ထိုင်တတ်သည်။

သူ လက်ဖက်ရည်ဆိုင်ရောက်လို့ နှစ်ကျိုက်လောက်သောက်ပြီးချိန်မှာ ဖေ့ဖေ့ကားကလေးက ဆိုင်ရှေ့မှဖြတ်ကာ ဖေဖေ Company သို့ သွားတတ်သည်။ သူ ညဘက် သူငယ်ချင်းတွေနဲ့ ဂစ်တာတီးပြီး ပြန်လာချိန်မှာ ဖေဖေက အားဆေးသောက်ကာ အိပ်နေမြဲဖြစ်သည်။ ဒီလိုဖြစ်ခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဒါဆိုရင် ဖေဖေ သူ့ကိုပြောစရာတစ်ခုခုတော့ ရှိလို့နေမှာပေါ့ဟုသာ တွေး၍ရသည်။

ဖေဖေနှင့် မေမေ တီးတိုးပြောနေသောစကားသည် သူ ထမင်းစားခန်းထဲရောက်သည်နှင့် ရပ်ကာသွားသည်။ သုံးစက္ကန့်မျှ ငြိမ်သွားပြီးသည့်နောက် မေမေက သူ့ကို ကော်ဖီထည့်ပေးသည်။ ဖေဖေက ပေါင်မုန့်

www.foreverspace.com.mm



ထောပတ်သုတ်တစ်ချပ်ကို ယူကာ ကိုက်သည်။ ဖေဖေ့နှုတ်ခမ်းမှာ ထောပတ်တွေ တော်တော်ပေကာသွား၏။

"ကျွန်တော် လက်ဖက်ရည်သောက်ချင်တာ မေမေ"

"တီးမစ်ထုတ်ပဲ ရှိမယ်သားရဲ့…။ သောက်မလား"

"အင်း… Ready Made ထုတ်တွေ သား ဘယ်တုန်းက သောက်ဖူးလို့လဲ"

"ဟုတ်ကောင်…သားဦး။ မင်းကို ငါ စကားပြောစရာရှိတယ်"

အင်း…ဖေဖေ့လက်အောက်မှာ လုပ်ရတဲ့ Company ဝန်ထမ်းတွေတော့ ကံတော်တော်ဆိုးမှာပဲဟု သူ တွေးမိသည်။ ဖေဖေသည် သူ၏စေတနာကို ဘယ်တော့မှ လေသံဖြင့် မပြတတ်။ ပြတ်သားမှုနှင့်သာ ပြတတ်သည်။ သူ၏မေတ္တာကိုလည်း ဘယ်တော့မှ နူးညံ့သိမ်မွေ့မှုနှင့် မပြတတ်။ မာန်မာနနှင့်သာ ပြတတ်သူဖြစ်သည်။ 'ဖေဖေ့နှုတ်ခမ်းမှာ ထောပတ်တွေ ကပ်နေတယ်'ဟု သူ ပြောပြချင်နေခဲ့သည်။

"ကိုလေး…ဒီကိစ္စကို အေးအေးဆေးဆေး ပြောပါနော်"

မေမေကတော့ တောင်းပန်သလို ပြောသည်။ မေမေ့၏ နူးညံ့သိမ်မွေ့မှုသည် အကြည့်၊ စကားသံ၊ ဟန်အမူအယာမှာ အမြဲတမ်း ပါနေတတ်သည်။ ဒီနှစ်ယောက် ဘယ်လိုမျိုးများ ဖူးစာဆုံခဲ့ပါလိမ့်ဟု သူ တစ်ခါတစ်ခါ အပျင်းပြေ တွေးတွေးကြည့်တတ်သည်။

"ကိုယ် သိပါတယ်။ သားဦး… မင်းမှာ ရည်းစားရှိလား"

"ဗျာ…"

ထင်မှတ်မထားခဲ့သော မေးခွန်းကြောင့် သူ တော်တော်ကြောင်ကာသွားသည်။ သို့သော် ဖေဖေက ထိုစကားကို နောက်ထပ်တစ်ကြိမ်ထပ်မပြောပါ။ ဖေဖေသည် 'စကားကို နှစ်ခွန်းမပြောဘူး' ဆိုသည့်

ဆောင်ပုဒ်ကို အတိအကျလိုက်နာသူ တစ်ဦးဖြစ်သည်။ ဖေဖေ့နှုတ်ခမ်းမှာ ထောပတ်တွေ ပေနေတယ်။

"ဒီလိုသားရဲ့…။ မင်းဖေဖေ မေးတာက သားမှာ ချစ်သူတွေ ဘာတွေ ရှိနေပြီလား… အဲဒါမျိုးမေးတာ"

"လုံးဝမရှိဘူး မေမေ။ မေမေတို့ ဘာသတင်း ကြားထားလို့လဲ။ ဘယ်သူနဲ့ သားကို ထင်လို့လဲ။ ဘယ်သူက ဘာတွေပြောလို့လဲ"

သူ ပေါက်ကွဲသွားသည် ထင်သည်။ သူ့မှာ တကယ်လည်း ချစ်သူရည်းစားဆိုတာ မရှိခဲ့။ ဘယ်သူက ဘာတွေ ဝင်ချွန်လိုက်လို့ ဖေဖေက ဒီစကားကို မေးရတာလဲ။

"မထင်ပါဘူး သားရယ်…။ ဘယ်သူကမှလဲ မပြောပါဘူး။ သားမှာ ရှိသလား မရှိဘူးလားဆိုတာ မေးတာပါ"

"ဟော့ကောင်…သားဦး၊ အပိုတွေ ပြောမနေနဲ့၊ ငါမေးတာကိုပဲ ဖြေ"

"လုံးဝမရှိဘူး…။ တစ်စက်ကလေးတောင် မရှိဘူး"

"အေး…။ အဲဒါဆို မင်း… အိမ်ထောင်ပြုတော့"

"ခင်ဗျာ…"

သူ တကယ်ကြောင်ငေးကာ ဖေဖေ့ကို ကြည့်မိခြင်းသာ ဖြစ်ပါသည်။ ဒီတော့မှ ဖေဖေ့နှုတ်ခမ်းပေါ်မှာ ထောပတ်တွေ တော်တော်ပေနေပြီဆိုတာကို သိရ၏။ ဖေဖေ့စကား အဓိပ္ပါယ်ကိုတော့ သူ လုံးဝနားမလည်ပါ။ ရည်းစားတစ်စက်မှ မရှိဘူးဆိုတဲ့ လူကိုမှ ဘယ့်နှယ့် အိမ်ထောင်ပြုခိုင်းနေရတာလဲ။

"သြော်… ကိုလေးကလည်း ဒုက္ခပဲ။ ဖြည်းဖြည်းပြောပါဆိုနေမှ။ ဒီလိုသားရေ…ဒီလို…။ သားက ကျောင်းပြီးတာလည်း တစ်နှစ်ကျော်ပြီ



www.foreverspace.com.mm

www.foreverspace.com.mm

ဘာအလုပ်မှ မလုပ်ဘူး။ မေမေတို့ကလည်း အသက်ကြီးပြီ သားရယ်။ ဒီတော့ တည်တည်ငြိမ်ငြိမ်နဲ့ သားဘဝဖြစ်ရအောင် အဲဒါ အိမ်ထောင်ပြုဖို့ ပြောတာ"

"ဟာ…သားက ဘယ်သူနဲ့ အိမ်ထောင်ပြုရမှာတုန်း။ ဘာလဲ… ဖေဖေ Company မှာ သိပ်တော် သိပ်ထက်မြက်ပြီး ဖေဖေ့ကို အရမ်းရိုသေတဲ့ ကောင်မလေးတစ်ယောက်နဲ့လား"

သူ့ဟာက မအောင်မြင်ပါ။

ဖေဖေရော မေမေရော လုံးဝ မရယ်ကြ။ သူကလည်း မိဘပေးစားလို့ အိမ်ထောင်ပြုရတဲ့ဘဝကို အမုန်းဆုံး။

"တော်ပြီ မြလေး။ မင်း…ဘာမှ ဝင်မပြောနဲ့တော့။ ဒီမှာ သားဦး။ မင်း ပညာရှာခဲ့ပြီးပြီ။ ဒါပေမဲ့ မင်း ဥစ္စာရှာဖို့ စိတ်မဝင်စားဘူး။ သဘောကတော့ ဘာတာဝန်မှ မရှိလို့ ဘာမှ တာဝန်မယူတာပေါ့ကွာ။ ဒီတော့ မင်းကို လူ့ဘဝမှာ အကြီးလေးဆုံးတာဝန်ကို ငါပေးမယ်။ အဲဒါ အိမ်ထောင့်တာဝန်ပဲ။ မင်း အိမ်ထောင်ပြုရမယ်"

"ဟာ… သားက ဘယ်သူနဲ့ အိမ်ထောင်ပြုရမှာတုန်း ဖေဖေရ။ သားမှာက ဘာမှ မရှိတဲ့ဟာ"

"ငါစီစဉ်ပြီးသား။ မင်းထင်သလို ငါ့ Company က တစ်ယောက်မှ မဟုတ်ဘူး"

"သား အိမ်ထောင်မပြုချင်သေးဘူး ဖေဖေ။ အလုပ်လုပ်ဆိုလုပ်ပါ့မယ်။ စိတ်ချပါ။ သား…ကြိုးစားပါ့မယ်"

ဖေဖေက ပေါင်မုန့်ကို ထောပတ်သုတ်နေရာမှ ရပ်ကာ သူ့ကို တစ်ချက်ကြည့်သည်။ တကယ်တော့ ဖေဖေ ပေါင်မုန့်ကို ရည်ရွယ်ချက်မရှိဘဲ ထောပတ်သုတ်နေခြင်းသာ ဖြစ်ပါသည်။ ဖေဖေ့နှုတ်ခမ်းမှာ

www.foreverspace.com.mm



ထောပတ်တွေ ပေနေတယ်ဖေဖေ။

"မင်းလို မနက်စာ စားပြီးရင် ထွက်၊ ည ပြန်ဝင်လာပြီးရင် အိပ်တတ်တဲ့ ကောင်မျိုးက ဘာစီးပွားရေးများ လုပ်ဦးမှာလဲ…သားဦး မင်းမှာ ဘာတာဝန်မှ မရှိခဲ့ဖူးဘူး။ အေး… အဲ့ဒီလိုလူမျိုးအတွက် အကောင်းဆုံး ငါစီစဉ်တာ…။ မင်းယူမယ့် မင်းဇနီးလောင်းက ငါ့သူငယ်ချင်းသမီး… ကျောင်းဆရာမ။ ငါ သူ့ကို အားလုံးလေ့လာ ထားပြီးသား။ အေး… မင်းလည်း လေ့လာနိုင်တယ်။ မကြိုက်ဘူးဆိုတာ ကို တွေ့ရင် ဘာမကြိုက်ဘူးလဲဆိုတာ ငါ့ကို အကျိုးအကြောင်းနဲ့ ပြော…။ ဒါပဲ"

ဖေဖေက ဒေါကအရှိန်စကားပြောရင်း ထောပတ်တွေများသွား သော ပေါင်မုန့်ကို ပါးစပ်ထဲ ထိုးထည့်ပြီး ပလုပ်ပလောင်းစားကာ ကော်ဖီကို ဝွတ်ခနဲသောက်သည်။ ပြီးတော့ နာရီကို ကြည့်သည်။

"ကဲ…မြလေး။ ငါသွားတော့မယ်။ ကျန်တာတွေ မင်းဆက်ရှင်း ပြထားလိုက်"

ဖေဖေက ဝုန်းဆို ထထွက်သွားသည်။ ဖေဖေ့နှုတ်ခမ်းမှာ ထောပတ်တွေပေနေတာကို သူ မပြောလိုက်ရ။ စိတ်ညစ်ညစ်နဲ့ သူ အမုန်းဆုံး ကော်ဖီကို ဖေဖေသောက်သလို တဝွတ်ဝွတ် မော့ချပစ်လိုက်သည်။ ဖေဖေ့ ကား ခြံထဲက ထွက်သွားသံဆုံးတော့မှ မေမေက သူ့ကို စကားစပြော သည်။

"ကောင်မလေးနာမည်က မြင့်မျိုးမြတ်တဲ့ သား။ ဣန္ဒြေလည်း ရှိတယ်၊ လှလည်း လှတယ်။ မိန်းကလေးလည်း ပီသတယ်။ သားဖေဖေ ငယ်သူငယ်ချင်းရဲ့ သမီးလေး။ ဟိုဘက်ရပ်ကွက်ကို ပြီးခဲ့တဲ့ သုံးလ လောက်က ပြောင်းလာမှ သားဖေဖေနဲ့ ပြန်တွေ့ကြတာ။ သားထက်တော့

www.foreverspace.com.mm



သုံးနှစ်လောက် ကြီးလိမ့်မယ် ထင်တယ်"

"ဟာ…ပျင်းစရာကြီး မေမေရာ"

"သား သူ့ကို မတွေ့ရသေးလို့ပါ။ သမီးလေးက မူလတန်းပြဆရာမလေး။ တော်တော်လိမ္မာတဲ့ မိန်းကလေးပါ"

"သားကရော မိုက်နေလို့လား မေမေရဲ့"

"ငါ့သားကလေးက မမိုက်ပါဘူး။ ဒါပေမဲ့ ဒီသမီးလေးလောက်လဲ မလိမ္မာတာ အမှန်ပဲ"

မေမေတောင် သမီးကလေးဖြစ်နေပြီဆိုတော့ အခြေအနေက သိပ်မလွယ်ဟု သူ ထင်သည်။ ညက ဒါကြောင့် အိပ်မက်ဆိုးတွေ မက်တာကိုး…။

"သား တွေ့ချင်ရင် တွေ့ပေးမယ်လေ"

"ဟာ…မတွေ့ချင်သေးဘူး မေမေ။ ဖေဖေက လေ့လာပါဦးလို့ သားကို ခွင့်ပေးထားတယ် မဟုတ်လား"

"အေးလေ…အဲဒါကြောင့် ပေးတွေ့ချင်တာပေါ့"

သူ တစ်ချက် ရယ်လိုက်မိသည်။

"မေမေ ဘာသိလို့လဲ။ ဒီခေတ်မိန်းကလေးတွေက ရှေ့တင်တစ်မျိုး ကွယ်ရာမှာ တစ်မျိုးတွေ အများကြီးပဲ။ ဒါ…မင်းနဲ့ လက်ထပ်ရမယ့် လူဆိုပြီး တွေ့ပေးမှတော့ သူက အကောင်းဆုံးတွေချည်းပဲ လုပ်ပြနေမှာပေါ့"

မေမေက သူ့စကားကို တစ်ချက်စဉ်းစားကာ ပြုံးသည်။

"သားက ဘယ်လိုမျိုး တွေ့ချင်လို့လဲ"

"သားဟာ သူနဲ့လက်ထပ်ရမယ့် လူတစ်ယောက်အနေနဲ့ မဟုတ်ဘဲ သာမာန်အနေနဲ့ပဲ တွေ့ချင်တယ်။ ဒါမှ သူ့ရဲ့ ပကတိ ရိုးသားမှုကို မြင်ရ

www.foreverspace.com.mm



မှာပေါ့။ ဖေဖေ့ကို အဲဒါတော့ မေမေ ရအောင် ပြောပေး"

မေမေက သူ့ကိုပြုံးပြီး ငေးကြည့်ကာ ရင်ခွင်ထဲဆွဲထည့်ရင်း ချစ်ကြည်စွာ ခေါင်းကလေးကို အသာပွတ်ရင်း ဆိုသည်။

"သားရယ်…။ ရွှေမှန်ရင် မှတ်ကျောက်နဲ့ပဲ ပွတ်ပွတ်၊ ငရဲမီးနဲ့ပဲ စားစား လမ်းဘေးက ကျောက်နဲ့ပဲပွတ်ပွတ် အတူတူပါပဲ သားရဲ့"

သူကတော့ မေမေ့ရင်ခွင်ထဲမှာ ပြုံးနေလိုက်ပြီးမှ…

"မေမေ့ မှတ်ကျောက်နဲ့ သားမှတ်ကျောက် တူဦးမှပေါ့။ ယူရမှာ က သားဆိုတော့ သားကိုတော့ ခွင့်ပေးပါ မေမေ"

"ကဲ…ကောင်းပါပြီတဲ့ရှင်။ သားဖေဖေကို ပြောပြပေးပါ့မယ်"

မေမေက အပြုံးဖြင့် သူ့ဦးခေါင်းကို ပွတ်ကာ ပြောသည်။ မေမေ့ အပြုံးက မင်းဘယ်လိုပုံစံနဲ့တွေ့တွေ့ အဲဒီကောင်မလေးဘက်က မေမေတို့က ယုံပြီးသားဆိုသော အဓိပ္ပါယ်ပါသည့် အပြုံးဆိုတာကို သူ ကောင်းကောင်း သိသည်။

♦ ♦ ♦

www.foreverspace.com.mm

## အခန်း (၂)

"အေး…အဲဒါဆို သူ့အကြောင်း ငါ့ကို မင်းသိသလောက် ပြောပြကွာ…ပေစီ"

ပေစီက "အဟမ်း…ဟမ်း"ဟု သူ့လည်ချောင်းကို သူရှင်းသည်။ ပေစီက နည်းနည်းအရေးပါသွားပြီဆိုလျှင် ဒီလိုပဲ အထာကလေး နည်းနည်းတော့ ကိုင်တတ်သည်။

"နာမည်က မြတ်မိုးမြတ်ဆိုလား၊ မိုးမြတ်မြင့်ဆိုလားတော့ မသိဘူးကွာ။ သူတို့တစ်ရပ်ကွက်လုံးကတော့ ဆရာမလေးလို့ပဲ ခေါ်ကြတယ်။ ငါတို့ရပ်ကွက်ထဲကို ပြောင်းလာတာ သိပ်မကြာသေးဘူးကွ။ သူ့အဖေကြီးက တရားသူကြီးဟောင်းတဲ့။ လှတာတော့ သေအောင်လှတာ။

www.foreverspace.com.mm



ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိဘူး။ ဆံပင်တွေကလည်း ခြေဖျားလောက်အထိ ရှည်တယ်လို့ ပြောကြတာပဲ။ ငါတော့ တစ်ခါမှ မတွေ့ဖူးဘူး။ သူ့ကို တွေ့လိုက်ရင် အဖြူအစိမ်းနဲ့ ဆံထုံးနဲ့ချည်းပဲ။ သူ ဘယ်လောက်လှသလဲဆိုရင် အဟမ်း...''

ပေစိက ထုံးစံအတိုင်း ချွဲကို ဟတ်ကာထွေးပြီး ဆေးပေါ့လိပ်ကို မီးညှိနေပြန်သည်။ ဒီကောင်မလေးတွေနေတဲ့ ရပ်ကွက်ကဆိုလို့ ပေစိတစ်ယောက်တည်းသာရှိသဖြင့် သားဦး စိတ်ရှည်ရှည်ထားကာ နားထောင်နေရသည်။

''ကိုအောင်ဇင်တို့ဖွင့်တဲ့ အောင်မောင်းလက်ဖက်ရည်ဆိုင်ကို သိတယ်မဟုတ်လား''

''ဘာဆိုင်လို့တုန်း ပေစိရ''

''ဆိုင်တာပေါ့ကွ...။ အဲဒီဆိုင်က အရင်တုန်းက ဘယ်သူမှ ထိုင်တာမှ မဟုတ်တာ။ အခု ဆရာမလေးက အဲဒီဆိုင်ရှေ့က နေ့တိုင်း ဖြတ်ပြီး ကျောင်းကိုသွားမှ မနက် ၉နာရီဆို လူပြည့်နေပြီ။ ညနေ ၃နာရီဆို လူပြည့်နေပြီ။ ကဲ...ငါ ဒီဆိုင်ကို မရောက်တဲ့နေ့တွေက အဲဒီမှာ သွားထိုင်နေလို့ကွ။ အဲ...ဟိုလေ...အခု မင်းနဲ့ ဒီလို ပတ်သက်နေပြီဆိုရင်တော့ ငါ မထိုင်တော့ပါဘူး''

''ငါနဲ့ ဘာမှမဆိုင်ဘူးလို့ မင်းကို ပြောပြီးပြီ ပေစိ။ ကဲ...အဲဒီမိန်းမ လှတာအပြင် ထပ်ပြောဦးကွာ''

ပေစိက မျက်လုံးပေကလပ် ပေကလပ်နှင့် စဉ်းစားသည်။ သူ့ကို မောင်မျိုးနှင့် ကိုဝင်းမော်က တစ်ချက်လှမ်းကြည့်သည်။

''ငါက လှတာပဲသိတာကွ။ ကျန်တာက သူ့အဖေကြီးက တရားသူကြီးဟောင်းကွာ...။ ပြီးတော့ အရမ်းတည်တယ်။ ရပ်ကွက် သာရေး

www.foreverspace.com.mm



နာရေးတွေ ဘာတွေမှာ ဝင်လုပ်တယ်။ သူတို့အိမ်က ဂန္ဓမာလမ်းချိုး ကလေးနားက တစ်ထပ်တိုက်ပုကလေး။ သူတို့က သစ်သားအိမ်ကလေး ကို ဝယ်ပြီးမှ ပြင်ဆောက်ထားတာ။ ငါသိတာ ဒါပဲ။ ပေးစားရင် ယူသာ ယူလိုက် သူငယ်ချင်း။ ဆရာမလေးက အရမ်းလှတယ်"

"လုံးဝ စိတ်မဝင်စားဘူး။ ငါဖြစ်နေတာ အဲဒါပဲ။ အဲဒါကို တိုင်ပင်ဖို့ လာတာ။ ငါ...ဘာဆက်လုပ်ရမလဲ။ စိတ်ညစ်တယ်ကွာ"

ကိုဝင်းမော်က သူ့ကို ပြုံးကာ ကြည့်နေတာကို မြင်တော့ သားဦး စိတ်ထဲမှာ မခံချင်ဖြစ်သွားသည်။ ကိုဝင်းမော်ပြုံးပုံက အမေပြုံးပုံနှင့် ခပ်ဆင်ဆင်တူသည်။ ဒီလောက် သတင်းကြီးသည့် မင်းသမီးကို မဖြစ် မနေ လက်ထပ်ရတော့မည့်အရေးမှာ စိတ်ထဲက ကြိတ်ဝမ်းသာနေပြီး အပြင်မှာ အိုက်တင်ခံနေတာပါဆိုသည့် အပြုံးမျိုး။

ကိုဝင်းမော်က သူတို့အုပ်စုထဲမှာ အသက်အကြီးဆုံး။ စာအဖတ် ဆုံး။ အတွေ့အကြုံလည်း တည်ငြိမ်အရင့်ကျက်ဆုံးမို့ အားလုံးက လေးစား ရှိသေကြသည်။ ကိုဝင်းမော်က စကားနည်းသည်။ ပြောသမျှ စကားက လည်း အမှားနည်းသည်။ ကိုဝင်းမော်သည် ရုပ်အချောကြီး မဟုတ်သော် လည်း တည်ငြိမ်ဖြောင့်မတ်သော ယောကျ်ားတစ်ယောက်ဖြစ်သည် ဟု သူထင်သည်။ ထို့ကြောင့် ကိုဝင်းမော်အပြုံးကို ပို၍ မခံချင်ခြင်း ဖြစ် သည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ ပြုံးတာလဲ ကိုဝင်းမော်"

"ဘာမှ မဟုတ်ပါဘူး ညီရာ။ မင်းဇာတ်လမ်းကို ဆက်စရာရှိတာ ဆက်ပါဦး။ ပြီးရင်...ပြောမှာပေါ့"

"ကျွန်တော့်ဇာတ်က ဆက်စရာမရှိဘူး ကိုဝင်းမော်။ ဖေဖေ့ကို အိမ်မှာ ဘယ်သူမှ မလွန်ဆန်ရဲကြဘူး။ ဖေဖေက ကျွန်တော့်ကို အခု

www.foreverspace.com.mm



ဒီမိန်းမနဲ့ ပေးစားမယ်လို့ ပြောတယ်။ ကျွန်တော်က အဲဒီမိန်းမကို လုံးဝ စိတ်မဝင်စားဘူး။ အိမ်ထောင်လည်း မပြုချင်သေးဘူး။ ကျွန်တော် အခုလိုပဲ သူငယ်ချင်းတွေနဲ့ နေချင်သေးတယ်။ ကျွန်တော် ဝါသနာပါတဲ့ Chess ကို ဆက်ထိုးချင်သေးတယ်။ အုတ်ခုံပေါ်မှာ သူငယ်ချင်းတွေနဲ့ ဂစ်တာတီးပြီး သီချင်းအော်ဆိုရတဲ့ အရသာမျိုးကို ဘယ်လောက်လှတဲ့ မိန်းမက ပေးနိုင်မလဲ။ ကျွန်တော် လုံးဝ အိမ်ထောင်မပြုချင်သေးဘူး။ အဲဒါ ကျွန်တော့် ရင်ထဲက ဆန္ဒအမှန်ပဲ…။ ကျွန်တော့်ပြဿနာက ဒါပဲ''

ကိုဝင်းမော်က ဘာမှမပြောဘဲ ထပ်ပြုံးနေပြီး မောင်မျိုးက ဝင်ကာ ပြောသည်။ သူပြောသည့်လေသံထဲမှာ ဒေါသနှင့် ယုံကြည်ချက် ပါသည် ဆိုတာကိုတော့ သူငယ်ချင်းတွေပါ သိလိမ့်မည်။

''သားဦး…။ အဲဒီစကားကို ဆရာမလေးကို မြင်ပြီးမှ ပြောပါလား။ ကိုယ်တောင် သွားကြည့်ပြီးပြီကွ။ တော်တော်မှည့်တယ်။ မှည့်တာမှ သူ မှည့်တာကို မြင်ရင် ချက်ချင်းပြုတ်ကျလာမှာစိုးလို့ ဟောဒီ ရင်ဘတ်ကြီးနဲ့ ခံပေးချင်လောက်အောင်ကို မှည့်တာ''

''ဟေ့ကောင်…။ သူ့ဘာသာ စင်ဒီကလောဖို့(ထ)လောက် ချောချော၊ နီကိုးကစ်မင်းလောက်လှလှ ငါပြောချင်တာက အိမ်ထောင် မပြုချင်သေးတာ။ အဲဒီအတွက် ငါ သူ့ကို ငြင်းတာ။ အေး… ငါ အိမ်ထောင် ပြုချင်လာရင် သူရဲ့ အဆတစ်ရာလောက်မလှတဲ့ မိန်းမကိုလည်း ယူချင် ရင်ယူမှာပဲ…။ မှတ်ထား''

သူ့ရဲ့ ဒေါသတကြီးစကားဆုံးတော့ ကိုဝင်းမော် အားရပါးရ ရယ်သံကို ကြားရသည်။ ကိုဝင်းမော်က သူ့ခေါင်းကို ချစ်စနိုးပုတ်ကာ ရယ်သည့်အတွက် သူ့ကို လှောင်ရယ် ရယ်တာ မဟုတ်ဟု သားဦးထင် သည်။

www.foreverspace.com.mm



သားဦး…သားဦး…။ ဘာမှပြဿနာ မဟုတ်တာကို ပြဿနာ သိပ်လုပ်တာပဲ"

"လူ့ဘဝမှာ ယောကျ်ားလေးတစ်ယောက်က မိန်းမတစ်ယောက်ကို လိုချင်ရင်သာ ခက်တာကွ။ မလိုချင်ရင် ဘာမှမခက်ဘူး"

"ဟာ…ဖေဖေစီစဉ်တာကို ကျွန်တော်က မလိုချင်ဘူးပြောရင် ကျွန်တော် အိမ်ပေါ်က ဆင်းသွားရမှာပေါ့"

"မလိုပါဘူး ညီရာ..။ မင်းပြောတဲ့ ပုံစံအရဆို မင်းနဲ့ ဒီ မိန်းကလေး မတွေ့ဖူးသေးဘူး။ မိဘချင်း စီစဉ်တာပဲရှိတယ်။ မင်းက လေ့လာဖို့ဆိုပြီး အချိန်ဆွဲထားတယ်။ မင်းက မင်းအဖေရဲ့ စကားကို မဖယ်ရဲဘူး…။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်… ကိုဝင်းမော်။ ကျွန်တော် မလိမ်ဘူး"

"အေး…ညီ မှတ်ထား။ လက်ထပ်တယ်ဆိုတာ တစ်ဖက်တည်းနဲ့လည်း မရဘူး။ ကဲ…မင်းကို အဲဒီ မိန်းကလေးက မယူနိုင်ပါဘူးလို့ ငြင်းရင်… မင်းဆန္ဒ ပြည့်ပြီ မဟုတ်လား"

ကိုဝင်းမော်စကားကြောင့် သားဦး ကြောင်သွားသည်။ တစ်ချက် ငြိမ်ပြီး စဉ်းစားတော့ ဟုတ်နေသည်။ ပေစိကပင် ဝင်၍ "အေးလေ…။ သူကချည်း ငြင်းနေတယ်။ ဟိုဘက်ကဖြင့် သူ့ကို ယူပါစေဦး"ဟု ဝင်ကာ ပြောသည်။ သူ ကိုဝင်းမော်ပြောတာကို အလေးအနက် ထပ်စဉ်းစားသည်။

"ဟိုဘက်ကလည်း ကျွန်တော့်လိုပဲ မိဘစကားကို မဖယ်ရဲတဲ့ မိန်းကလေးဆိုရင် ဘယ်လိုလုပ်မလဲ… ကိုဝင်းမော်"

"အေး…အဲဒါလည်း ထည့်စဉ်းစားရမှာပေါ့။ ဒီမှာ ညီ…မင်း မှတ်ထား။ မိန်းမတို့မည်သည် သူတို့အထင်မကြီးတဲ့ လူကို ဘယ်တော့မှ

ယောက်ျားမတော်ဘူး မှတ်ထား။ ဒီတော့ မင်း သူ့ကို မလိုချင်ရင် သူ အထင်မကြီးအောင်နေ…။ ဒါပဲ''

ကိုဝင်းမော်စကားဆုံးတော့ သူ့ခေါင်းထဲမှာ အကြောင်းအရာတွေ ရှုပ်ယှက်ခတ်ကာ သွားသည်။ စကားလုံးတွေက ပြေးလွှားသွားကြ၏။ အုံ့ခဲနေသော သူ့ဦးနှောက်သည် အရာရာ ရှင်းလင်းလွယ်ကူသွားသည်။

''ဟုတ်ပြီ ကိုဝင်းမော်…။ သူနဲ့ ကျွန်တော်နဲ့က မတွေ့ဖူးကြ သေးတော့ အခုနေ သူ အထင်သေးအောင် လုပ်ထားလိုက်ရင် စေ့စပ်တဲ့ အခါ သူ ကျွန်တော့်ကို လုံးဝလက်ခံမှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ် လား''

''ဒါပေါ့ …။ မင်းလည်း Chess သမားတစ်ယောက်ပဲ။ တစ်ကွက်ပြရင် Endingအထိ မြင်တတ်ပါတယ်။ ပြဿနာက အေးအေး ပါ''

သူ တော်တော်လေးကို ပျော်ရွှင်သွားသည်။

မိန်းမတစ်ယောက် အထင်သေးအောင် လုပ်စရာ ဘာတွေရှိ သနည်း။ လှပသော၊ တည်ကြည်သော၊ ဂုဏ်သိက္ခာရှိသော၊ မိမိ၏ ဣန္ဒြေကို စောင့်ထိန်းသော၊ မိဘကို ချစ်မြတ်နိုးသော သူလို မိန်းကလေး တစ်ယောက် အထင်သေးအောင် လုပ်စရာတွေက အများကြီး။ သူ့ ခေါင်းထဲမှာ ပေါ် ကာလာသည်။

''ဟုတ်ပြီဗျာ…။ အဲဒီအစီအစဉ်ကို မနက်ဖြန်က စမယ်''

''မင်း မှားတယ် ညီ။ မနက်ဖြန်မှာ မင်းလုပ်ရမှာက ပေစိရယ် မောင်မျိုးရယ်ကို ခေါ်ပြီး သူ့ကို သွားကြည့်ရဦးမှာ။ အခု … သူက အဖြူ ရထားလို့ $e_4$ စတွန်းတာ ကိုယ်က ဘာနဲ့ ခုခံမလဲဆိုတာကို စဉ်းစားဖို့ မင်း သူ့အကြောင်းကို သိထားသင့်တယ်''



www.foreverspace.com.mm

www.foreverspace.com.mm



"ဟုတ်ကဲ့ပါ ကိုဝင်းမော်။ မနက်ဖြန် သူ့ကို အရင်လေ့လာပါ့မယ်။ ဟော့ကောင် ပေစီ…။ မနက်ဖြန် ဒီဆိုင်မှာဆုံပြီး အောင်မောင်းဆိုင်ကို သွားမယ်ကွာ"

ပေစီက နှုတ်ခမ်းကို အောက်သို့ကွေးကာ အမြင်ကပ်စရာကောင်းလောက်အောင် မဲ့ကာပြသည်။ သူကတော့ ရင်ထဲမှာ ပေါ့ကာပျော်နေမိသည်။ မောင်မျိုးက…

"ငါရော…မလိုက်ရဘူးတော့လားကွ။ မင်းတို့ကိစ္စက စိတ်ဝင်စားစရာ ကောင်းနေလို့ပါ"

"ဟာ…ပါတာပေါ့ကွ။ ကိုဝင်းမော်ပါ လိုက်ခဲ့ပါလား"

"မနက်ဖြန်တော့ ကိုယ်မအားဘူးညီရာ။ အိမ်တစ်အိမ် အပ်ထားတဲ့ကိစ္စရှိလို့"

ကိုဝင်းမော်၏ဖခင်က လက်သမားဆရာကြီးတစ်ဦးဖြစ်၏။ ကိုဝင်းမော်ကလည်း ယခင်က လက်သမားဆရာ လုပ်သည်။ အခုတော့…လက်သမားအုပ်ဟု ခေါ်ရမည့် ကန်ထရိုက် အသေးစားကလေးတွေကို သူကိုယ်တိုင် ကန်ထရိုက်ယူကာ ဦးစီးဆောက်လုပ်သူ တစ်ဦးဖြစ်သည်။ ကိုဝင်းမော်သည် သူတို့ထဲမှာ သူနှင့် အကောင်းဆုံး Chess ပြိုင်ဖက်လည်းဖြစ်သည်။

"တစ်ခုတော့ သတိပေးမယ် ညီရာ…။ Openting မှာ တစ်ကွက်ချင်း ရွှေ့ပါ။ အမှားတော့ မပါစေနဲ့"

"စိတ်ချ ကိုဝင်းမော်…။ တိုင်ပင်စရာရှိတာကိုလည်း အားလုံးကို တိုင်ပင်မှာပါ။ ကျွန်တော်တစ်ယောက်တည်း မလုပ်ပါဘူး"

♦

www.foreverspace.com.mm



ထိုနေ့က နေရောင်ခြည်သည် ကမ္ဘာမြေပေါ်ကို အရင်နေ့တွေကလိုပဲ ကျရောက်ခဲ့တာ သေချာပါသည်။ သို့သော် သားဦးစိတ်ထဲတွင် အနည်းအကျဉ်း ထူးဆန်းနေခဲ့သည်။ နေရောင်ခြည်သည် ပိုတောက်ပနေသလိုလို၊ နူးညံ့နေသလို သစ်ပင်ကြီးများပေါ်တွင် နေရောင်ဝင်နေပုံက နွဲ့နွဲ့လျလျနှင့် ကဗျာပဲ ဆန်နေသလိုလို ထင်ရသည်။

ဒီလိုဖြစ်နေခြင်းသည် မြင့်မျိုးမြတ်အတွက် သူ ရင်ခုန်နေခြင်း မဟုတ်ဆိုတာတော့ ကျိန်းသေသည်။ ရင်ခုန်သည်ဆိုလျှင်တောင်မှ ကိစ္စအသစ်အဆန်းတစ်ခုကို ကိုယ်တိုင်ကြုံရတော့မည့် လူငယ်တစ်ယောက်၏ သွေးကြွသော ရင်ခုန်သံဟုသာ သူ ထင်သည်။ မြင့်မျိုးမြတ်ဆိုသော နာမည်ကို ကြားရကတည်းက သူ အမြင်ကပ်သည်။ ဒီလို ကိန်းကြီးခန်းကြီး နာမည်မျိုးတွေကို သူ မုန်းလေ့ရှိသည်။ သူ့ကို သားဦးဟုသာ လူတိုင်းက သိကြသော်လည်း သူ့အမည်က သားဦးမဟုတ်ပါ။ သားဦးဆိုတာက သူ့ကို မွေးပြီးတော့ သူ့မိခင်ဖခင်တို့က ချစ်စနိုးခေါ်ကြသော အိမ်နာမည်သာ ဖြစ်ပါသည်။

နောက်ကျတော့ သူ့ကို ဗေဒင်ဆရာ ဘာညာတွေနှင့် တွက်ချက်ကာ 'ချစ်နေမြဲ' ဆိုသော နာမည်ကို ပေးကြသည်။ သူက ထိုနာမည်ကို

www.foreverspace.com.mm

မုန်းသည်။ ထိုနာမည်ကို ကျောင်းအပ်ခြင်း၊ သန်းခေါင်စာရင်းလုပ်ခြင်းနှင့် မှတ်ပုံတင်ကတ် အတွင်းမှာသာ ထားသည်။ မည်သူနှင့် တွေ့တွေ့ သူက သားဦးဆိုသော နာမည်နှင့်သာ မိတ်ဆက်လေ့ရှိ၏။ သူ ကျောင်းတက်ခဲ့သည့်တစ်လျှောက်လုံး သူ့ကို သားဦးဟုသာ သူငယ်ချင်းတွေအားလုံး သိကြသည်။ ချစ်နေမြဲဆိုသော နာမည်ကို မည်သူမျှ မသိကြ။ ပေစိနှင့် မောင်မျိုးတို့ကတော့ သိကြသည်။ သို့သော် တစ်ခါမှ မခေါ်ကြ။ သူ့ကို အခုနေ ... ချစ်နေမြဲဟု နောက်က လှမ်းခေါ်လျှင်လည်း သူ လှည့်ကြည့်မိလိမ့်မည် မထင်။ စာထဲ ပေထဲတွင် 'အမည်သညာ ခေါ်စရာကား' ဟု ပါရှိသည့်အတွက် ခေါ်သောအသံသာလျှင် အမည်စစ်ဟု သားဦးထင်သည်။ အဖေနှင့် အမေပင် ထိုချစ်နေမြဲကြီးကို ပေးသာ ပေးထားသည် မခေါ်ကြ။

အခု 'မြင့်မျိုးမြတ်'ဆိုသည့် မိန်းကလေးကို အမည်ကြားရုံနှင့် သူ နည်းနည်း အထင်သေးခဲ့တာ ထိုနာမည်ကိစ္စလည်း ပါလိမ့်မည်ထင်သည်။ နာမည်တွေ ဘယ်လောက် အဓိပ္ပာယ်ရှိရှိ၊ လူကိုယ်တိုင် အဓိပ္ပာယ်ရှိမှဟု သူက ထင်သည်။

တွေးရင်းနှင့်ပင် မောင်မျိုးတို့နှင့် ချိန်းထားသော 'အောင်မောင်း' ဆိုင်သို့ ရောက်သွားသည်။

"နောက်ကျလိုက်တာကွာ.. မင်းကလဲ"

မောင်မျိုးက မကျေမနပ်နှင့် ဆိုသည်။ မောင်မျိုးက ဟိုတခြားတစ်ဘက်ရပ်ကွက်က ဖြစ်သဖြင့် သူ့ထက်စာလျှင် အောင်မောင်းဆီကို လာရတာ ပိုဝေးပါသည်။ သို့သော် ဒီကောင့်မှာက စက်ဘီးရှိသည်။ မောင်မျိုးက သူတို့နှင့်တွေ့လျှင် သူစီးနေကျ ဘဲလ်ကလွဲ၍ အဆင်တန်ဆာ ဘာမှမပါသော ကျင့်ဘီးခေါ်သည့် (ဆင်ဘီးဟုလည်း ခေါ်ကြသည်)

www.foreverspace.com.mm



စက်ဘီးကို စီးမလာဘဲ ပန်းပွားတွေ၊ ကတ္တီပါ လည်စီးတွေ၊ လယ်သာဆိုဖာတွေ စသည့် စက်ဘီးတစ်စီးတွင် ဆင်၍ရသမျှ အကုန်ဆင်ထားသော သူ့ညီမ လီလီလှ၏ စက်ဘီးကို ယူလာသဖြင့် သူပြုံးရသေးသည်။ မြင့်မျိုးမြတ်သည် ဒီလောက်အထိ စွမ်းအားရှိသလားဟုလည်း တွေးနေမိသည်။ အပြန်ကျလျှင် ဒီကောင့်ကို အိမ်လိုက်ပို့ခိုင်းဦးမှဟုလည်း တစ်ဆက်တည်း တွေးမိရင်း မြင့်မျိုးမြတ်ကိုလည်း တွေ့ချင်လာသည်။

"မင်းတို့ပြောတော့ ကိုးနာရီမှဆို…။ အခုမှ ရှစ်နာရီနှစ်ဆယ်ပဲ ရှိသေးတဲ့ ဥစ္စာ"

"ဟုတ်ပါတယ်။ ဒါပေမဲ့…မင်းကို မျှော်ရတာ ငါတို့ စိတ်ပင်ပန်းလို့ ပြောတာ"

သူ ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ ပေစိက မှာပေးသဖြင့် လက်ဖက်ရည်တစ်ခွက် ရောက်လာသည်။ သောက်ကြည့်တော့ လက်ဖက်ရည်က တော်တော်ညံ့သည်။

"ဟေ့ကောင်…။ ဟိုရှေ့ဝိုင်းကို တွေ့လား။ အဲဒါ အားလုံး ဆရာမလေးချည်းပဲ"

ပေစိပြသည့်နေရာကို လှမ်းကြည့်တော့ လူငါးယောက်ကို တွေ့သည်။ သူ့ထက်တော့ အသက်ကြီးပုံရသည်။ တချို့ဆိုလျှင် သုံးဆယ်ကျော်တွေ ရှိလောက်ပြီ။

"ပြီးတော့ ဟိုပုဏ္ဏကွယ်ကဝိုင်း…။ အဲဒါလဲ ဆရာမလေးပဲ"

သူ လှမ်းကြည့်ပြီး မျက်လုံးပြူးကာ သွားသည်။

"ဟ…အဖိုးကြီးတွေပါလားကွ။ ဟုတ်ရဲ့လား"

"သူတို့ ငယ်ငယ်တုန်းက ရင်ခုန်သံကို ပြန်ခံစားစေချင်တာရယ်၊

www.foreverspace.com.mm

ဖြစ်ပျက်ကို ရှုချင်တာရယ်၊ ရင်ထဲမှာ ကိုယ့်ကိုယ်ကို ပြောစရာစကားလေး တစ်ခွန်းနှစ်ခွန်းရအောင်ရယ် နေမှာပေါ့ကွာ''

မောင်မျိုးက ဝင်ကာ ဟာသလုပ်သည်။ သူ လှမ်းကြည့်တော့ အဖိုးကြီးတွေက စကားပြောလိုက်၊ လမ်းမကို ငေးလိုက် လုပ်နေကြ၏။

''တို့တစ်ဝိုက်းကျော်ကလည်း ဆရာမလားပဲ''

ပေစိက နောက်ကို လှည့်မကြည့်ပဲ လေသံသဲ့သဲ့ဖြင့် ဆိုသည်။ သူက မျက်လုံးအသာဝေ့ကြည့်တော့ သူ့ထက် အသက်ငယ်ပုံရသည့် ကောင်လေးတွေကို တွေ့ရသည်။ ဒီဇိုင်းတွေက အမိုက်စား။ ဆံပင်ပုံစံတွေ ကတစ်ယောက်တစ်မျိုး။ နားသံသီးတွေ ဘာတွေဝတ်လို့။ တချို့က စီးကရက် သောက်တတ်ကာစ ပုံစံမျိုးနှင့် မီးခိုးတွေကို အလကား မှုတ်ထုတ်လို့။ သူ့တို့ဝိုင်းဘေးနားက ကုလားမလေးယောက်ကတော့ လက်ဖက်ရည် နှစ်ခွက်ကို ရေနွေးရောကာ ခွဲသောက်ကြရင်း… ကုလားလိုရော ဗမာ လိုပါ စကားများလျက်ရှိသည်။

''ငါတို့ဘေးက ဝိုင်းတစ်ဝိုင်းပဲ ဆရာမလေး မဟုတ်ဘူး ထင် တယ်''

''အမှန်ပဲ ပြောရရင်တော့ တစ်ဆိုင်လုံး ဆရာမလေးပါပဲကွာ''

သူ ဘာမှမပြောတော့ဘဲ လမ်းမကို ငေးကာ ကြည့်နေမိသည်။

လူနေစိပ်သည့် ရပ်ကွက်မို့ တစ်လမ်းလုံး ရှုပ်ယှက်ခတ်ကာ နေ သည်။ ဘဲလ်သံတညံညံနှင့် ဆိုက်ကားတွေ၊ ဈေးသည်တွေ မနက်ဖက် အလုပ်ဆင်းသည့် မိန်းကလေးတွေ၊ တောင်းကြီးတောင်းငယ် ရွက်သွားကြသူ တွေ၊ ကျောင်းတက်ဖို့သွားကြတဲ့ ကျောင်းသူကျောင်းသားတွေ၊ ဆိုက်ကား ဂိတ်၊ ကားမှတ်တိုင်နှင့် တခြား လက်ဖက်ရည်ဆိုင်တွေက ဖွင့်သော သီချင်းသံတွေနှင့် ရှေ့လမ်းသည် စည်ကားကာ ဆူညံရှုပ်ထွေးနေလေသည်။

www.foreverspace.com.mm



"ပြောပြန်ရင်လည်း အပိုဖြစ်နေဦးမယ်။ ရှေ့က ဆိုင်ထဲက လူတွေ တော်တော်များများကလဲ…"

"ကဲ…တော်ပါတော့ သူငယ်ချင်းရာ… ထားလိုက်ပါတော့"

သူ့စိတ်ထဲမှာ နည်းနည်းမခံချင်ဖြစ်သွားတာလားဟု သူ တွေးနေမိသည်။ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ထိုစိတ်ကြောင့်ပင် သူ ဒီမိန်းမကို လုံးဝမယူတော့ဆိုသည့် သိန္နိဋ္ဌာန်က ပို၍ခိုင်မာသွားသည်။ စရိုက်အမျိုးမျိုးနှင့် လူအမျိုးမျိုးက တစ်ဖက်သတ်နှစ်သက်နေသော မိန်းမလေးမျိုးကို သူ လက်ထပ်ချင်စိတ် မရှိပါ။ ပေစိတ်တို့ရုပ်ကွက်က သူတို့ရုပ်ကွက်ထက် စာလျှင် ဘဝကို နေ့စဉ်ရင်ဆိုင်နေရသောလူတွေ ပိုများသည်။ ဒီလိုရပ်ကွက်မျိုးမှာ နာမည်ကြီးသော မိန်းကလေးမျိုးကို သူ့စိတ်ထဲက သိပ်မလေးစားချင်။

ထိုစဉ်မှာပင် ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကာသွား၏။ စားပွဲထိုးကလေးတွေက 'လာပြီဟေ့…လာပြီဟု အော်ကာ ဆိုင်ထဲသို့ ပြေးဝင်ကြသည်။ ဆိုင်ထဲမှာ ကိုယ့်ပုံစံနှင့်ကိုယ် နေနေကြသော လူတွေ ချက်ချင်းပုံစံပြောင်းသွားကြသည်။ ဆိုင်က ဖွင့်ထားသော ကြာနီကန်ပရိတ်ခွေ ရပ်သွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် 'ငွေသော်တာရောင်ခြည်… ထိန်လင်းတော့သည်…ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ…" ဆိုသော သီချင်းသံ ထွက်ကာလာသည်။

လူတွေရှုပ်နေသော လမ်းမပေါ်မှာ ပုံမှန်ခြေလှမ်းများနှင့် လျှောက်သွားသော ဆရာမကို သားဦး သေသေချာချာကြည့်သည်။ ကြည့်သည် ဆိုပေမဲ့ ဆိုင်ထဲက တခြားလူတွေလို ပျော်ဝင်ခံစားခြင်းမျိုး မဟုတ်။ လေ့လာမှတ်သားစိတ်နှင့် ကြည့်ခြင်းသာဖြစ်သည်။

www.foreverspace.com.mm

ဆရာမလေးသည် မနိမ့်မမြင့်၊ မပိန်မဝ၊ မဖြူမညိုနှင့် အပြစ်ခြောက်ပါး ကင်းလွတ်သည်ဟု ပြောနိုင်သည်။ မျက်နှာကလည်း အပြစ်ပြောစရာမရှိ။ သူ့ကို လူတွေဝိုင်းကြည့်နေတာကို သူ အသေအချာ သိသော်လည်း မျက်ဝန်းနှင့်နှုတ်ခမ်းတွေက မာန်တင်းထားခြင်း၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဟု မထီမဲ့မြင်ထားခြင်း မရှိ။ မျက်လုံးပေါင်းများစွာ သူ့ကို ခံစားနေသည့်အတွက် ရှက်ရွံ့စိုးရိမ်ခြင်းလည်း အလျှင်းမရှိ၊ ကြိမ်ခြင်းကလေးကို အသာကိုင်ကာ ပုံမှန်ခြေလှမ်းမျိုးနှင့်ပင် ဆိုင်ရှေ့မှ ဖြတ်ကာ လျှောက်သွားခဲ့သည်။

မေမေ ဘာကြောင့် ဒီမိန်းကလေးကို ချွေးမတော်ချင်နေရတာလဲ ဆိုတာကို သားဦး နည်းနည်းသဘောပေါက်သွားသည်။ မြင့်မိုးမြတ် မြင်ကွင်းက လွန်သွားတော့ ဟိုနှစ်ယောက်ကို စကားပြောဖို့ လှည့်ကြည့်တော့ ဒီနှစ်ကောင် ဆရာမဆီက မျက်နှာမခွာကြသေးတာကို တွေ့ရတော့ သူ တော်တော်စိတ်ခုတ်ကျကာသွားသည်။ ရေနွေးတစ်ခွက် ယူသောက်ပြီး ခွက်ကို တမင်အသံမြည်အောင် ဆောင့်ချပစ်လိုက်တော့မှ ဒီကောင်တွေ လှည့်ကြည့်ကာ မျက်နှာ ရဲခနဲဖြစ်ကာသွားကြသည်။

"အဟီး Sorry ကွာ..။ ငါလည်း မင်းအတွက် သေသေချာချာ ကြည့်ပေးနေမိတာနဲ့..."

"ကိစ္စမရှိပါဘူး...။ ရပါတယ်"

"ဘယ်လိုလဲ သားဦး။ မင်းစိတ်ပြောင်းသွားပြီ မဟုတ်လား"

မောင်မိုးက သူ ကြည့်နေတာကို အရှက်ပြေသဘောနှင့် မေးခွန်းလှမ်းထုတ်သည်။

"မပြောင်းပါဘူး။ သူ လှတယ်ဆိုတာ ငါ ဝန်ခံပါတယ်။ ဒါပေမဲ့ ဝါ မိန်းမ မယူချင်သေးတာလည်း အမှန်ပဲ။ အင်း ... ဒီပုံစံအတိုင်း

www.foreverspace.com.mm



ဆိုရင်တော့ ငါတို့ လုပ်ရကိုင်ရမှာ သတိထားရလိမ့်မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ငါတို့ လုပ်ရမှာတွေက ကိုယ်ထိလက်ရောက်တွေ ပါတယ်။ ငါ သူ့ကို မယူချင်တာဘဲ ရှိတယ်။ သိက္ခာကျအောင်တော့ မလုပ်ချင်ဘူး"

"မင်းက စိတ်မပြောင်းဘဲ မူလအစီအစဉ်အတိုင်းပဲပေါ့။ မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ သားဦး"

"မိန်းကလေးတစ်ယောက်က အထင်သေးမယ့်၊ ရွံစရာ ကြောက်စရာကောင်းမဲ့ကိစ္စတွေကို စဉ်းစားလို့ရသမျှ ငါ ချရေးထားတာ အခု ငါး ဆယ်လောက်တော့ရှိတယ်။ အဲဒီအထဲက အဆင်ပြေမယ့်ဟာ တစ်ခုခုပေါ့။ ငါ့အစီအစဉ်မှာ မင်းတို့ ကူညီရမှာတွေလည်းပါတယ်။ ဘယ့်နှယ့်လဲ"

ပေစိနဲ့ မောင်မျိုးထံမှ ချက်ချင်းစကားသံ ထွက်မလာကြ။ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ စဉ်းစားနေကြသည်။ သူတို့ ဘာစဉ်းစား နေကြသည်ဆိုတာကို သားဦး တွေးမိပါသည်။

"မင်းတို့က ဆရာမလေးရဲ့ အမုန်းကို ခံစရာမလိုပါဘူး။ ငါ့ကို ကူညီပေးရုံ ဇာတ်ပို့ပါ။ ဖြစ်နိုင်ချေရှိရင်က မင်းတို့နဲ့ ဆရာမလေးတောင် ခင်ချင်ရင် ခင်သွားနိုင်တယ်…။ စိတ်မပူပါနဲ့"

"ငါ စဉ်းစားတာ အဲဒါမဟုတ်ပါဘူး။ မင်း ပွဲကြမ်းကြီးတွေ လျှောက်လုပ်လို့ ပြဿနာတက်ပြီး လူကြီးတွေသိကုန်ရင်…"

"စိတ်ချပါ…။ ပါးပါးလေးပဲ လုပ်မှာပါ။ တစ်ခါတစ်ရံ ပါးပါး လေးက တည့်ပြောတာထက် ထိရောက်တယ်ဆိုတာကို ငါသိတယ် ပေစိ"

ပေစိက လေးလေးနက်နက် ခေါင်းကို ညိတ်သည်။ မောင်မျိုးက "မင်း ဘယ်နေ့စမှာလဲ" ဟုမေးသည်။

www.foreverspace.com.mm

"နောက် နှစ်ရက်နေရင် အစီအစဉ် စမယ်။ မနက်ဖြန်အားရင် မင်းတို့ ငါ့ဆီလာခဲ့ဦး။ တိုင်ပင်စရာ ရှိလို့…။ တချို့ဟာတွေက ဖာတ်တိုက်ထားမှ ပိုကောင်းမှာ…"

"OK စိတ်ချ။ ငါတို့လာခဲ့မယ်။ ဒါနဲ့…မင်း မနက်ဖြန် ဆက်ပြီး ဆရာမလေးကို မလေ့လာတော့ဘူးလား"

"မလိုတော့ဘူး သူငယ်ချင်း။ ငါ့အတွက်က ဒီတစ်မနက်နဲ့တင် လုံလောက်ပါတယ်"

♦ ♦ ♦

www.foreverspace.com.mm

## အခန်း (၃)

ညနေခင်းဝင်ကာစကလေးမှာ မြင့်မိုးမြတ် အေးဆေးစွာ လမ်းလျှောက်ပြီး ပြန်လာခဲ့သည်။ သူ တာဝန်ကျသော ကျောင်းကလေးနှင့် အိမ်က ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်လျှင် ရောက်သည်။ ဖေဖေက ပန်းကမ္ဘာဘီးကလေး ဝယ်ပေးမည်ဟု ပြောတုန်းက သူ ငြင်းလိုက်သည်။ စက်ဘီးစီးတာထက်စာလျှင် လမ်းလျှောက်တာကို သူ ပိုသဘောကျကြောင်း ပြန်ပြောတော့ ဖေဖေက ပြုံးသည်။

"စက်ဘီးနဲ့ဆိုတော့ ရည်းစားစကားလိုက်ပြောတာတွေ ဘာတွေ မကြုံတော့ဘူးပေါ့ သမီးရဲ့"

ဖေဖေက ရည်စားစကားအပြောခံချင်နေလို့လား ဆိုသော

သဘောနှင့် သူ့ကို ပြောခြင်းမဟုတ်ပါ။ စခြင်းသာ ဖြစ်ပါသည်။ ဖေဖေသည် ငယ်စဉ်ကတည်းက မိဘနှစ်ပါး ဆုံးမစကားကို အမြဲနားထောင်ခဲ့သော သူ့ကို အမြဲတမ်း ယုံကြည်ပါသည်။ မေမေအမွေရသည့် ခြံကြီးကို နေနိုင်လျက်နှင့်ရောင်းကာ သူ့ကျောင်းနှင့်နီးသော ဒီရပ်ကွက်ကလေးကို သူ့အတွက် တမင်ပြောင်းခဲ့ခြင်းဖြစ်သည်။

ပြောင်းကာစကတော့ ရည်းစားစကား လိုက်အပြောခံရတာမျိုး တစ်ပတ်ကို တစ်ကြိမ်တော့ ကြုံတတ်သည်။ သူ ပြန်ပြောပြတိုင်း ဖေဖေက ဘယ်တော့မှ ထိတ်ထိတ်ပျာပျာ မဖြစ်တတ်။

"အင်း…ဒါ အရွယ်ရောက်လာတဲ့ မိန်းကလေးတိုင်း ကြုံရမယ့်ကိစ္စပဲ။ ငါ့သမီးက ပိုလှတော့ ပိုကြုံရမှာပေါ့။ အတွေ့အကြုံတစ်ခုလို သဘောထားသမီး။ တစ်ခုပဲ ဖေဖေ သမီးကို သတိပေးချင်တာက ဘယ်ယောကျ်ားလေးမျိုးကိုမှ အရှက်ရအောင် မလုပ်နဲ့သမီး။ သမီးကို ဖေဖေ စိတ်ချပါတယ်"

ဖေဖေပြောသည့် သဘောကို သူ နားလည်ပါသည်။ တတ်နိုင်သမျှ ထိုနည်းအတိုင်းပင် ဖြေရှင်းခဲ့တာ အောင်မြင်တာကများသည်။ ကျောင်းကို ရောက်ပြီး တစ်လခန့်စာသင်ပြီးတော့ စာသိပ်မလိုက်နိုင်သော ကျောင်းသားတွေကို အိမ်ခေါ်ကာ စာသင်ပေးသည်။ ပထမတော့ ကျူရှင်ပေးသည်ဟု ထင်ကာ ကျောင်းသားမိဘတွေက တွန့်ဆုတ်နေကြသေး၏။ နောက်… မဟုတ်မှန်းသိတော့မှ လိုလားကြည်ဖြူစွာ လက်ခံကြသည်။

ဒီတော့ စာလိုက်နိုင်သော ကျောင်းသားမိဘတွေကလည်း သူတို့ကလေးကိုပါ သင်ပေးရန် အပ်နှံကြပြန်သည်။ မိဘဆိုတာ ကိုယ့်သားသမီးကို တော်သည်ထက် ပိုတော်ချင်သည့်ဆန္ဒက အမြဲရှိသည် မဟုတ်လား။ ဒီလိုနှင့် စနေ၊ တနင်္ဂနွေဆိုလျှင် သူ့အိမ်မှာ ကျောင်းသားလေးဆယ်ခန့်

www.foreverspace.com.mm



(တစ်တန်းလုံးနီးပါး)နှင့် ဆုညံပျော်ရွှင်လျက်ရှိသည်။ ဒီလို သူ စီစဉ်တာကို မြေးမရှိသေးဘဲ ကလေးသိပ်ချစ်သော မေမေက မကန့်ကွက်ယုံမက သူ့ ကျောင်းသားတွေကို သကြားလုံးကျွေးရ၊ ချောကလက်ကျွေးရ၊ ပါမုန့်အုန်း နို့ဆမ်း တိုက်ရ၊ ဘဲသားဆန်ပြုတ်တိုက်ရနှင့် ပျော်ရွှင်နေလေ့ရှိသည်။

ကျောင်းသားတစ်ယောက်တစ်လေ စနေ၊ တနင်္ဂနွေ မလာလျှင် မေမေသည် စိတ်ပူနေတတ်သည်။ တဖျစ်တောက်တောက်နှင့်ရှိသည်။ ဖျားသလား၊ နာသလားနှင့် နောက်နေ့ ထိုကျောင်းသားရှိရာအိမ်သို့ မေမေ ရောက်အောင်သွားလေသည်။

ဒီလိုနှင့် သူ့သတင်းက တစ်ရပ်ကွက်လုံးကို ပျံ့ကာသွားသည်။ တစ်ရပ်ကွက်လုံးက သူ့ကို လေးစားခင်မင်လာကြသည်။ 'ရုပ်ကလေးက လည်းလှ၊ စိတ်ကလေးကလည်း လှတဲ့ ဆရာမလေး'ဟု ကြင်နာမှု ပိုလာကြ၏။ သူ ကျောင်းသွားရင်း လမ်းမှာ နှုတ်ဆက်ကြတဲ့ ကျောင်းသား မိဘတွေက မနည်း။ ထိုအချိန်မှစပြီး သူ့ကို လိုက်စကားပြောကြသော အရည်အတွက် သိသိသာသာ ကျဆင်းသွားကြသည်။ ထိုလူများသည် သူတို့တူ၊ တူမများနှင့် အိမ်နီးချင်းကလေးများကို စနေ၊ တနင်္ဂနွေမှာ ကျောင်းလာပို့သူတွေ ဖြစ်သွားကြသည်။ ဒီအကြောင်းကို ပြောပြတော့ ဖေဖေက ပြုံးသည်။

"အဲဒါ သွယ်ဝိုက်သောနည်းနဲ့ သမီး အောင်နိုင်လိုက်တာပဲ ဖေဖေ သဘောကျတယ်"

"အာ…အဲဒီလိုမဟုတ်ပါဘူး ဖေဖေရာ…။ သမီးက သမီး စေတနာနဲ့ သမီးလုပ်တာပါ"

"အဲဒါပေါ့…။ အဲဒါကိုပဲ ဖေဖေပြောတာလေ။ အဲဒီ စေတနာကပဲ

www.foreverspace.com.mm



သမီးကို ပြန်ပြီး အကျိုးပေးတယ် ခေါ်ရမှာပေါ့။ ဒါမှ တကယ်နိုင်တာ"

ဒီလိုနှင့် မြင့်မျိုးမြတ်သည် ငြိမ်းချမ်းအေးဆေးစွာ ကျောင်းသွား ကျောင်းပြန်ရသော သုခကို ရရှိခဲ့ခြင်းဖြစ်သည်။

ဒီနေ့တော့…ကျောင်းအပြန် နည်းနည်းနောက်ကျသည်။ သူ့ အတန်းထဲက ထင်လင်းကျော်ဆိုသည့် ကျောင်းသားလေးတစ်ယောက် ကျောင်းနှစ်ရက်မတက်သဖြင့် အိမ်ကို သွားမေးနေရသောကြောင့်ဖြစ်သည်။ ကလေးက နွေအကုန်မိုးအကူးမှာ တစ်ခေါင်းလုံး အပူဘုကြီးတွေ ပေါက်ကာနေသည်။ ပေါင်မှာရော၊ ချိုင်းမှာရော…။ ခေါင်းမှာဆို အများဆုံး ဖြစ်သည်။

အဖေအမေတွေ ပြောသည့်စကား၊ ဘိုးအေဘွားအေတွေ ပြောသည့်စကားကို သူ စိတ်ရှည်လက်ရှည်နားထောင်ပေးရသည်။ သူ ကိုယ်တိုင် လာသည့်အတွက် ကလေးမိဘတွေကလည်း ဝမ်းသာကာ လက်ဖက်ကျွေး၊ မုန့်ကျွေးနေကြသဖြင့် သူ မှန်းထားချိန်ထက် နောက်ကျသွားသော်လည်း အိမ်က မေမေတို့ စိတ်ပူမှာကို သူ မစိုးရိမ်မိပါ။ ကျောင်းမှာကတည်းက မေမေ့ကို Phoneဆက်ကာ ပြောထားပြီးသားဖြစ်သည်။ ကျောင်းသားအိမ်ကို သူသွားရင် ဒီလိုပဲ ကြာတတ်တယ်ဆိုတာကို မေမေ သိပြီးသား ဖြစ်ပါသည်။

နောက်ဆုံး လေးနာရီထိုးပြီးတော့မှ ကလေးကို ကျောင်းစာအတွက် စိတ်မပူရန်ပြောကာ စကားအတင်းဖြတ်ပြီး ပြန်ခဲ့ရသည်။ အရင်တုန်းကဆိုလျှင်တော့ ကျောင်းအပြန်တွင် မူယာဆိုသော ကလေးမလေးနှင့် အတူပြန်တတ်သည်။ ဒီနေ့ အိမ်ဝင်စရာရှိသဖြင့် ထိုကျောင်းသူကလေးကို အရင် ပြန်လွှတ်လိုက်ရသည်။ သို့သော်လည်း မြင့်မျိုးမြတ်ရင်ထဲမှာ စိုးရိမ်ကြောင့်ကျမှု ဘာမှမရှိပါ။ ထုံးစံအတိုင်း အေးအေး

www.foreverspace.com.mm



ဆေးဆေးသာ လျှောက်လာခဲ့သည်။

စက်ရုံကွေ့ကိုရောက်တော့ ညနေ ငါးနာရီထိုးလုပြီ၊ မိုးနည်းနည်း အုံ့နေသဖြင့် အတန်ငယ်တော့ မှောင်သည်။ စက်ရုံကွေ့လမ်းက လူနည်းနည်းပြတ်သည်။ ယခင်က ချည်စက်တစ်လုံးရှိပြီး အခု မလည်နိုင်တော့သဖြင့် ရပ်ထားကြသည်။ အုတ်တံတိုင်းတွေ အပြည့်ကာထားပြီး လူနေအိမ်မရှိသဖြင့် လူပြတ်ခြင်းဖြစ်သည်။ သို့သော် စိတ်ပူစရာမရှိပါ။ ထိုလမ်းကလေးလွန်လျှင် သူနေသော လမ်းထိပ်ကို ရောက်ပြီဖြစ်သည်။

ထိုအချိန်မှာပင် သူ့နောက်ကျောကို ဆတ်ခနဲ အတွန်းခံရပြီး ယိုင်ထွက်အသွားတွင် သူ့လက်ထဲမှဆွဲခြင်းကို အတင်းဖြုတ်ယူသွားတာ ခံလိုက်ရလေသည်။ ရုတ်တရက်မို့ သူ ဘာဖြစ်လို့ဖြစ်သွားမှန်း မသိလိုက်။ သတိရတော့မှ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဆွဲခြင်း အလုခံလိုက်ရပြီဆိုတာကို သတိရကာ အထိတ်တလန့်ဖြင့် အော်မိသည်။

"လာကြပါဦး…။ ကျွန်မဆွဲခြင်းကို လုသွားလို့…။ ဆွဲခြင်းလုသွားလို့…။ ကယ်ကြပါဦး…"

သူ့အော်သံကြောင့် ဆွဲခြင်းယူပြေးသူက တုန့်ခနဲရပ်သည်။ သူ ပိုကြောက်သွားပြီး ထပ်ကြုံးအော်မိသည်။

"ကယ်ကြပါဦး…။ ကယ်ကြပါဦး…။ ဟောဒီမှာ ကျွန်မဆွဲခြင်းကို…"

ထိုအချိန်မှာပင် ဆွဲခြင်းလုသွားသူက သူ့ထံ ပြန်ပြေးလာသဖြင့် သူ့ကို တစ်စုံတစ်ရာ အန္တရာယ်ပေးတော့မည်ဟု ထင်ကာ မျက်နှာရှေ့ကို လက်နှစ်ဖက်နှင့် ရအောင်ကာကွယ်ရင်း 'အား' ခနဲ အော်လိုက်မိသည်။

"ဟာ…ဆရာမ။ မအော်ပါနဲ့…မအော်ပါနဲ့…။ ကျွန်တော် ဆေးဖိုးပြတ်နေလို့ လုမိတာပါ ဆရာမရယ်…။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

www.foreverspace.com.mm



"အား…မလာနဲ့…မလာနဲ့"

"ဟာ…ဆရာမကလည်း မအော်ပါနဲ့ဆို…။ ရှော့ဗျာ…ရှော့ ရှော့ ခင်ဗျားဆွဲခြင်း။ တော်တော်အသံပြဲတာပဲ။ တောက်…"

မိုတ်ထားသောမျက်စေ့ ပြန်အဖွင့် ရိပ်ခနဲ ဆွဲခြင်းကို ပစ်ပေးသွားတာ တွေ့လိုက်ရသည်။ ဒီတော့မှ ရဲရဲဖွင့်ကြည့်တော့ ဆွဲခြင်းက မြေကြီးပေါ် ကျနေပြီ၊ ကျောင်းခေါ်ချိန်စာအုပ်ရော ထမင်းချိုင့်၊ ကျောင်းသား သုံးလေးယောက်စာအုပ်၊ ပိုက်ဆံအိတ်နှင့် ရေနွေးခွက်။ အားလုံး မြေကြီးပေါ်မှာ ပြန့်ကြဲနေကြသည်။ သူတုန်ယင်နေသောလက်၊ ကြောက်ရွံ့နေသော ရင်ခုန်သံဖြင့် ပစ္စည်းတွေကို ကောက်ယူရန်ထိုင်တုန်း…

"ဆရာမ ဘာဖြစ်တာလဲ…ဘာဖြစ်တာလဲ" ဆိုသော အသံနှင့် ပြေးလာကြသံတွေ ကြားရသည်။

"ဆရာမ ဘာဖြစ်တာလဲ"

"ဟို…ကျွန်မ…ကျွန်မ ဆွဲခြင်းကိုလုလို့။ အဲဒါ…"

"အခု ပြေးသွားတဲ့ ကောင်လား။ ဟုတ်လား…ဆရာမ။ ဟေ့ကောင်…လိုက်ကွာ…။ လိုက်…လိုက်"

နောက်ကရောက်လာသူ နှစ်ယောက်က ဒေါသနှင့် လိုက်ရန်ပြင်သည်။ သူ ပစ္စည်းတွေ မကောက်နိုင်သေးဘဲ ထိုလူနှစ်ယောက်ကို ကမန်းကတန်း တားရသည်။

"နေပါစေ…နေပါစေတော့။ ကျွန်မပစ္စည်းတွေ ပြန်ပေးသွားပါတယ်…။ နေပါစေတော့"

"တောက်…ရပ်ကွက်သိက္ခာကျတယ်ကွာ။ ဟေ့ကောင် ပေစိ။ အဲဒါ…ဟိုကောင် ဆေးသမားမဟုတ်လား"

"ဟုတ်တယ်…မောင်မျိုး ဒီကောင်ပဲ။ တောက် မမီလိုက်တာ

www.foreverspace.com.mm



နာတယ်ကွာ။ ဒီကောင်ကွာ…လုပ်ရက်တယ်။ ဆရာမကိုမှ…"

ရင်တုန်ပန်းတုန်နှင့် ပစ္စည်းတွေကောက်နေတုန်း နောက်ရောက်လာသူနှစ်ယောက်က သူမပစ္စည်းတွေကို ဝိုင်းထည့်ပေးကြပါသည်။ သူ့ကို ကူညီမည့်သူနှစ်ဦး ရောက်လာသဖြင့် မြင့်မျိုးမြတ် တော်တော် စိတ်ထိန်းနိုင်သွားပါသည်။

"ကျေးဇူးတင်ပါတယ်ရှင်…ရပါပြီ။ ကိစ္စမရှိတော့ပါဘူး။ ကျွန်မလည်း ရုတ်တရက်ဆိုတော့…"

"ရတယ် ဆရာမ။ ကိစ္စမရှိဘူး…။ ဒီကောင် တော်တော်ကို အခြေအနေဆိုးနေပြီ ပေစိ"

မောင်မျိုးက ဆရာမလေးဆွဲခြင်းကို ပေးရင်း ပေစိကို ပြောသည်။ ပေစိက မျက်နှာကို ရှုံ့ကာ ခေါင်းကိုရမ်းရင်း…

"ဆေးကြောင်နေတာလား…ဆေးပြတ်နေတာလားမှ မသိတာ။ အရင်က ဒီလောက်မဆိုးပါဘူး။ ကဲ…ဆရာမ ဘာမှ မပူနဲ့တော့ ကျွန်တော်တို့ အိမ်အထိ လိုက်ပို့မယ် သိလား။ ဆရာမလေးအိမ်ကို သိပါတယ်…စိတ်ချ ဆရာမ။ ကျွန်တော်တို့ ရပ်ကွက်မှာတော့ ဆရာမလေးကို ဒါမျိုး ဘယ်တော့မှ အဖြစ်မခံဘူး"

"ရပါတယ်…။ ကျွန်မဘာသာ သွားပါ့မယ်"

"ဟာ…မလုပ်ပါနဲ့ဆရာမ။ ဒီလိုကောင်မျိုးက ယုံရတာမဟုတ်ဘူး။ ရှေ့မှာ ချောင်းရင် ချောင်းနေမှာ…။ မမီလိုက်တာ နာတယ်ကွာ"

သူမ ဘာမှမပြောနိုင်တော့။ အဖော်ရှိနေတာ သူ့အတွက် အကောင်းဆုံးလို့သာ သဘောထားပြီး အိမ်ကို ပြန်ရောက်ဖို့သာ စိတ်စောရင်း လျှောက်လာရသည်။ ရပ်ကွက်က စောင့်ရှောက်လို့ တော်သေးတာပေါ့ဟု … စိတ်ကိုလျှော့ကာ လမ်းလျှောက်ရသည်။ သူ့ကို ကူညီသူတွေ

www.foreverspace.com.mm



ကတော့ မမီလိုက်သော လူအကြောင်းကို ပြောနေကြသည်။ အသာကြည့် တော့ နှစ်ယောက်စလုံး လူရည်သန့်ကလေးတွေဖြစ်သည်။ အသက်ကတော့ သူ့ထက် ငယ်လိမ့်မည်ထင်သည်။ စိတ်အေးလက်အေး ဖြစ်သွားပြီမို့ ရင်ခုန်သံပြန်ငြိမ်ကာ စကားမှန်မှန် ပြောနိုင်ပြီဖြစ်သည်။

"ခုနက ကောင်လေးကို ဒီက သိလား"

"ဟား…သိတာပေါ့။ သိတာမှ ငယ်ပေါင်းသိတာ ဆရာမရေ…။ သူက ဟိုဘက်ရပ်ကွက်က။ ဆရာမ အခု စာသင်တဲ့ကျောင်းမှာ သူငယ်တန်းကလေ လေးတန်းအထိ အတူတက်ခဲ့တာ…။ လေးတန်းအောင်တော့မှ သူ့အဖေက မြို့ထဲကကျောင်းမှာ ပြောင်းထားလို့ ကွဲသွားတာ။ ပိုက်ဆံရှိသားသမီးလေ… ဆရာမရဲ့။ အခုတော့ ဒီဘဝရောက်နေတာပဲ"

"မိဘနဲ့မဆိုင်ပါဘူးကွာ…။ ဒီကောင်ကိုက ဗီဇပါတာပါ။ ဆရာမ မှတ်မိလိုက်လား"

ပေစိအမေးကို ဆရာမက ချက်ချင်းမဖြေဘဲ စဉ်းစားကာ နေသေးသည်။ 'ဝုန်း'ခနဲ အတွန်းခံရပြီး ရိပ်ခနဲ သူ့ရှေ့သို့ ရောက်လာသူ။ သို့သော် မျက်နှာကတော့ ဖြူဖြူစင်စင်ကလေးပါပဲ…။ မပီဝိုးတဝါးသာရှိသည်။

"သေသေချာချာတော့ မသိဘူး။ ရိပ်ခနဲပဲတွေ့ရတာ…။ သူက ဘယ်မှာနေတာလဲ"

"ဟိုဘက်ရပ်ကွက်မှာနေတာ ဆရာမရဲ့။ ဒီကောင့် မိဘတွေက သိပ်ချမ်းသာတာ။ ဒီကောင့်နာမည်က သားဦးတဲ့။ သားတစ်ယောက်တည်း ရှိတော့ အရမ်းအလိုလိုက်ရင်းနဲ့ နောက်ဆုံး ဒီဘဝရောက်တာပဲ။ မိဘ အပြစ်ပေါ့ ဆရာမလေးရာ…။ အခုကျမှ ဘာမှ လုပ်လို့မရတော့ဘူး။ ဒီလောက် အခြေအနေဆိုးနေတာပဲ ကြည့်တော့"

မောင်မျိုး စကားဆုံးတော့ ပေစိက ဝင်သည်။

"မင်းကသာပြောနေ…။ သူ့မိဘကတော့ သူ့ကို စန်းတင်လိုက်တာမှ သူ့သားလောက်တော်တာ မရှိတော့သလောက်ပဲ။ သူ့သားကဖြင့် ပိုက်ဆံအိတ်လုတဲ့အဆင့် ရောက်နေပြီ"

"သူ့မိဘတွေ မသိကြဘူးလား"

ဆရာမလေးအမေးကို ပေစိတို့ ဘာဖြေရမှန်း မသိ။ ဒါပေမဲ့ မောင်မျိုးက အခြေအနေကို တွက်ကာ ဖြေသည်။

"သိမှာပေါ့…။ ဒါပေမဲ့ ငွေချမ်းသာတော့ ဒီလိုပါပဲလေ။ ပတ်ဝန်းကျင်ကလည်း မပြောကြဘူးပေါ့။ ကျွန်တော်က မိအောင်ဖမ်းပြီး ထောင်ထဲပို့ချင်တာ။ ဒါမှ … သူ့မိဘတွေလည်း အမှန်ကို သိသွားမှာ"

"အို…ကျွန်မနဲ့ပတ်သက်ပြီးတော့ ဒါမျိုးတော့ မလုပ်ကြပါနဲ့ဦး။ ဒီကောင်လေးကြည့်ရတာလည်း ငယ်ပါသေးတယ်။ ဆုံးမချိန် ရှိဦးမှာပါ။ ကဲ…ကျွန်မ လမ်းထိပ်လည်းရောက်ပြီ။ ပြဿနာမရှိတော့ပါဘူး။ ကူညီတာ ကျေးဇူးပါပဲနော်"

"ဆရာမရယ်…နောက်နေ့တော့ အဖော်တစ်ယောက်နဲ့သွားပါ။ တကယ်လို့ ဆရာမမှာ အဖော်မရှိဘူးဆိုရင်လည်း ကျွန်တော်နဲ့ ဒီကောင်က"

"ကိစ္စမရှိပါဘူး…နောက်နေ့ မေမေ့ကို လာကြိုဖို့ ပြောရမှာပေါ့။ ရပါတယ်…။ ကျေးဇူးပဲနော်"

အိမ်ရောက်တော့ တော်တော်ကြီးကို နောက်ကျနေသော မြင့်မိုး မြတ်နောက်သို့ မေမေက လိုက်ရန် စီစဉ်နေချိန်ဖြစ်သည်။ သူမ ဘာမှ မပြောသေးဘဲ ရေအရင်ချိုးကာ မိသားစု ထမင်းစားကြသည်။ ထမင်း မစားခင် သူကြုံခဲ့ရသောကိစ္စကို ပြောပြလိုက်လျှင် အဖေနှင့်အမေ ထမင်း



www.foreverspace.com.mm

www.foreverspace.com.mm



စားပျက်သွားမှာကို သူ စိုးရိမ်သည့်အတွက်ဖြစ်သည်။ ထမင်းစားပြီးလို့ ဧည့်ခန်းထဲမှာ နာနတ်သီးစိတ်နှင့် ပျားရည်ဆမ်းထားသော အစားကို အချိုတည်းတော့မှ သူက အေးဆေးစွာ ကြုံသမျှကိစ္စကို ပြောပြသည်။ စကားဆုံးတော့ သူနှင့်ပတ်သက်လျှင် အမြဲတမ်း အေးဆေးတတ်သူ ဖေဖေပင်လျှင် တော်တော်စိတ်ပူသွားဟန်တူသည်။

"ဟ…ဒါမျိုးကတော့ တော်တော်တရားလွန်တာပဲ။ ဟိုဘက် ရပ်ကွက် ဘယ်အိမ်ကဆိုတာ သမီးသိသလား"

"မသိဘူး ဖေဖေ။ ကြုံလို့လုပ်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါ။ သမီးအိတ်ထဲမှာ ငွေကလည်း သိပ်ပါတာ မဟုတ်ပါဘူး"

"ငွေက အရေးမကြီးဘူးသမီး။ မတော်လို့ သမီးတစ်ခုခု အနာ တရဖြစ်ရင် ဖေဖေတို့ ရင်ကျိုးရမှာ။ ကဲ…အမေကြီး မနက်ဖြန်ကစပြီး သမီးကို ကြိုဖို့ပို့ဖို့လုပ်တော့။ ကျန်တာတွေ အရေးမကြီးဘူး။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ။ ကဲ…သမီး ဖေဖေပြောတာ ကြားတယ်နော်"

မြင့်မိုးမြတ် ဘာမှ ပြန်မပြောမိ။ ဖေဖေက မနက် ရှစ်နာရီ လောက်မှာ သူ့ရှယ်ယာဝင်ထားသော Company သို့ သွားတတ်သည်။ မေမေက သူ့ကို ကိုးနာရီလောက် ပို့ရမှာဆိုတော့ ဖေဖေ မနက်စာ စားဖို့များ ဒုက္ခရောက်နေမလား။

"ဖေဖေ့မနက်စာအတွက်များ မေမေ ဒုက္ခရောက်နေမလား"

"မရောက်ဘူးကွ။ မနက်ကို ဖေဖေ ဖြစ်သလိုစားသွားလိုက်မယ်။ ညနေမှာ သမီးကို မကြိုခင် အမေကြီးက ညနေဈေးသွားရင်း နောက်နေ့ မနက်အတွက် ဟင်းကြိုဝယ်ထားပေါ့။ ဟုတ်ပြီလား…။ အင်း…မိဘ အလိုလိုက်တဲ့ ခေတ်ကာလသားသမီးများ တော်တော်ကြောက်ဖို့ ကောင်း

ပါလား"

ဖေဖေ့စကားက မှန်ပါတယ်။ ရိပ်ခနဲ ဝဲခနဲ တွေ့လိုက်ရသည့် မျက်နှာကို သူ အသေအချာ မမှတ်မိသော်လည်း ဗီဇအရ ဆိုးဝါးကြမ်းတမ်းနေသော လူဆိုးမဟုတ်ဆိုတာတော့ သိသာသည်။ မိဘက ငွေကြေးချမ်းသာပါလျက်နဲ့ ဘာကြောင့်များ မိုက်နေရတာလဲ…ဟု သူ တွေးနေမိသည်။

♦



www.foreverspace.com.mm

www.foreverspace.com.mm



စီစဉ်ခဲ့သမျှ တော်တော်လေး အဆင်ပြေခဲ့သော်လည်း အဓိက ကိစ္စနှစ်ခုက သူလိုချင်သလို မရသည့်အတွက် သားဦး စိတ်ပျက်နေခဲ့သည်။

ပထမတစ်ချက်က သူ့နာမည်ကို 'သားဦး' ဟု ပြောခဲ့သည့်ကိစ္စ၊

"ငါတို့ကလည်း မင်းကို ခေါ်နေကျနာမည်ပဲ နှုတ်က ထွက်တာကွ။ ချစ်နေမြဲဆိုတာကြီးကို သတိကို မရဘူး"

မောင်မျိုးပြောတာ မှန်ပါသည်။ နေ့စဉ် တွေ့နေသော အဖေနှင့် အမေပင် မခေါ်သည့်ကိစ္စ သူငယ်ချင်းတွေကို အပြစ်တင်နေစရာမရှိ။ ပြီးတော့ ဒီကိစ္စကလည်း သိပ်အရေးမကြီးလှ။ အဖေနှင့်အမေသည်ပင်လျှင် မင်္ဂလာစကားပြောကြမည်ဆိုလျှင် 'သားဦး' ဆိုသောနာမည်ကိုပဲ သုံးမှာ သေချာသည်။ ခက်နေသည်ကိစ္စက ဆရာမလေးက သူ့ကို မမှတ်မိလိုက်ဘူး ဆိုတာပဲ ဖြစ်သည်။

ဒါကလည်း ရုတ်တရက် ကြောက်လန့်သွားချိန်မှာ မိန်းကလေး တစ်ယောက်အတွက် ဖြစ်နိုင်သည်။ ကျန်သည့်ရလာဒ်တွေကတော့ မဆိုးလှ။ နောက်နေ့မှာ သူ့မိခင် လိုက်ပို့မည်ဆိုတာကလည်း ကောင်းနေသည်။ နှစ်ယောက်ဆိုတော့ ပိုသေချာတာပေါ့ဟု သားဦး တွေးလိုက်သည်။

www.foreverspace.com.mm



"ငါ…မင်းတို့ကို အပြစ်မတင်ပါဘူးကွာ…။ နှစ်ထပ်ရှိမှ မှတ်မိဆိုတာ ဗမာစကားပုံမှာလည်း ရှိတာပဲ။ တို့ နောက်တစ်ကြိမ် ထပ်ကြိုးစားကြသေးတာပေါ့။ နောက်ထပ်အစီအစဉ်သစ်တစ်ခု ဆိုပါတော့"

"မင်း ဘာထပ်လုပ်ဦးမှာလဲ သားဦး။ ငါ…ငါတို့ကရော ပါရဦးမှာလား"

အထိတ်တလန့်မေးနေသော မောင်မျိုးကို ကြည့်ကာ သားဦး ရယ်ချလိုက်သည်။

"ပါရမှာပေါ့ကွ။ ဒါပေမဲ့ စိတ်ချပါကွာ…။ ဆရာမလေးက မင်းတို့ကို ပိုတောင် ခင်သွားဦးမှာ။ ငါက ငါလိုချင်တာပဲ ရချင်တာ…။ သူ ငါ့ကို မှတ်မိရအောင်လေ။ ဒါဆို ပြဿနာက ပြီးပြီ"

"မနက်ဖြန်ပဲလား သားဦး။ အစီအစဉ်က ဘာလဲ"

ပေစိစကားကို သူ ရုတ်တရက်ပြန်မပြောဘဲ သူရှာထားသည့် မိန်းမလေး မုန်းတီးရေး အစီအစဉ်အကြောင်းအရာတွေကို ပြန်စဉ်းစားနေမိသည်။ အမှန်တော့ မိန်းမတစ်ယောက် မုန်းဖို့ဆိုတာ တော်တော်ကို လွယ်ပါသည်။

"တစ်ခုတော့ရှိတယ်ကွ။ နွေမှာ အရမ်းပူတော့ လူတွေက မိုးကို တကြိတယ်။ ပထမဦးဆုံး စရွာတဲ့အိုးက အရသာအရှိဆုံး၊ အမှတ်မိဆုံးပဲ။ အေး…မိုးဆိုတာ နေ့တိုင်းရွာနေရင်လည်း လူတွေ စိတ်ညစ်ကြပြန်ရော။ မှတ်မိစေချင်ရင် ရက်ခြားကလေး ရွာပေးရတယ်။ ဒီတော့…နောက် နှစ်ရက်ခြားမှာ ဒုတိယအစီအစဉ်ကို စမယ်။ အေး…စမဲ့နေ့မှာ ဘာဆိုတာ မင်းတို့ကို မနက်ခင်း ပြောမယ်ကွာ"

"ဘာလဲ သားဦး…။ မင်းက ငါတို့ကို မယုံကြည်တဲ့ သဘောလား"

မောင်မျိုးက ဒေါ်သတကြီးမေးသည်။ သို့သော် သူ မှန်ပါသည်။ သူ့စိတ်ထဲမှာက ဒီလောက်လှသည့် ဆရာမလေးနှင့် ရင်းနှီးသွားသော သူတို့ဆီမှာ ကျွန်တော့်စကားတွေ၊ အစီအစဉ်တွေ ပေါက်ကြားသွားမှာ ကျွန်တော် စိုးရိမ်နေသည်ဟု ထင်ဟန်တူသည်။

"မဟုတ်ပါဘူး သူငယ်ချင်း...။ ငါလည်း ငါရွေးထားတဲ့ နည်းပေါင်း ငါးဆယ်ကျော်ထဲက ဘယ်နည်းကို သုံးရမှန်း မသိသေးလို့ပါ။ ငါရွေးပြီးတာနဲ့ မင်းတို့ကို တိုင်ပင်မှာပါ။ စိတ်ချ..."

♦



www.foreverspace.com.mm

www.foreverspace.com.mm

ဒီနေ့ မိုးည ညနေခင်းမှ ဖွဲဖွဲကလေးရွာသည်။

ဟိုအရင်ကလိုနေ့မျိုးဆိုလျှင်တော့ ဒေါ်မြသီ အပြင်ထွက်ဖို့ မဆိုထားနှင့် ဆေးပူပူတွေလိမ်းကာ အိပ်ရာထဲမှာ ကွေးနေရုံသာရှိသည်။ အခုတော့ သမီးအတွက် စိတ်မချ။ အသက် ၅၀ ကျော်အရွယ်မှ ရသည့် အဆစ်အမြစ်တွေကိုက်ခြင်း၊ အအေးထဲထွက်ပြီးလျှင် အိပ်မရအောင် အကြောတက်ခြင်း ဝေဒနာတွေကိုလည်း ဂရုမစိုက်အား။ လူပြတ်သော လမ်းမှာ သမီးကလေးကို ကြိုဖို့တစ်ခုသာ စိတ်ဝင်စားရသည်။

Dove ထီးကလေးကို ဆောင်းကာ အိမ်ကို တံခါးပိတ်ပြီး ခပ်သွက်သွက်ထွက်ရင်း သမီးကလေးအတွက် အဖော်ကောင်းတစ်ယောက် ရဖို့ အမြန်စီစဉ်မှပဲဆိုတာကိုလည်း စဉ်းစားမိသည်။ သူ့မှာ လင်သားသာ ရှိခဲ့လျှင် သူ ဒီလိုမိုးရေထဲကို ထွက်စရာမလိုတော့။ သမီးကညာ အခါ မလင့်စေနဲ့ဆိုတာလည်း ရှိတယ်မဟုတ်လား . . .။

အတွေးနဲ့လာရင်း သမီးကို လုကြသည်ဟူသော စက်ရုံကွေ့ထိပ်က ညောင်ပင်ကြီးနားကို ရောက်တော့ ရင်ထဲမှာ ထိပ်သွားသေး၏။ 'ငါ့လို အဘွားကြီးတော့ ဘယ်သူမှ မလုပါဘူး' ဟု စိတ်ကို တင်းကာ လျှောက်ရသည်။ သမီးတို့ဖေဖေ မှာထားသည့်အတိုင်း ရှိသမျှ လက်ဝတ်ပစ္စည်း

www.foreverspace.com.mm



တွေကို အကုန်ချွတ်ထားခဲ့သဖြင့် ဒေါ်မြင့်သမီမှာ လုစရာဆိုလို့ ထီးတစ်ချောင်းသာ ရှိပါသည်။ ကြောက်ကြောက်နှင့် ကြည့်တော့မှ ညောင်ပင်ကြီးခြေရင်းမှာ လူတစ်ယောက် လဲနေတာကို မြင်ရ၏။ ရင်ထဲမှာ မိုက်ခနဲဖြစ်သွားကာ အသိဉာဏ်ကို အမြန်ထိန်းရသည်။ ဒေါ်မြသီ ဒီနေရာ မရောက်ခင်ဘဲ ရိုက်ပြီး လုသွားလေသလား…။

အတွေးမဆုံးခင်မှာပင် လဲနေသူက 'အင့်' ခနဲ ငြီးကာ တစ်ဘက်သို့ လှည့်သည်။ ဒေါ်မြသီလည်း ကြောက်ကြောက်နှင့် ညောင်ပင်နှင့် ဝေးဝေးကို ခွာကာ ခပ်သုတ်သုတ်သွားလေသည်။ ညောင်ပင်နှင့် တော်တော်ဝေးသည်အထိ သူ့နောက်က ဘာခြေသံများ ပါလာမလဲဟု နားစွင့်ရသည်။ ဘာခြေသံမှ မကြား၊ နောက်ကိုလည်း ပြန်မကြည့်ရဲ။ 'သမီးကို ယောက်ျား ပေးစားတော့မှ…ပေးစားတော့မှ' ဟု ရင်ထဲမှာ အခါတစ်သိန်းလောက် အော်နေမိသည်။

ဒေါ်မြသီ စက်ရုံလမ်းကို ကွေ့သွားသည်နှင့် သားဦး အိပ်နေရာမှ ထကာ ထိုင်သည်။ လမ်းချိုးနံဘေးကလေးက ချောင်းကြည့်နေသော ပေစိနှင့် မောင်မျိုးတို့လဲ အနားရောက်ကာလာ၏။

"အကယ်ဒမီရှော့ပဲ…။ အဖွားကြီး တော်တော်လန့်သွားတာကွ။ ပြေးလိုက်တာ တန်းနေတာပဲ"

"တွေ့သွားတာ သေချာရဲ့လား"

သားဦးက သူ့ကိုယ်မှာပေနေသော သဲတွေကို ခါကာ မေးသည်။ ဒီညောင်ပင်ကြီးက အရိပ်ကောင်းလို့ တော်ပါသေးရဲ့ဟုလည်း တွေးရသေး၏။ အဖေနှင့်အမေသာ သူ့အဖြစ်ကိုတွေ့လျှင် ဦးနောက်သွေးကြောတွေ နှစ်ခါလောက် ပြတ်ကုန်မှာ သေချာသည်။

"သေချာတယ် သူငယ်ချင်း။ မင်းလည်း တစ်ဘက်စောင်းရော

အဘွားကြီး လန့်ပြေးတာ ငါရော ဒီကောင်ရော မြင်တယ်''

ညောင်ပင်ကြီးက အရိပ်ကောင်းသော်လည်း တစ်နေ့လုံး တစ်ဖွဲဖွဲရွာနေသောမိုးကြောင့် မြေကြီးက အေးစက်ကာ စိုထိုင်းနေ၏။ ဒီလိုမြေကြီးပေါ် အိပ်ရတာ ဖိမ်တော့ရှိသားဟု တွေးမိသည်။ မိန်းမ မလိုချင်တဲ့ကောင် ဒီလောက်တော့လဲ ခံရဦးမှာပေါ့ဟု ကိုယ့်စိတ်ကို အားတင်းထားရသည်။

''မြေကြီးက အရမ်းအေးတာပဲကွ။ နောက်ထပ် ဆယ်မိနစ်လောက်တော့ ကြာဦးမှာ မဟုတ်လား။ ကျောင်းအရောက်သွားအကြို…''

''ပြောမရဘူး သားဦး။ မင်း ပြန်အိပ်နေတာ ပိုကောင်းမယ်ထင်တာပဲ''

''အာ…မဖြစ်ဘူးကွ။ မြေကြီးက အရမ်းအေးတာ။ ပြီးတော့ အရက်နံ့ကလဲ ငါမခံနိုင်ဘူးကွာ။ ဒီတော့ ဒီလိုလုပ်…။ ပေစီက စက်ရုံလမ်းထိပ်က သွားစောင့်။ လာပြီဆိုရင် အချက်ပေးပြီးပြေးလာ…။ ငါ အဲဒီကျမှ ပြန်လှဲမယ်။ ဟေ့ကောင်…ငါ့ကို အရက်ပုလင်း ပေးထားဦး။ မောင်မျိုး…မင်းက ပေစီအချက်ပြတာကို စောင့်ကွာ…''

သားဦးစကားဆုံးသည်နှင့် ညောင်မြစ်ပျဉ်းကြီးပေါ်တက်ကာ ရပ်သည်။ မိန်းမတစ်ယောက် ရဖို့တော့မသိ၊ မရဖို့ကတော့ တော်တော်ခက်ပါလားဟုတွေးရင်း ရယ်လည်း ရယ်ချင်နေမိသည်။ ပေစီက လမ်းထိပ်ကို ထွက်ကာ သွားသည်။ မောင်မျိုးက သူ့ကို အရက်ပုလင်းပေး၏။ ပေစီအချက်ပြမှပဲ သူ့ကိုယ်ပေါ်ကို အရက်လောင်းချတော့မည်ဟု တွေးကာ ညောင်မြစ်ပျဉ်းကြီးပေါ်မှာ အားရပါးရ နားနေမိသည်။

♦



www.foreverspace.com.mm

www.foreverspace.com.mm



"မေမေ...ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့လဲ ...မေမေ"

ပုံမှန်လမ်းလျှောက်နေရာမှ မိခင်ဖြစ်သူက သူမကို လမ်းဘေးဆွဲချကာ ခပ်သုတ်သုတ်သွားနေသဖြင့် သူ တအံ့တသြ မေးမိခြင်းဖြစ်သည်။

"ဘာမှမဖြစ်ဘူး သမီး။ လာလာ...မြန်မြန်သာလာ"

မေမေ့ပုံစံ ထူးခြားနေသည့်အတွက် မြင့်မျိုးမြတ် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်တော့မှ လမ်းထိပ်သျောင်ပင်ကြီးအောက်မှာ လဲနေသော လူတစ်ယောက်ကို သွားတွေ့လေသည်။

"ဟာ...မေမေ...ဟိုမှာ လူတစ်ယောက် လဲနေပါလား"

"အို...သူ့ဘာသူ လဲလဲသမီးရယ်...။ မူးရူးပြီး လဲနေတာနေမှာပေါ့။ အမေ သမီးကို ကြိုဖို့လာကတည်းက လဲနေတာ။ လာ...လာသမီး"

"လဲနေတာ ကြာပြီ။ ဟုတ်လား...။ အင်း...ဒုက္ခပဲ မိုးက တစ်နေကုန် ရွာထားတာ မေမေရဲ့"

သူ ပြောရင်းဆိုရင်း လဲကျနေရာဘက်သို့ လှည့်ဝင်ဖို့ ကြိုးစားတော့ အမေဖြစ်သူက အတင်းဆွဲကာ ထားသည်။

"မသွားနဲ့သမီး မသွားနဲ့...။ မမြင်ဝံ့ မတွေ့ဝံ့တာတွေ ဖြစ်နေရင် အလကား ကိုယ့်အမှုပတ်နေလိမ့်မယ်။ လာပါ သမီးရယ်...။ မေမေ

www.foreverspace.com.mm



ကြောက်လို့ မသွားပါနဲ့''

''မကြောက်ပါနဲ့ မေမေရဲ့။ အကူအညီလိုတောမျိုးဖြစ်ရင် ခက်မယ်''

သူ မေမေ့ကို အားပေးရင်း အနားသို့ မရဲတရဲကပ်ရသည်။ လူလုံးသဲကွဲလောက်သည့်နေရာကိုရောက်တော့ တစ်ဘက်သို့လဲနေသူက ခေါင်းလန်ကာ ကျလာသဖြင့် မျက်နှာကို မြင်လိုက်ရသည်။

''ကဲ···မယ်မင်းကြီးမရယ်···လာပါဟဲ့။ ဒီမှာ ငါကြောက်လို့ သေလိမ့်မယ်။ သူ့ဘာသာ ဘာဖြစ်ဖြစ် နေစမ်းပါစေ''

မေမေ အရမ်းကြောက်နေတာကို သိရတော့မှ သူမ အမေ့အနားကို ပြန်ရောက်လာပြီး ခက်သွက်သွက် အိမ်သို့ပြန်ရသည်။ မေမေက အပြန်လမ်းတစ်လျှောက်လုံး တပြစ်တောက်တောက် လုပ်လျက်ရှိသည်။

''ကိုယ်က ကူညီချင်တာ စေတနာထားတတ်တာတော့ မှန်တာပေါ့။ လူကောင်းသူကောင်းဆို ထားစမ်းစေတနာ၊ ကူညီစမ်း။ ဒီလို ဘာမှန်းမသိဘဲနဲ့ လဲနေတဲ့လူကို ဘာမှ ကူညီနေစရာမလိုဘူး။ ဘယ်ကမှန်းမသိ၊ ဘာမှန်းမသိ၊ ဘာဖြစ်နေမှန်း မသိဘဲနဲ့···ဟာကို''

သူ မေမေဆုံးမစကားကို ဘာမှ ပြန်မပြောပါ။ သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာက လဲနေတဲ့လူရဲ့မျက်နှာကို မြင်ဖူးသလိုရှိနေခြင်းဖြစ်သည်။ သို့သော် ဘယ်သူလဲဆိုတာကိုလဲ သူ စဉ်းစား၍မရ။

''ဒီလမ်း အသွားအပြန်ကတော့ သမီးအတွက် တစ်ခုခု စဉ်းစားဦးမှပါ။ တစ်နေ့က လုတဲ့လူနဲ့ တွေ့တယ်။ ဒီနေ့···မူးလဲနေတဲ့လူနဲ့ တွေ့တယ်။ ဒီလမ်းက သမီးအတွက်တော့ အန္တရာယ်လမ်းပဲ''

မေမေ့စကားကြောင့် သူ့အသိဉာဏ် တစ်ချက်လင်းကာသွားသည်။ ဟုတ်တယ်···။ ဟိုတစ်နေ့က ဆေးဖိုးပြတ်လို့ သူ့ဆီက ပိုက်ဆံအိတ်ပါတဲ့

www.foreverspace.com.mm

ခြင်းကို ဝင်လုတဲ့လူပဲ။ အခုလည်း ဆေးပြတ်ပြီးပဲ လဲနေသလား။ ဆေးလွန်ပြီးပဲ လဲနေသလား။ တစ်နေ့လုံး စွေထားတဲ့ မိုးအရှိန်နဲ့ မြေကြီးပေါ်မှာ ဒီလိုဆက်လဲနေရင် အခြေအနေမကောင်းလှ။ မေမေ ကျောင်းကြိုလာကတည်းက လဲနေတာဆိုတော့ ဘယ်တုန်းကတည်းက လဲနေပါလိမ့်။ ဒီအတိုင်းသာ ဆက်ထားလျှင် အဆုပ်အအေးပတ်တာနှင့် မာလကီးယားဖို့က များသည်။ သူ့မိဘတွေက ချမ်းသာတယ်ဟု ဟိုတစ်နေ့က သိရသည်။ ခက်တာက သူ့မိဘအိမ်ဆိုတာကို သေသေချာချာ မမေးထားလိုက်ရ။ သိလျှင် သွားအကြောင်းကြားရသေးရဲ့။ ဒီအတိုင်းဆိုရင်တော့ မလွယ်။ အတွေးထဲ စကားပြောရင်း သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"မေမေ…သမီး မော်မော်တို့အိမ် ခဏဝင်ဦးမယ်"

မေမေက ခဏရပ်ကာ သူ့ကို တစ်ချက်ကြည့်သည်။ မော်မော်ဆိုတာက လမ်းထဲမှာ သူနှင့်အခင်ဆုံး သူတို့အိမ်မျက်စောင်းထိုးက ကောင်မလေးဖြစ်သည်။

"အေး…အေး…။ သိပ်တော့ မကြာစေနဲ့နော် သမီး"

♦

www.foreverspace.com.mm



သားဦး ထထိုင်ကာ အားရပါးရ ရယ်သည်။

လမ်းချိုးကလေးထဲမှာ ပုန်းနေသော ပေစိနှင့် မောင်မျိုးတို့လည်း ထွက်ကာလာသည်။ မောင်မျိုးတို့လည်း ပြုံးကာ သူ့ကို လက်မထောင်ပြရင်း အနားရောက်လာ၏။

"သတ္တိကတော့ မသေးဘူးနော်…။ အနားကပ်ပြီး ကြည့်မလို့တောင် လုပ်သေးတာ။ သူ့အမေကြီးက အရမ်းကြောက်နေလို့သာ"

ပေစိကပြောရင်း ညောင်မြစ်ပေါ် ဝင်ကာထိုင်သည်။ သားဦးလည်း ရေစိုနေသော မြေကြီးပေါ်က ထကာ ပေစိဘေးမှာဝင်ထိုင်ရင်း…

"ငါ့မျက်နှာကို မြင်သွားတယ်ဆိုတာ သေချာရဲ့လား"

"သေချာလောက်တယ်ကွ။ သူ အနားအကပ် မင်းမျက်နှာဒီဘက်စောင်းတော့ သူ တစ်ချက်တုန့်ခနဲ ရပ်လိုက်တာ ငါတွေ့တယ်။ ပြီးတော့ မင်းကို ခဏစိုက်ကြည့်နေသေးတယ်…။ ပြီးမှ ထွက်သွားတာ"

"ဟုတ်တယ်…။ ငါလည်း တွေ့တယ်"

အင်း…ဒါဆိုရင်တော့ သူ့အကြံအစည် အောင်မြင်လောက်ပြီဟု သားဦး တွေးရသည်။ ဆေးဖိုးပြတ်လို့…ဆွဲခြင်းကိုလုတဲ့ ဘိန်းသမားမျိုး၊ မူးရူးပြီး လမ်းဘေးမှာ လဲကျနေတဲ့ အရက်သမားမျိုးကို ဒီလို ဣန္ဒြေ

www.foreverspace.com.mm



သိက္ခာနှင့် ကျောင်းဆရာမလုပ်နေတဲ့သူ မပြောနဲ့ သာမန်မိန်းကလေး တစ်ယောက်တောင်မှ ယူချင်မည်မထင်။ ဘယ်လို မိန်းကလေးမျိုးပဲဖြစ်ဖြစ် သူတို့အိမ်ထောင်ရေးကိုတော့ လှပချင်ကြတာပဲ မဟုတ်လား။ ငြိမ်းချမ်း ချင်ကြတာပဲ မဟုတ်လား…။

"ဒါဆိုရင် ဒီရွှေ့ကွက်နှစ်ကွက်နဲ့တင် Opening ရော၊ Middle ကိုရော ငါအနိုင်ရသွားပြီး။ Ending ကလည်း ဘာဖြစ်မယ်ဆိုတာ သိနေ ပြီပဲ…။ အဆင်ပြေပြီပေါ့ကွာ"

သားဦးစကား ဆုံးဆုံးချင်း ပေစိ၏ အထိတ်တလန့်အသံက ပေါ်လာသည်။

"ဟေ့ကောင် သားဦး။ ဟိုမှာ ဆရာမလေး ပြန်လာနေပြီကွ လာနေပြီ"

သားဦး အထိတ်တလန့်လှမ်းကြည့်တော့ အဖြူအစိမ်းနှင့် ဆရာမ။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ ညောင်ပင်ကြီး ကွယ် နေသဖြင့် သားဦးကိုတော့ မမြင်နိုင်သေး။ သားဦး ကမန်းကတန်း ပြန်လှဲကာ အိပ်ရသည်။

"ဟေ့ကောင်…ငါတို့က ဘာလုပ်ရမှာလဲ။ ပြေးရမှာလား။ ဟိုမှာ လာနေပြီကွ"

"မပြေးနဲ့တော့…။ ငါ့ကိုတွေ့လို့ သေသလား၊ ရှင်သလား ရပ်ကြည့်နေတယ်ပဲပြော။ သူ မမှတ်မိရင် ဟိုနေ့က ဆွဲခြင်းလုတဲ့ကောင်လို့ တစ်ခါတည်း အပြီးပို့လိုက်။ ကျန်တာ ငါကြည့်လုပ်မယ်။ မင်းတို့လည်း အခြေအနေကြည့်လုပ်ကြတော့"

♦

www.foreverspace.com.mm

ညောင်ပင်အောက်မှာ လူနှစ်ယောက်ကို တွေ့လိုက်ရသဖြင့် သူ အားတက်ကာ သွားသည်။ အနားရောက်တော့မှ ဟိုတစ်နေ့က သူ့ကို လိုက်ပို့သည့် နှစ်ယောက်ဖြစ်မှန်း သိရသည်။

"ဘယ်လိုနေသေးလဲဟင်"

"ဟာ…ဆရာမလေး ဘယ်ကလာတာလဲ။ ဟာ…မလာနဲ့ ဆရာမလေး မလာနဲ့။ ဆရာမလေးနဲ့ မသင့်တော်ဘူး။ ပြန်တော့နော်"

"ကျွန်မ ခုနက ဒီက ဖြတ်သွားကတည်းက တွေ့တာ။ ခုနက မေမေနဲ့မို့ အခု တစ်ခေါက်ပြန်လာတာ။ သူတို့နဲ့တွေ့တာ အတော်ပဲ။ အသက်ရော ရှိသေးရဲ့လားဟင်"

"ရှိတယ်ထင်တယ် ဆရာမ။ ခုနက တစ်ချက်လှုပ်တာတော့ တွေ့တယ်။ ဘာမှမဟုတ်ပါဘူး။ အရက်မူးပြီး လဲနေတာပါ။ ကိစ္စမရှိပါဘူး"

ပေစိတို့စကားတွေက သိပ်မဆိုးလှ။ အခုလောက်ဆိုရင် ဆရာမလည်း သူ့မျက်နှာကို သေသေချာချာ တွေ့ခွင့်ရသွားပြီဟု သားဦး အိပ်နေရင်းက တွေးရသည်။

"ဘယ့်နှယ့် ကိစ္စမရှိရမှာလဲ။ မူးပြီး အိမ်ထဲလဲနေတာဆိုရင်

www.foreverspace.com.mm



တစ်မျိုးပေါ့။ အခုဟာက ရေအစိုကြီးထဲမှာ…။ ဒုက္ခဖြစ်ကုန်လိမ့်မယ်။ ဒါ…ဟိုနေ့က ကျွန်မခြင်းကို လုတဲ့လူ မဟုတ်လား။ မိဘများမြင်ရင် ဘယ်လောက်ရင်နာလိုက်မလဲ မသိဘူး။ ကဲ…ကဲ…ပြောမနေနဲ့။ အသက် ရှိသေးတယ်ဆိုရင် သူ့အိမ်ကို လိုက်ပို့ကြရအောင်"

'မြတ်စွာဘုရား ကယ်တော်မူပါ' ဟု သားဦး ထိတ်လန့်တကြား တွေးမိသည်။

ဟိုကောင်တွေလည်း ပြောင်းလဲသွားသော အခြေအနေအရ ဘာပြောရမှန်း သိဟန်မတူ။ သူ ဘာလုပ်ရမလဲ။

"ဟာ…ကျွန်တော်တို့ မပို့ရဲဘူးဆရာမ။ သူ့အိမ်က မကျေနပ်ရင် ကျွန်တော်တို့ အလကား ပြဿနာတက်နေလိမ့်မယ်"

"ကျွန်မပါ လိုက်မှာပါ။ ကျွန်မ ရှင်းပြမယ်။ စိတ်ချ…။ ကဲ… မမှာသာ မပါ။ ကျွန်မတို့ တွဲလို့ မသင့်တော်လို့။ ဒီအတိုင်းထားရင် ကိစ္စများကုန်လိမ့်မယ်"

ဟိုကောင်တွေ ဘာဆက်လုပ်ရမှန်း မသိတော့။ သားဦးကတော့ အကြံတစ်ခုရသဖြင့် ဒီကောင်တွေ အမကို အသာလေးငြိမ်ကာ စောင့်နေ လိုက်သည်။

မောင်မျိုးနဲ့ပေစိ ဘာလုပ်ရမှန်းမသိတော့။ သားဦးကို မကာ တွဲကာ သူ့အိမ်ကို သွားပို့လို့ကတော့ ပြဿနာအကြီးအကျယ်တက်ပြီ ဆိုတာကို သိသည်။ ဆရာမကလေးကလည်း လိုက်ဦးမှာဆိုတော့…။ သွားပြီ…။ မောင်မျိုး တစ်ချက်စဉ်းစားကာ…

"ဒီလိုကောင်မျိုးအတွက် သိက္ခာကျခံမနေပါနဲ့ ဆရာမလေးရယ်။ ဆရာမလေး ပြန်သာပြန်ပါ"

'ဟုတ်သားပဲ မျိုးရယ်…။ သူတို့ ပို့ပေးမယ်ဆိုလဲ ပြီးတာပဲ…။

www.foreverspace.com.mm



ပြန်ရအောင်ပါ''ဟု ဆရာမနှင့် အတူပါလာသော ကောင်မလေးက ဝင်ကာ ပြောသည်။

''မဖြစ်ဘူးမော်မော်။ သူတို့က အခုပို့မယ်ပြော၊ အခု မပို့ဘူး ပြောနဲ့။ ကဲ…လုပ်ပါ။ မပြီး တွဲသာတွဲပေး။ တွဲလေ…''

ပေစိနဲ့မောင်မျိုးလည်း ဘာမှ မတတ်နိုင်တော့။ ဆရာမပုံစံက သူတို့ ဆွဲမထူလျှင် သူကိုယ်တိုင် ဆွဲထူတော့မည့်ပုံ ဖြစ်နေသဖြင့် ဟိုကောင်တွေ သားဦးကို အသာမကာ ထူရသည်။ မတ်တပ်ရပ်လိုက်သည်နှင့် အရက်နံ့က ထောင်းခနဲထွက်လာသဖြင့် ဆရာမက နှာခေါင်းရှုံ့သည်။ မော်မော်က လက်ကိုင်ပဝါနှင့် နှာခေါင်းကို အုပ်သည်။

''ဟေ့…ဘယ်သူလဲ၊ ဘာလုပ်တာလဲ။အေ့… ဘာဖြစ်တာလဲ။ ဘာလဲ''

ဆွဲထူပြီးကာစ ပေစိနှင့်မောင်မျိုးလက်ကို ပုတ်ချကာ ကြုံးအော်လိုက်သဖြင့် အားလုံး ကြောင်သွားကြသည်။ မောင်မျိုးတို့လည်း ဘာပြန်ပြောရမှန်းမသိ။ ရုတ်တရက်လည်းဖြစ် ကြိုတင်တိုင်ပင်ထားခြင်းလည်း မရှိသဖြင့် မှားသွားမှာ ကြောက်တာလည်း ပါသည်။

''ပြောလေ…။ ကျုပ်ဘာသာ အိပ်နေတာကို ဘာဖြစ်လို့ လာနှိုးကြတာလဲ''

''ဟို…ဟို…ဆရာမက အိမ်ကို ပို့ရမယ်ဆိုလို့…''

ပေစိက မရဲတရဲ ပြောသည်။

''ဆရာမ…။ ဘယ်က ဆရာမလဲ။ အေ့…ဘာမှမသိဘူးသွား…။ ငါ အေးအေးနေတာ လာမနှောင့်ယှက်နဲ့''

''နှောက်ယှက်တာ မဟုတ်ဘူး။ မြေကြီး ရေအစိုကြီးမှာ မှူးရူးပြီး လဲနေတာ…အအေးမိပြီး သေသွားမှာစိုးလို့ ပြောနေတာ''

"အံမာ…သေတော့ရော ဘာဖြစ်သေးလဲ။ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

သားဦးစကားကြောင့် ဆရာမ ဘာပြန်ပြောရမှန်းမသိ။ စကားသံတိတ်သွားသည်။ ပြီးတော့ သားဦးကို အသေအချာစိုက်ကြည့်ကာ နေ၏။ သားဦးက အင်္ကျီစုတ်နှင့် လုံချည်စုတ် တစ်စုံရှာကာ အသေအချာ ဝတ်ထားပါသည်။ ပြီးတော့ သူ့နှုတ်ခမ်းမွေးနှင့် ပါးသိုင်းမွေးတွေက တစ်ပတ်လောက်မရိတ်ဘဲထားလျှင် ငုံးတိတိအဆင့်တော့ ရှိတတ်သည်မဟုတ်လား။ သူ့ပုံစံသည် တကယ့်လူပေလူလွင့်တစ်ယောက်နှင့် တူနေနိုင်ပါသည်။ သားဦးက အေ့ခနဲ လေချဉ်ကို တက်ကာ ကိုယ်ကို ယိုင်ပြလိုက်သည်။ အင်္ကျီမှာ အရက်ပုလင်း တစ်ပြားလုံး လောင်းထားသည့် အနံ့က ဘေးလူတော့ မသိ။ သူပင်လျှင် အန်ချင်နေပြီ။

"အေး…ငါတို့နဲ့တော့ မဆိုင်ဘူး။ နင်သေမှာစိုးလို့ စေတနာနဲ့ တစ်ခေါက်လာကြည့်တာပေ့…သိရဲ့လား။ လာပါမျိုးရယ်…သွားရအောင်။ ဒီလိုကောင်မျိုးနဲ့ ဆက်ဖြစ်မနေပါနဲ့"

မော်မော်က ဒေါသနှင့်ပြောရင်း ဆရာမလေးကို ဆွဲသည်။ ဆရာမလေးက မော်မော်ဆွဲသောလက်ကို အသာဖြည်ကာ…

"ဒီမှာ…။ မင်း ငယ်ငယ်ကလေးပဲ ရှိသေးတာကွာ…။ ဘာဖြစ်လို့ ဆိုးချင်တေချင်၊ မိုက်ချင်နေရတာလဲ။ မင်းလုပ်နေပုံနဲ့ မင်းမိဘတွေ ဘယ်လောက် အရှက်ရကြမလဲ။ မင်း ငယ်ပါသေးတယ်ကွာ…။ ပြုပြင်မယ်ဆိုရင် ရနိုင်ပါတယ်။ မင်းဘာဖြစ်လို့ ဒီလိုလုပ်နေရတာလဲ…။ တစ်ခါလည်း မင်း ငါ့ဆွဲခြင်းကို လုပြီးပြီ မဟုတ်လား"

မြင့်မျိုးမြတ်စကားကြောင့် နံဘေးနားက မော်မော် အံ့အားသင့်သွား၏။ သားဦးကတော့ ခန္ဓာကိုယ်ကို ယိမ်းထိုးရင်း တဟားဟား



www.foreverspace.com.mm

www.foreverspace.com.mm



အော်ကာရယ်သည်။ သို့သော် ညောင်မြစ်နှင့်တိုက်ကာ တစ်ချက်ယိုင်ကာသွား၏။ မြန်မာဗီဒီယိုနှင့် ရုပ်ရှင်ကားတွေထဲက မင်းသားတွေ အရက်မူးသလို Over အိုက်တင်မဖြစ်ရအောင်လဲ သူ့ကိုယ်သူ သတိထားရသေးသည်။

"ဟား…ဟား…ဟား…ဟား…ဟား…ဟုတ်တယ်။ ကျုပ်ခင်ဗျားဆွဲခြင်းကို ဆေးပြတ်တုန်းက လုဖူးတယ်။ မကျေနပ်ရင် ထောင်ထဲထည့်လိုက်။ ဂရုမစိုက်ဘူး။ ခင်ဗျား ကျုပ်ကို လာမဆုံးမနဲ့။ ကျုပ်ဘဝကို ကျုပ်ပိုင်တယ်။ ကျုပ်နေချင်သလို နေမယ်။ အဲဒါအပြင် ဘာမှ စိတ်မဝင်စားဘူး။ ဒီမှာ…ခင်ဗျား ကျုပ်ကို သနားသလား"

သားဦးအမေးကို ဆရာမ ရုတ်တရက် ပြန်မဖြေ။ သားဦးကို စိတ်ပျက်စွာ၊ ဝမ်းနည်းစွာ ငေးကြည့်နေသည်။ ပြီးမှ…

"ဟုတ်တယ်…။ ငါ မင်းကိုကြည့်ရတာ နည်းနည်းကလေးမှ စိတ်မချမ်းသာဘူး။ မင်း ပြုပြင်မယ်ဆိုရင် အချိန်ရှိပါသေးတယ်ကွာ…။ ပြောတာ နားလည်ရဲ့လား"

"ဆုံးမစကားတွေကို ကျုပ် စိတ်မဝင်စားဘူး။ ကျုပ် ဘာဖြစ်ဖြစ် ခင်ဗျားနဲ့လည်း မဆိုင်ဘူး။ ကျုပ်ဘာသာ အိပ်နေတာကို ခင်ဗျားတို့ လာနှောင့်ယှက်တဲ့အတွက် ကျုပ်ကို လျော်ကြေးပေးရမယ်။ ပိုက်ဆံ ၂၀၀ ပေး။ ကျုပ် အရက် ထပ်သောက်ချင်တယ်။ ဒါပဲ…"

"ငါ့မှာ ပိုက်ဆံမပါဘူး။ အေး… ပိုက်ဆံပါလဲ မင်းလို လူမျိုးကို တစ်ပြားမှ မပေးဘူး"

"OK လေ…OK ။ အဲဒါဆိုလဲ ကိုယ့်အိမ်ကိုယ်ပြန်၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်အမိပွါယ်နဲ့ကိုယ်နေ…။ နောက်တစ်ခါ ကျုပ်ကို လာမနှောင့်ယှက်နဲ့…။ ဒါပဲ"

ပြောပြီးသည်နှင့် သားဦး ညောင်ပင်ကုန်းကလေးက ထွက်ခဲ့သည်။ မြင့်မျိုးမြတ်က စိတ်မသက်သာစွာနှင့် ငေးကာကြည့်နေသည်။ ပေစိနှင့် မောင်မျိုးလည်း ဘာလုပ်ရမှန်း မသိ။

"လာပါ မျိုးရယ်...။ ဒီလိုလူမျိုးတွေ ဒီစကားမျိုးနဲ့ တိုးမပေါက်တော့ပါဘူး။ ပြန်ရအောင်ပါ"

"ဟုတ်တယ်...ဆရာမလေး။ ဒီလိုကောင်မျိုးတွေက စေတနာနဲ့ တန်တာမဟုတ်ဘူး။ ပြောမနေနဲ့တော့။ ကဲ...ကျွန်တော်တို့လည်း သွားမယ်"

မောင်မျိုးတို့ သားဦး ထွက်သွားရာဘက်သို့ ထွက်လာခဲ့သည်။ ဆရာမလေးတို့လည်း ထွက်သွားကြ၏။ လမ်းကြားရောက်တော့ သားဦး စောင့်နေတာ တွေ့ရသည်။ သူငယ်ချင်း သုံးဦး ဖက်ကာ အားရပါးရ ရယ်မောကြသည်။

"ပွဲပြီးသွားပြီ သူငယ်ချင်း...။ လုံးဝ ပွဲပြတ်ပဲ။ မင်းတို့ အခြေအနေအရပြောတဲ့ စကားတွေလည်း ကောင်းတယ်ကွ။ တိုင်ပင်ထားတာ မဟုတ်တော့ ပိုသဘာဝကျတာပေါ့"

"မင်း ဘာမှ ထပ်လုပ်စရာမလိုတော့ဘူး မဟုတ်လား"

"ဆရာမနဲ့ပတ်သက်လို့ မလိုတော့ဘူး။ အိမ်ကို ပြောဖို့ပဲ လိုတော့တယ်။ မြန်မြန် စေ့စပ်လိုက်ပါလို့"

အဲဒီနေ့ အိမ်ပြန်ရောက်တော့ ရေစိုနေသည့် မြေကြီးပေါ်မှာ တစ်နာရီနီးပါး လှဲခဲ့ရတာရော ရင်ဘတ်ကို အရက်နဲ့ လောင်းထားရတာရောကြောင့် သားဦး ဖျားလေသည်။

♦



www.foreverspace.com.mm

www.foreverspace.com.mm



စဖျားသည့်နေ့ တစ်ရက်၊ အဖျားတက်သည့်နေ့ တစ်ရက်နှင့် အဖျားကျသည့်ရက် သုံးရက်စလုံးတော့ သားဦး အိမ်ထဲမှာပဲ နေရလေသည်။ တော်တော်ကြီးမားတဲ့ ပေးဆပ်မှုတစ်ခုဟု သားဦးယူဆသည်မှ တစ်ပါး ဘာနောင်တမှ မရခဲ့ပါ။ ထမင်း စစားနိုင်သော လေးရက်မြောက်နေ့မှာ ဖေဖေနှင့် တည့်တည့်တိုးလေသည်။

သို့သော် သားဦး ဖေဖေ့ကို အေးဆေးစွာပင် ရင်ဆိုင်ပါသည်။ အဲဒီပွဲက သူ အေးအေးဆေးဆေး မမှားအောင် အကွက်ရွှေ့နိုင်လျှင် နိုင်ပြီဆိုတာ သူ သိထားပါသည်။

"ဘယ်လိုလဲ သားဦး…။ မင်း လေ့လာပြီးပြီလား"

ဖေဖေသည် သွယ်ဝိုက်ပြီး စကားပြောသည့် ဉာဏ်မျိုးကို ဘယ်တော့မှ ရမှာလဲဟု သူ သွားတွေးမိသည်။ မြင့်မျိုးမြတ်၏ အဖေကိုပင် 'ဟော့ကောင်…မင်းသမီးကို ငါ့သားနဲ့ ပေးစားချင်တယ်' လို့များ ပြောခဲ့မလား…။ အများကြီး ဖြစ်နိုင်ပါသည်။

"ဟော့ကောင်…ငါမေးနေတယ်"

"အာ…ဖေဖေကလဲ။ တစ်ပတ်ဆယ်ရက်နဲ့ မိန်းကလေး တစ်ယောက်ကို အစအဆုံး ဘယ်လိုသိနိုင်မှာလဲ"

www.foreverspace.com.mm



ဖေဖေက သူ့ကို မျက်လုံးလှန်ကာ မော့ကြည့်သည်။ ဒီနေ့ ဖေဖေ ပေါင်မုန့်ထောပတ်သုတ်နှင့် ကောဖီကို မသောက်ပါ။ မေမေ စီစဉ်ထားသည့် ပဲပြုတ်နှင့် ထမင်းကြော်ကို စားပြီး ရေနွေးကြမ်းပူပူကို သောက်ပါသည်။

"မိန်းမတစ်ယောက်ကို လေ့လာဖို့ မင်းကို ငါက ဂြိုဟ်တုတစ်လုံး ဆောက်သလောက် အချိန်ပေးရမှာလား"

ဖေဖေ့ဟာသက သိပ်မရယ်ရပါ။ သို့သော်… သွားရယ်မိလျှင် ဖေဖေက မကြိုက်တတ်။ ဒီလိုစကားမျိုးပြောပြီဆိုလျှင်တော့ ဒီနေ့ ဖေဖေ့ စိတ်အခြေအနေသည် သာမန်နေ့တွေထက်တော့ ရွှင်မြူးနေဟန် တူသည်ဟု သားဦး မှတ်ချက်ချရသည်။

"အဲဒီလောက်လည်း မဟုတ်ပါဘူး ဖေဖေ၊ သား သူ့အကြောင်းကို လေ့လာသင့်သလောက်တော့ လေ့လာပြီးပါပြီ"

"အင်း…ပြောစမ်းပါဦး"

"သူတို့ရပ်ကွက်ထဲမှာနေတဲ့ သားသူငယ်ချင်းတွေဆီက သူ့အကြောင်းကိုစုံစမ်းတယ် ဖေဖေ။ ပြီးတော့…သူ့ကို မြင်ဖူးအောင် မနက်ကျောင်းသွားနဲ့ ညနေကျောင်းအပြန်မှာ ကြည့်တယ်… လေ့လာတယ်"

"သြော်…ဒါကြောင့် ငါ့သားလေး မနက်စောစောနဲ့ ညနေဆို ပျောက်နေတာကိုး…"

မေမေက အပြုံးနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ဝမ်းသာအားရ ဝင်ထောက်ခံသည်။ အမှန်တော့ ဒီအရင်နေ့တွေတုန်းကလည်း မနက်နဲ့ ညနေဆို ကျွန်တော် တစ်ခါမှ အိမ်မှာမရှိတတ်ပါ။ မြင့်မိုရ်မြတ်အတွက် သွားနေတယ်ဆိုတာကို သိရလို့ မေမေက ဝမ်းသာနေတာတော့ ဖြစ်နိုင်ပါသည်။

www.foreverspace.com.mm



"အဲဒီတော့ ဘာပြောစရာရှိသလဲ"

"သား ကြားခဲ့သမျှ သိခဲ့သမျှနဲ့ မြင့်သမျှမှာတော့ ဘာမှပြောစရာ မရှိဘူးဖေဖေ။ ဒါပေမဲ့ သား သူ့ကို အနီးကပ် လေ့လာချင်သေးတယ်"

"ကောင်းပြီ…။ ဒါဆိုရင် မနက်ဖြန်ညနေ မျိုးဆက်ကို အကြောင်းကြားပြီး သူတို့အိမ် သွားမယ်။ ငါ မင်းတို့ကို မိတ်ဆက်ပေးမယ်"

"ဟာ…သားလေ့လာချင်တာက အဲဒီလိုမျိုး မဟုတ်ဘူး ဖေဖေ မေမေ့ကို ပြောပြီးပြီ"

"ဟုတ်တယ် ကိုလေး။ သားပြောတဲ့သဘောက ဒီလို…ဒီလို"

မေမေက သူပြောပြသည့် ကိစ္စကို ဖေဖေ့အား ရှင်းပြနေသည်။ ဖေဖေက ဘာတစ်ခွန်းမှ မပြောဘဲ ထမင်းကြော်ကို လက်စသတ်လိုက်၏။

"သူတို့ တစ်သက်လုံး လက်တွဲရမှာဆိုတော့ သူတို့ချင်း ကျေနပ်တာ ကောင်းပါတယ်နော်… ကိုလေး"

"အေးပေါ့လေ…။ ငပြူးက ပြန်ပြဲတယ်ဆိုတာ ဒါမျိုးနေမှာပေါ့။ ငါစိုးရိမ်နေတာက မျိုးဆက်သမီးက ဒီကောင့်ကို ယူပါ့မလားလို့။ ကဲ… ထားတော့။ မင်းကို ငါ အချိန်တစ်လပေးမယ်…။ မင်းလုပ်စရာရှိတာတွေ လည်း ရှိသေးတယ်။ ငါပြောတာ သေသေချာချာနားထောင်။ ဒီနေ့ နေ့လည် နှစ်နာရီမှာ မင်း ဆရာစံလမ်းက Mr. Guitar ဆိုင်ကိုသွားပြီး ငါ့သူငယ်ချင်း နေထွဋ်ရဲ့ မန်နေဂျာနဲ့ ဒုမန်နေဂျာကို တွေ့ရမယ်…။ ကိစ္စက… မင်းကို သူတို့ Company မှာ အလုပ်ခန့်ဖို့ကိစ္စ"

"ခင်ဗျာ…။ အလုပ်ခန့်ဖို့"

သူ တော်တော် အံ့သြကာ မေးလိုက်ခြင်းဖြစ်ပါသည်။ ဖေဖေက

သူ့ကို လှည့်မကြည့်ဘဲ ရေနွေးကြမ်းတစ်ခွက်ကို သောက်သည်။ သဘော ကတော့ သူ အာမေဋိတ်အသံဖြင့် မေးတာမှန်တယ်ဆိုသည့် သဘောသာ ဖြစ်သည်။

"မင်းကို ငါက အလုပ်မရှိ အကိုင်မရှိဘဲနဲ့ မိန်းမပေးစားမယ်လို့ များ မင်း ထင်နေသလား။ ဟိုဘက်မှာက အလုပ်ရှိတယ်၊ ဂုဏ်ရှိတယ်။ မင်းမှာက ဘာရှိလို့လဲ"

"ဒီလိုတော့ မပြောပါနဲ့ ကိုလေးရယ်…။ အလုပ်ရှိမှုဆိုတာတော့ ဟုတ်ပါတယ်…။ အဲဒီတော့ သားကို ကိုလေး Company မှာပဲ"

"ဒီမှာ မြလေး…။ မင်းတို့က ဒါပဲ သိတာ။ စေ့စပ်လို့ မေးကြပြီ ဆိုပါစို့…။ မင်းသား ဘာအလုပ်ရှိလဲဆိုရင်… ငါ့ကုမ္ပဏီမှာဆိုတော့ ဒီကောင် ဘာဖြစ်မှာလဲ။ အဖေက Company ထောင်လို့ အဲဒီမှာ အလုပ်ရှိတဲ့သားကို ဘယ်သူက လေးစားမှာလဲ။ ဒါကြောင့် သူ့ကို တခြား Company မှာ လုပ်ဖို့ပြောရတာ။ ဟော့…ယောက်ျားဆိုတာ ကိုယ့်ဘာသာ ကိုယ် လုပ်တဲ့အလုပ်တစ်ခုရှိမှ ဂုဏ်ရှိတာကွ။ သိရဲ့လား…"

ဖေဖေ့၏ ဒေါသသံသည် သူ့နားထဲသို့ ကျယ်လောင်စူးရှစွာ ဝင်၍သွားသည်။ ဖေဖေသည် သူ့ဂုဏ်သိက္ခာကို စေတနာနှင့် ပြောနေ မှန်း သူ သိပါသည်။ သို့သော် လူငယ်ပီပီ မခံချင်စိတ်ကလည်း အပြည့် ရှိသည်။ ဖေဖေသည် သူ့ကို ကိုယ့်အားကိုယ်ကိုးကာ အလုပ်တစ်ခု မရှာခဲ့သည့်အတွက် အထင်သေးနေပုံလည်း ရှိသည်။ မြင့်မျိုးမြတ်နှင့် ယှဉ် အပြောခံလိုက်ရသဖြင့် သူ တော်တော်လည်း နာသွားသည်။ အစ ကတည်းက အလုပ်တစ်ခုခု မလုပ်ခဲ့တာကို ယူကြုံးမရ ဖြစ်မိသည်။ ဖေဖေ၏ ရည်ရွယ်ချက်သည် သူ့ကို ဒီလိုပဲ ခံစားစေချင်တာဆိုလျှင်တော့ ဖေဖေ အောင်မြင်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm



"ကောင်းပြီ ဖေဖေ…။ ဒါဆို သား ကိုယ့်အစွမ်းအစနဲ့ကိုယ် အလုပ်တစ်ခုခုရှာပါ့မယ်။ ဖေဖေ ကူညီတာကိုတော့ သား မလိုချင်ဘူး"

"အောင်မယ်လေး…မောင်မင်းကြီးသား။ ငါက မင်းကို ကူညီမယ်များ ထင်သလား။ ဝေးသေး။ အေး… ကူညီတယ်ဆိုရင်လည်း တစ်ခုပဲရှိတယ်။ အလုပ်ခေါ်တဲ့လျှောက်လွှာက ပိတ်သွားပြီ။ အဲဒါကို Extensionနဲ့ လျှောက်လွှာလက်ခံအောင် ငါပြောပေးထားတယ်။ စာမေးပွဲ ဖြေတာ၊ လူတွေ့စစ်တာ အားလုံးက မင်းကိစ္စပဲ။ မင်းညံ့ရင် ငါ ဘယ်လိုမှ မကယ်နိုင်ဘူး"

"ရာထူးက ဘာလဲ ဖေဖေ"

"ဒုတိယမန်နေဂျာ။ ငါ့သူငယ်ချင်းရဲ့ MP နှစ်ယောက်နဲ့ မင်း တွေ့ရမယ်။ လျှောက်လွှာဖြည့်ရမယ်။ လူကြီးလူကောင်းတွေနဲ့ တွေ့ရမှာ ဆိုတော့ မင်းအခုပုံစံနဲ့တော့ မဖြစ်ဘူး။ ငါ့ဂုဏ်သိက္ခာကိုငဲ့ပြီး သပ်သပ် ရပ်ရပ်တော့ သွားပေါ့ကွာ။ ဒါပဲ"

ဖေဖေက ပြောပြီး အိမ်ပေါ်တက်သွားသည်။ ဒီနေ့ စနေနေ့မို့ ဖေဖေ အလုပ်သွားစရာမရှိပါ။ သူ လက်သီးကို ဆုပ်ထားလိုက်မိသည်။ သူ အလုပ်မလုပ်ဘူးဆိုတာ မလုပ်ချင်လို့ဘဲ ဖြစ်သည်။ သူသည် လူညံ့ တစ်ယောက် မဟုတ်ဆိုတာတော့ သူ့ကိုယ်သူ သိသည်။

"သား…ဖေဖေ့ကို စိတ်မဆိုးနဲ့နော်။ သူက ဒီလိုပဲ။ သြော်… သား နေ့လယ်သွားရင် နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်တွေ ဘာတွေ အကုန်ရိတ်ပါ သားရယ်။ ဆံပင်လည်း ညှပ်လိုက်။ ဟုတ်ပြီလား…"

"စိတ်ချ မေမေ…။ ကျွန်တော် အဲဒီရာထူးကို ရအောင် ဖြေပြ မယ်"

♦

www.foreverspace.com.mm



Mr. Guitar ၏ နေ့လည်ပိုင်းသည် တိတ်ဆိတ်ငြိမ်သက်ကာ နှစ်လိုဖွယ် ကောင်းနေပါသည်။

အလင်းရောင်ကလည်း ခပ်မှိန်မှိန်မို့ သူ သဘောကျသော အနေအထားဖြစ်သည်။ ဆိုင်ထဲမှာ လူကလည်း သိပ်မများလှ။ Freddy Mercury ၏ သီချင်းတစ်ပုဒ်ကို တိုးတိုးကလေး ဖွင့်ကာထားသည်။ ယဉ်ကျေးသည့် စားပွဲထိုးကလေးက Menu Card ကို လာပေးတော့ သူ ထမင်းစားလာခဲ့ပြီးသားမို့ လီမွန်ရည်တစ်ခွက်ကိုသာ မှာလိုက်သည်။

နေကောင်းပြီးကာစလည်းဖြစ်၊ မျက်နှာပေါ်က မုတ်ဆိတ်ကျင်စွယ်တွေကို ရိပ်ပြီးကာစလည်းဖြစ်၊ မာနကလည်း စထားကာစဖြစ်သဖြင့် သူ့တစ်ကိုယ်လုံးသည် ပေါ့ပါးကာ အသစ်ဖြစ်နေသည်ဟု သူထင်သည်။ အခုမှ ဖောက်လိုက်ကာစ နို့စိမ်းတစ်ဘူးလို့ သူ့အရသာက ဆိမ့်နေသည်။ အခုမှ ဝယ်လာကာစ ဓါးတစ်ချောင်းလို သူ တောက်ပထက်မြနေသည်။

လူကြီးလူကောင်း စတင်ပီသရန်အတွက် သူ ချိန်းထားချိန်ထက် မိနစ်အစိတ် စောရောက်အောင် သူ လာခဲ့ပါသည်။ သူနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှားယွင်းမှုကိုမှ ဖေဖေ မကြားစေရဟု သူ သန္နိဋ္ဌာန် ချထားပြီးဖြစ်သည်။ ဖြစ်နိုင်လျှင် ဒီနေ့ ဒီဆိုင်မှာပင် သူတို့ Interview ကို

ဖြေပစ်လိုက်ချင်သည်အထိ သူ စိတ်ဓာတ်တက်ကြွနေမိသည်။ ရောက်လာသည့် လိမ္မော်ရည်ကို တစ်ငုံသောက်ရင်း သူ အရာရာအတွက် ပြင်ဆင်ထားလိုက်မိသည်။

အမှန်ဆိုလျှင် ဒီနေရာအထိ လိုက်လာဖို့ မကောင်းဟု မြင့်မိုးမြတ်တွေးမိသည်။ သို့သော် ကိုမင်းဦးသည် ကိုယ်ကျင့်တရားကောင်းသော ကျောင်းဆရာတစ်ယောက်ဆိုတာကို သူမ ယုံပါသည်။ Mr.Guitar ၏ ခပ်မှိန်မှိန်အလင်းရောင်မှာပင် ကိုမင်းဦး၏ အသားအရည်က ဝင်းလဲ့စွာပေါ်နေသည်။ တော်တော်အသားလှတဲ့လူပဲဟုတော့ စိတ်ထဲမှာ ချီးမွမ်းမိပါသည်။ သို့သော် ထိုချီးမွမ်းမှုသည် ကိုမင်းဦးပြောပြီးသွားသော ရည်းစားစကား (သို့မဟုတ်) မေတ္တာစကားကို ထောက်ခံသော အချက်တစ်ချက်တော့ မဟုတ်ပါ။ ကောင်းတာမြင်လျှင် မှတ်ချက်ပေးချင်သော မိန်းကလေးတို့၏ စိတ်ထားမျိုးသာ ဖြစ်ပါသည်။

"အင်း…ဆရာမက ဆလာမီတွေကိုလည်း ကုန်အောင်မစားဘူး။ စားလေ…ဆရာမရဲ့"

"ဒါမျိုးတွေက ကျွန်မ သိပ်မကြိုက်ဘူး ဆရာ။ အိမ်မှာ ငါးပတ်ငပိကောင်ချက်နဲ့ သီးစုံကုလားဟင်းချက်တယ်…။ ကျွန်မက အဲဒါမျိုးပဲကြိုက်တာ"

"ကျွန်တော်ကတော့ လွဲပြီးရင်းလွဲပဲဆိုပါတော့။ နစ်ရှေးကပြောဖူးတယ်။ လူဟာ ကိုယ့်ကိုကိုယ်ပဲ သိနိုင်တာတဲ့။ ကိုယ်ကလွဲပြီး တခြားတစ်ယောက်ကို သိနိုင်တယ်ဆိုတာ အလကားတဲ့"

"ဒီဆရာ ဘယ်ဆိုးလို့တုန်း။ ဟုတ်သားပဲ…"

"ဆက်ပြောသေးတယ် ဆရာမရဲ့…။ မဆုံးသေးဘူး။ တခြားတစ်ယောက်ကို သိနိုင်တာ တစ်ခုတော့ရှိတယ်။ အဲဒါ… မေတ္တာတဲ့။



www.foreverspace.com.mm

www.foreverspace.com.mm



မေတ္တာဆိုတာက လိုက်လျောတဲ့သဘောရှိလေတော့ အားလုံးကို သိနိုင်တယ်တဲ့။ ကျွန်တော်လည်း ဒီလိုပါပဲဗျာ…"

ကိုမင်းဦးနှင့် သူမသည် ကျောင်းတစ်ကျောင်းထဲ အတူဖြစ်သည်။ ကိုမင်းဦးက သူမထက် ငါးနှစ်စောပြီး ကျောင်းကလေးကို ရောက်နေတာဖြစ်သည်။ သူမ ပြောင်းမလာခင်က ကိုမင်းဦးက ဆရာအလုပ်မှ ထွက်တော့မည်ဟုဆိုတာ ထွက်စာတင်ထားသည်ဟု ဆိုသည်။ သူမ ဒီကျောင်းကလေးကို ရောက်လာတော့ ကိုမင်းဦးက ထွက်စာကို ပြန်ရုပ်သိမ်းသည်ဟု ဆရာမ စံပါယ်က ရယ်ရယ်မောမော ပြောပြသည်။ ကိုမင်းဦးသည် ငွေကြေးမချမ်းသာတာကလွဲရင် မိန်းကလေးတစ်ယောက်အတွက် သင့်တော်သော ယောကျ်ားတစ်ယောက် ဖြစ်ပါသည်။ သို့သော် သူမအတွက်ကတော့ အိမ်ထောင်ရေးသည် ဖေဖေနှင့် မေမေ၏ သဘောထားက ရာခိုင်နှုန်းတော်တော်များများ ပတ်သက်နေသည့်အတွက် ဘာကိုမှ အလွန်အကျွံ ခံစားလေ့မရှိပါ။

"ကျွန်တော့်ကို အဖြေလေးတစ်ခုလောက် ပြောင်းမပြေးနိုင်ဘူးလား ဆရာမရယ်"

"ဆရာရယ်…။ ကျွန်မ ပြောပြီးပြီပဲ။ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ အိမ်က မိဘတွေကို ကျွန်မ မလွန်ဆန်နိုင်ပါဘူးလို့။ ဖြစ်နိုင်ရင်တော့ အဖေတို့နဲ့ လာတွေ့ကြည့်ပေါ့ ဆရာရဲ့"

ကိုမင်းဦးက ခေါင်းကို ရမ်းကာ သက်ပြင်းကို ချသည်။ ဖေဖေတို့မေမေတို့နှင့် လာတွေ့ဖို့ကျတော့လည်း ကိုမင်းဦး စိုးရွံ့နေပုံ၊ ထိတ်လန့်နေပုံ ရပါသည်။

"ဆရာမဆီက အဖြူအမဲ မသဲမကွဲဘဲနဲ့၊ ဆရာမမိဘနဲ့ ဘယ်လိုလာတွေ့ရမှာလဲ"

www.foreverspace.com.mm

မြင့်မျိုးမြတ် ဘာမှပြန်ပြောဘဲ မျက်နှာလွှဲလိုက်ချိန်တွင် သားဦးကို သွားတွေ့ခြင်း ဖြစ်ပါသည်။ ပထမ ရုပ်ချင်းဆင်တာများလားဟု တွေးမိသေးသည်။ သူ တွေ့ဖူးခဲ့တဲ့ပုံစံနဲ့ အခုပုံစံက တော်တော်ကြီး ခြားနားနေသည် မဟုတ်ကလား။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေအားလုံး ရိတ်ထားသည်။ ဆံပင်ကိုလည်း တိုတိုပါးပါးကလေး ညှပ်ထား၏။ ကော်လံလည်ကတုံး အင်္ကျီအဖြူနှင့် လုံချည်ကို သေသေသပ်သပ်ဝတ်ကာထားသည်။ မျိုး တော်တော်ဝမ်းသာသွားသည်။

"ဆရာ…ခဏနော်။ ကျွန်မ အသိတစ်ယောက်တွေ့လို့"

ဖတ်စရာစာအုပ်တစ်အုပ်လောက်ယူခဲ့လျှင် အကောင်းသားဟု သားဦး တွေးနေမိသည်။ ဟိုဘက်က အချိန်တိကျမည်ဆိုလျှင်တောင်မှ နောက်ထပ် ဆယ်မိနစ်လောက် စောင့်ရဦးမည်ဖြစ်သည်။ ထိုအချိန်မှာ ပင်သူရှေ့ကိုဝင်ထိုင်ကာ မြင့်မျိုးမြတ်ကို မြင်လိုက်ရသဖြင့် 'ဗြုန်း'ခနဲ မြွေတစ်ကောင်ကို တွေ့လိုက်ရသလို ထခုန်မိမတတ် အံ့သြထိတ်လန့်သွားခဲ့သည်။ မြင့်မျိုးမြတ်က နှစ်လိုဖွယ်ပြုံးရင်း…

"မင်းတစ်ယောက်တည်းလား…။ ဘယ်သူ့ကို စောင့်နေတာလဲ"

ရုတ်တရက်မို့ သားဦး ဘာပြန်ပြောရမှန်းမသိ။ ဘာစကားလုံးမှလည်း စိတ်ကူးထဲမှာ မရှိ။ အကုန် ဟာလာဟင်းလင်း ဖြစ်နေသည်။ ဆရာမက သူ့ကို ဝမ်းသာအားရ ပြုံးပြသည်။

"ဝမ်းသာတယ်ကွာ။ ကဲ…ကြည့်ပါဦး။ ဟိုတစ်လောကပုံနဲ့ အခုပုံ ကျက်သရေ ဘယ်လောက်ကွာသလဲ။ မှားတာကို မှားမှန်းသိပြီး ပြောင်းလဲရဲတဲ့ လူကိုမှ လူတော်လို့ ခေါ်တာ"

"အစ်မ လူမှားနေပြီထင်တယ်။ ကျွန်တော် ဘာမှ နားမလည်ဘူး"

"မမှားပါဘူးကွာ…။ မင်းမှ မင်း သေချာပါတယ်။ အဲဒီနေ့က

www.foreverspace.com.mm



"ကိုသားဦး ဟုတ်ပါတယ်နော်"

သားဦး ဘာမှမတတ်နိုင်တော့။ ဟုတ်ကြောင်း ပြန်ဖြေရသည်။ ပြီးတော့ ရှေ့ဆုံးကလူက ဆရာမကို တစ်ချက်ကြည့်ရင်း သူ့ကို လက်ကမ်းပေးသဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ ထိုလူနှစ်ဦးစလုံး ဝင်ထိုင်ပြီးတော့မှ ဆရာမက ထသည်။

"ကဲ…တို့သွားမယ်နော်။ ခွင့်ပြုပါဦးရှင်"

နှုတ်ဆက်ပြီး ထသွားသော ဆရာမကို ဝင်လာသူနှစ်ယောက်က လိုက်ကြည့်ကြသည်။

"ကိုသားဦး… မိတ်ဆွေလား"

"ဟုတ်ပါတယ်"

"တော်သေးတာပေါ့ဗျာ…။ ကျွန်တော်တို့က ကိုသားဦးရဲ့ ဘာညာ ဘာညာထင်လို့ နှုတ်ဆက်တော့မလို့"

သားဦး ဘာမှမပြောနိုင်တော့။ သက်ပြင်းသာ ချနိုင်သည်။ ထို့နောက် အလုပ်ကိစ္စ ပြောပြသည်။ Form ဖြည့်ရသည်။ စာမေးပွဲ ရေးဖြေက သုံးဘာသာ။ အင်္ဂလိပ်၊ အထွေထွေဗဟုသုတနှင့် မန်နေဂျာ ဘာသာ။ သူလေ့လာသင့်သည့် စာအုပ်တွေကို ပြောပြသည်။ လေ့ကျင့်ကျက်မှတ်ချိန်က ဆယ့်ရှစ်ရက်သာ ရှိတော့၏။ ဖြေဆိုမည့်သူအားလုံး ခြောက်ဆယ့်နှစ်ယောက်။ ရွေးမှာက နှစ်ယောက်။

သားဦးတို့ ပြောဆိုနေချိန် မြင့်မျိုးမြတ်က သူ့ခုံမှ လှမ်းငေးငေး ကြည့်တတ်သည်။ တစ်ခါတစ်ရံလည်း ပြုံးပြတတ်သည်။ သူမနံဘေးမှာ ရည်ရည်မွန်မွန်နှင့် ရုပ်ခပ်ဖြောင့်ဖြောင့် လူတစ်ယောက်ရှိသည်။ ဒါ…သူ့ ရည်းစားလားဟု သားဦး တွေးနေမိသည်။ ဖြစ်ပါစေဟုလည်း ဆုတောင်းနေမိသည်။ ခဏနေတော့ မြင့်မျိုးမြတ်တို့ ထိုင်နေရာမှ ထသည်။

www.foreverspace.com.mm

လှမ်းကြည့်မိသော သားဦးကို သူမက ပြုံးပြကာ လက်ပြသွားလေသည်။

♦ ♦ ♦

www.foreverspace.com.mm

## အခန်း (၄)

ဘုရားဝတ်ပြုပြီးသော မေမေ့ကို နှိပ်ပေးပြီး ကလေးတွေ စာအုပ်တွေကို စစ်နေခဲ့သည်။ တစ်ချက်နှစ်ချက် သန်းမိကာ အိပ်ချင်နေပြီ ဖြစ်သော်လည်း စာအုပ်တွေ အကုန်စစ်ပြီးမှပဲ အိပ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ နာရီကို လှမ်းကြည့်တော့ ၁၁း၂၅ နာရီ။

ထိုအချိန်မှာပင် အပြင်းမောင်းလာသော ကားသံ၊ ကားဘရိတ်သံ၊ လူသံများကို ဆူညံစွာကြားလိုက်ရသဖြင့် သူမ ထိတ်လန့်ကာ ပြတင်းမှ ထကြည့်တော့ သူမတို့အိမ်ရှေ့မှာ ကားတစ်စင်းကို နောက်ကား တစ်စင်းက ရှေ့မှထိုးကာ ပိတ်ရပ်ထားသည်။ ကားနှစ်စင်းလုံး ရှေ့မီးတွေကို ထိုးထားကြတာကို တွေ့လိုက်ရသည်။

www.foreverspace.com.mm



သူမ ကြည့်နေစဉ်မှာပင် ရှေ့မှာပိတ်ရပ်ထားသည့် ကားတံခါး ပွင့်သွားပြီး လူလေးယောက် ဆင်းလာကြသည်။ ပထမဦးဆုံး ဆင်းလာသူက ဘီယာကို မော့သောက်ရင်း ဟိုဘက်က ကားရှေ့မှာ ရပ်သည်။

"ဟေ့ကောင်…ဘာလုပ်တာလဲကွ"

"အေး…အဲဒါက ငါမေးရမဲ့မေးခွန်း။ မင်းတို့ ဘာသဘောနဲ့ ငါတို့နဲ့ ပြေလည်နေတဲ့ နှစ်ယောက်ကို ဖြတ်ခုတ်သွားတာလဲ"

"ဒါကတော့ ကိုယ်လျှင်လို့ ကိုယ်လုပ်တာလေ…။ မကျေနပ်လို့လား"

"ငါကျေနပ်တယ် မကျေနပ်ဘူးဆိုတာ မင်းအပေါ်မှာ မူတည်တာပေါ့။ ကောင်မလေးနှစ်ယောက်ကို ထားခဲ့။ ငါလိုချင်တာ ဒါပဲ"

အပြန်အလှန်စကားများကြောင့် သူမ နောက်ကားတစ်စင်းကို လှမ်းကြည့်တော့ ထိုးထားသည့် ကားမီးရောင်ထဲတွင် ဆံပင်ရှည်ရှည် မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးသုံးယောက်ကို မြင်ရသည်။

"မထားခဲ့ဘူးဆိုရင်ကော…"

"ဒါဆိုရင် သားဦးဆိုတဲ့ကောင်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ မင်းသိသွားမှာပေါ့။ ကောင်မလေးတွေကိုသာ ထားခဲ့စမ်းပါကွာ"

"အေး…ငါကလဲ အဲဒီလိုလူမျိုးကိုမှ တွေ့ချင်နေတာကွ"

တစ်ဘက်ကားထဲမှ ကောင်လေးတွေ တံခါးကိုဖွင့်ကာ ဆင်းသည်။ မိန်းကလေးနှစ်ယောက်၏အော်သံ၊ တားသံ၊ သဲ့သဲ့ကို ကြားရသည်။ သားဦးဆိုသည့်အသံကို ကြားရလို့ လှမ်းကြည့်တော့ သားဦးက ဘီယာဘူးကို မော့သောက်ရင်း ယိုင်ထိုးယိုင်ထိုးနှင့် နေရာယူနေတာ တွေ့ရ၏။ ကားထဲက ကောင်မလေးနှစ်ယောက်ကိုသာ တွင်တွင်တောင်းနေသည်။ ထိုအချိန်တွင် အနောက်မှ ဖေဖေ့အသံကို ကြားရသည်။ 'ဘာဖြစ်တာလဲ

www.foreverspace.com.mm



သမီး' ဆိုကာ ပြတင်းပေါက်နားသို့ ရောက်လာသည်။

"ကောင်လေးတွေ နှစ်ဖွဲ့ ရန်ဖြစ်ကြမလို့ ဖေဖေ။ တစ်ယောက်က သမီးနဲ့သိတယ်…။ မဖြစ်ဘူး"

"ဟဲ့…သမီး…နေဦး…နေဦး' ဆိုသော ဖေဖေ့စကားကို တမင် မကြားယောင်ဆောင်ကာ မြင့်မျိုးမြတ် ခြံရှေ့သို့ ထွက်လိုက်သည်။

"ဟေ့…ဘာဖြစ်ကြတာလဲ။ ဘယ်လိုဖြစ်တာလဲ သားဦး"

သားဦးရင်ထဲမှာ ဝမ်းသာသွားသော်လည်း မျက်နှာကို စိတ်ပျက်သွားသလို ဟန်ဆောင်ထားလိုက်သည်။ ဒီတစ်ခါ ဆင်ကွက်ကတော့ အပိုင်ဝင်ပြီ။

"ဟာဗျာ…လာပြန်ပြီ။ ကျွန်တော်တို့ကိစ္စနဲ့ ကျွန်တော်တို့ပါ…။ နေစမ်းပါဗျာ"

"မဟုတ်ဘူးလေ…။ မင်းဖြစ်တဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်းမှပေါ့"

"အဲဒါဆို…ကားထဲက ကောင်မလေးနှစ်ယောက်ကို ထုတ်ပေး ခိုင်းလိုက်လေ"

"ဟေ့ကောင် သားဦး ကြာတယ်ကွာ…။ ငါတို့ကို လမ်းဖယ်ပေး မလား မပေးဘူးလား။ ဒါပဲပြော…"

"မင်းတို့ကို ငါ ဗမာလိုပြောပြီးပြီပဲ…။ နားမလည်ဘူးလား"

"ဖော်မြင့် ကြာတယ်…ချကွာ။ ဒီကောင် လူပါးဝတာများနေပြီ။ ဒီကောင် သက်သက် မိုက်ကြေးခွဲနေတာ။ ချကွာ…"

တကယ်ရန်ဖြစ်ကြတော့မည်ပုံစံကို သူငယ်ချင်းတွေက အပီအပြင် ဟန်ဆောင်နေကြသည်။ သော့ခတ်ထားသည့် တံခါးအနောက်မှာ ဆရာမက ရန်မဖြစ်ကြဖို့ အော်ဟစ်ပြောလျက်ရှိသည်။ အစီအစဉ်အရ ရန်မဖြစ်ခင်

www.foreverspace.com.mm



အချိန်ကလေးမှာ ကားထဲက ကောင်မလေးနှစ်ယောက်က ဝင်တောင်းပန်ကာ သားဦးတို့ကားပေါ်သို့ တက်လိုက်သွားရမည်ဖြစ်သည်။ ဒါမှ… မြင့်မျိုးမြတ်က သားဦးသည် ဒီလိုကောင်မလေးတွေနှင့် ရှုပ်တတ်သော ကောင်ဟု ထင်သွားမည်ဖြစ်သည်။

သို့သော် ထိုအချိန်မှာပင်… 'ကူညီပါရစေ' စာတမ်းပါသော ရဲကားတစ်စီး ထိုးရပ်ကာ သားဦးတို့အားလုံးကို ဖမ်းသည်။

"ဟာ…ဆရာကြီး။ ကျွန်တော်တို့ သူငယ်ချင်းတွေပါ…။ ဘာမှ မဖြစ်ပါဘူး။ ဘာမှမဟုတ်ပါဘူး။ ဟော့ကောင်…သားဦး။ ပြောပါဦးကွ"

"အေး…။ ငါတို့ကို Phone ဆက်ပြီး သတင်းပေးလို့။ ဟုတ်တယ်…မဟုတ်ဘူး စခန်းကြမှ ရှင်းပေတော့"

သားဦးတို့ ဘာမှမပြောနိုင်ဘဲ ရဲကားပေါ် ရောက်သွားကြသည်။ ဒီတော့မှ မြင့်မျိုးမြတ်က ရဲကားနားကို ရောက်လာပြီး ပြောသည်။

"Phone လှမ်းဆက်တာ ကျွန်မပါ ရဲမှူးကြီး…။ ကျွန်မ အခုပဲ စခန်းကို လိုက်ခဲ့ပါ့မယ်"

"သြော်…ဆရာမလေးပါလား။ ရပါတယ်… ဆရာမလေး။ မနက်မှ လာချင်လာခဲ့ပါ။ ဒီကောင်တွေ ဒီတစ်ညတော့ ထားရမှာပဲ။ ညကြီး လာရ သွားရ ဒုက္ခများပါတယ်"

"ဟုတ်ကဲ့…။ ဒါဆို ကျွန်မ မနက်လိုက်လာခဲ့ပါမယ်"

♦

www.foreverspace.com.mm



"ပိုင်တယ်ဆိုကွ…သားဦးရ။ အခု ငါတို့ ဘယ့်နှယ်လုပ်ကြမလဲ။ အိမ်ကသာ သိလို့ကတော့ မိုးမီးလောင်ပြီ။ မင်းလုပ်လိုက်ရင် တစ်ခုမှကို မဟုတ်ဘူး။ သေချာတယ်…ငါကတော့ အိမ်က ဆင်းရမှာပဲ"

"တကယ်ရန်ဖြစ်လို့ ရောက်ရတယ်ဆိုရင်လည်း ဟုတ်သေးတယ်။ အခုတော့ သူငယ်ချင်းနှစ်စုခွဲပြီး အိုက်တင်လုပ်တာနဲ့တင် စခန်းရောက်ရတာဆိုတော့…လူပေါင်းမှားတဲ့ အမှုပဲ"

"ငါတို့က အရေးမကြီးဘူး။ ငါ့ညီမနဲ့ ဇော်မြင့်ညီမက ငိုချည်းပဲနေတာ။ အိမ်ကသိရင် ပတ်ဝန်းကျင်ကသိရင် သူတို့ ရှက်လို့ဆုံးတော့မှာ မဟုတ်ဘူး"

သားဦး ဘာစကားမှ ပြန်မပြောနိုင်…။ ဒီတစ်ကြိမ်လောက် ခုတ်ရာတလွဲ ရှရာတခြားဖြစ်တာ မရှိတော့။ အားလုံးကို သူ စီစဉ်ပြီး တကက်တက်စင် လွဲခဲ့ရသဖြင့် သူငယ်ချင်းအပေါင်းအသင်းတွေကို အားနာနေမိသည်။ ရှက်လည်း ရှက်သည်။ စိတ်မကောင်းလည်း ဖြစ်ရသည်။

'သားဦး တစ်ခါတစ်ရံ ဉာဏ်က ကံကို နိုင်တတ်ပေမဲ့ ဉာဏ်က ကံကို အမြဲနိုင်ဖို့ဆိုတာ မလွယ်ဘူးကွ' ဆိုသော ကိုဝင်းမော် စကားက ဒီနေရာမှာ ကွက်တိဖြစ်နေသည်။ သူတို့ ဟန်ဆောင်နေကြတာကို တကယ်ရန်ဖြစ်တယ်ထင်ကာ မြင့်မျိုးမြတ်က စိုးရိမ်သောစေတနာနှင့် အကြောင်းကြားခြင်းပဲ ဖြစ်ရမည်။ ထိုစေတနာသည်ပင်လျှင် ကံဖြစ်တော့သည်။

www.foreverspace.com.mm



ထိုကံကို သူ့ဉာဏ်က မနိုင်ခဲ့။ သားဦး တစ်ညလုံးလည်း အိပ်လို့မရ၊ အိပ်၍လည်းမပျော်…။ မနက် မိုးလင်းခါနီးမှ မှေးခနဲဖြစ်သွားပြီး ဧော်မြင့်က လှုပ်နှိုးသဖြင့် ပြန်နိုးလာခဲ့သည်။

"ဟော့ကောင်…။ မင်းဆရာမ ရောက်နေပြီ။ ငါတို့ကို လာကြည့်သွားတယ်ကွ"

သူ အထိတ်လန့်ဆုံးကိစ္စက ဒါပဲဖြစ်သည်။ သူ့အိမ်က အဖေ(သို့) အမေတစ်ယောက်ယောက် ရောက်အလာ မြင့်မျိုးမြတ်နှင့်တွေ့၊ သူလုပ်သမျှသိသွားရင် ပွဲကပြီးပြီ။

ထိုအချိန်တွင် မြင့်မျိုးမြတ်က စခန်းမှူးကြီးနှင့် စကားပြောလျက် ရှိ၏။

"သူတို့အားလုံးကို မေးကြည့်တော့ အကုန်လုံး မိကောင်းဖခင် သားသမီးတွေချည်းပဲ ဆရာမလေး…။ သူတို့မော့သောက်နေတဲ့ ဘီယာတွေ၊ အရက်ပုလင်းတွေကို ကြည့်တော့လည်း အရက်စစ်မဟုတ်ဘူး။ ကွဲရိုင်းကို ရေရောထားတာချည်းပဲ။ ပြီးတော့…သူတို့ချင်းလည်း သူငယ်ချင်းတွေပါ…တဲ့"

"ဟင်…ဒါဆို သူတို့ ဘာဖြစ်လို့ အဲဒီလိုစကားပြောပြီး ရန်ဖြစ်ကြတာလဲ"

စခန်းမှူးကြီးက ရယ်သည်။

"အင်း…သတင်းပေးရတဲ့လူတောင် ပြဿနာတက်မလို ဖြစ်နေတာပေါ့"

"သူတို့အားလုံး ပြောတာကတော့ ကားပေါ်ပါတဲ့ သူတို့ ညီမလေးတွေ လန့်သွားအောင် သရုပ်ဆောင်ပြီး စ,ကြတာပါ…တဲ့"

"သြော်…ဒါဆို စခန်းမှူးကြီး သူတို့ကို ဘယ်လိုဆက်ပြီး

www.foreverspace.com.mm



လုပ်မှာလဲ"

"သူတို့မှာ ရာဇဝတ်မှုကျူးလွန်တာ မရှိတော့ တစ်ယောက်ယောက် အာမခံပေးရင် ပြန်လွတ်ရမှာပေါ့။ သူတို့ကို ပညာပေးတဲ့ သဘောနဲ့ နောက် ဒါမျိုးမလုပ်အောင် လန့်သွားအောင် ထားတဲ့သဘောပဲ ရှိတာပါ"

"ဒီထဲမှာ ကျွန်မနဲ့သိတဲ့လူတွေ ပါပါတယ်။ သူတို့ တကယ်ဖြစ်တယ်ထင်ပြီး စိုးရိမ်လို့ လှမ်းအကြောင်းကြားတာပါ။ သက်သက်မဲ့ စခန်းမှူးကြီးတို့ကို ဒုက္ခပေးသလို ဖြစ်သွားတာပေါ့"

"ဟာ…ကိစ္စမရှိပါဘူး ဆရာမရယ်…။ ဒါ အကြောင်းကြားသင့်တဲ့ ကိစ္စပဲဟာ"

"ဒီလိုဆို သူတို့အားလုံးကို ကျွန်မ အာမခံလို့ ရမလားဟင်။ သူတို့မိဘတွေ ခေါ်မယ်ဆိုရင် ဘာမဟုတ်တဲ့ နောက်ချင် စချင်တာလေးနဲ့ မိဘတွေက ဒေါသဖြစ်ပြီး ပြဿနာတွေ ထပ်တက်မှာစိုးလို့ပါ"

"ဟာ…ရပါတယ်။ ဆရာမ အာမခံတာပဲ…။ ကျွန်တော် ယုံပါတယ်"

"ဒါဆို…ကျွန်မ သူတို့နဲ့ ခဏလေး စကားပြောချင်ပါတယ်"

"ရပါတယ်…ဆရာမလေး။ ဆရာကြီး…။ ဆရာမလေးကို ညက ကောင်လေးတွေဆီ ပို့ပေးလိုက်ကွာ"

ဆရာမလေးဝင်သွားတော့ အချုပ်ခန်းထဲမှာ အားလုံးထိုင်နေကြသည်ကို တွေ့သည်။ တံခါးဖွင့်သံ ပိတ်သံကြောင့် ထုံးစံအတိုင်း ငြိမ်သက်နေသူတွေအားလုံး လှည့်က ကြည့်ကြ၏။ သူမှန်းသိသွားကြသည့်အခါ သားဦးက တစ်ဘက်သို့ လှည့်သွားသော်လည်း ကျန်သည့် လူတွေကတော့ သူ့ကို အားကိုးတကြီးကြည့်ကြတာ တွေ့ရသည်။ သူမက သားဦးနှင့်

www.foreverspace.com.mm



အနီးစပ်ဆုံးနေရာမှာ ရပ်လိုက်သည်။ သူမနှင့် သားဦးကြားတွင် အချုပ်ခန်း သံတိုင်များ ခြားလျက်ရှိ၏။

"ဘာဖြစ်လို့ မိန်းကလေးတွေ ဒီလိုပြဿနာတက်မဲ့ကိစ္စမျိုးနဲ့ နောက်ချင် ပြောင်ချင်ရတာလဲ"

♦ ♦ ♦

www.foreverspace.com.mm

## အခန်း (၅)

ကျွန်တော် အဆင်မပြေသော ကိစ္စကို သူငယ်ချင်းများအားလုံး သိပြီးဖြစ်ပါသည်။ တချို့ ရယ်ကြ၏။ တချို့ လှောင်ကြ၏။ ကျွန်တော် ဘာမှမပြောဘဲ တိတ်တိတ်ကလေး နေပါသည်။ ကိုဝင်းမော်က သူ့ရှေ့တွင် ရှိသော လက်ဖက်ရည်ခွက်ကို ဖြည်းဖြည်းသောက်ကာ ပြောသည်။

"သားဦး...။ မင်း နည်းနည်းများ လောဘကြီးနေလား။ ငါ့စိတ်ထင်တော့ ဒီလိုပြဿနာမျိုးဟာ တစ်ဘက်တည်းတွေးလို့ရတဲ့ ပြဿနာမျိုး မဟုတ်ဘူး"

"ကျွန်တော့်ဘက်က ဘာမှဆက်တွေးလို့မရတော့ဘူး။ ကျွန်တော် မက်ဖူးတဲ့ အိပ်မက်လိုပဲ အရေးကြုံရင် ကျွန်တော့်သေနတ်က ခရမ်းသီး

www.foreverspace.com.mm



ဖြစ်နေတယ်''

သူပြောသောစကားကို ဘယ်သူမှ နားမလည်။ ပေစိနှင့်မောင်မျိုးတို့က ဝိုင်းပြီး ရယ်ကြ၏။ ကိုဝင်းမော်ကတော့ သူ့နှုတ်ခမ်းကို ပြုံးရုံကလေးပြုံးကာ သူ့ကို ကြည့်နေသည်။ သူ့ကို လှောင်နေတာလား။ ကိုဝင်းမော်ဆီက သူနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်များ ရှိနေသလား။

သူ့အရှုံးကိုပဲ အားလုံးရှေ့မှာ ဘာအသံတစ်ခုမှ မထွက်ဘဲ တိတ်တိတ်ကလေး နေရမှာလား။ သားဦး တော်တော်စိတ်ညစ်သွားသည်။ သူ ဘာဆက်လုပ်ရမှန်း မသိ။ ဖြစ်နိုင်လျှင် သူ မယူချင်သော မိန်းမတစ်ယောက်ကို အရှုံးပေးရမည့်အစား ကိုယ့်ကိုကိုယ် လက်ဖက်ရည်ဆိုင်ရှေ့မှာ တဝေါဝေါဖြတ်မောင်းနေသည့် ကားဘီးများအောက်ကိုသာ ခေါင်းထိုးထည့်ပေးလိုက်ချင်သည်။

''မင်းကိုယ်မင်း ရှုံးပြီလို့ တွက်ထားသလား သားဦး''

သားဦး ဘာစကားမှ ပြန်မဖြေမိ။ မောင်မျိုးနှင့်ပေစိက သားဦးကို ပြုံးကြည့်ရင်း အချင်းချင်း လက်တို့ကြသည်။ ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်လည်း စပ်ဖြဲဖြဲကြည့်ကြသေး၏။

''ဒီကောင်လုပ်တာ တစ်ခုမှ အဆင်မပြေဘူး ကိုဝင်းမော်။ နောက်ဆုံးကိစ္စမှာ ကျွန်တော်တို့မပါလို့ တော်သေးတာပေါ့။ ကံကောင်းလို့…။ သူ မိန်းမ မလိုချင်တဲ့ကိစ္စကို ကျွန်တော်တို့က အချုပ်ခံရဦးမှာ''

မော်မျိုးစကားဆုံးတော့ သူ ဝှန်းခနဲ ထရပ်ပစ်လိုက်သည်။

သူငယ်ချင်းများအားလုံး ငြိမ်နေသော်လည်း ဝမ်းနည်း စိတ်မကောင်းပုံဖြစ်နေကြပုံတော့ သိပ်မရှိ။ ကျွန်တော့်အဆင်မပြေမှုကို ရယ်ချင်နေကြပုံရသည်။ ကိုဝင်းမော်တစ်ယောက်သာ လေးနက်စွာတွေးရင်းက…

''မင်း ကတိမပေးမဖြစ် ပေးလိုက်ရပြီဆိုပေမဲ့ အားလုံးတော့

www.foreverspace.com.mm



မရှိုးသေးဘူး သားဦး။ ဆရာမလေးက မင်းကို လူဆိုးလို့တော့ သတ်မှတ်သေးတာပဲ။ ဒါပေမဲ့ မင်း ဆက်မိုက်လို့လဲ မရတော့ဘူး"

"အဲဒါကြောင့် ပြောတာပေါ့။ ဘာဆက်လုပ်ရမလဲ"

ကိုဝင်းမော်က သူ့ကို ပြုံးကာကြည့်သည်။

"ဆရာမလေးဆီမှာ သူ လေးစားအထင်ကြီးနေတဲ့ ချစ်သူ တစ်ယောက်၊ သူမြတ်နိုးနေတဲ့ ချစ်သူတစ်ယောက် ရှိနေမယ်ဆိုရင်ကော"

ကိုဝင်းမော်စကားကြောင့် သားဦး ဝမ်းသာသွားသည်။ Mr.Guitar ဆိုင်မှာ ဆရာမနှင့်အတူ တွေ့ခဲ့ရဖူးသူကို သတိရသွားသည်။ ရုပ်ရည်က သန့်သန့်၊ အသက်အရွယ်ကလည်း မတိမ်းမယိမ်း၊ ဒီလိုဆိုင်မျိုးမှာ နှစ်ယောက်တည်း လာထိုင်တာဆိုတော့ သူ ဝမ်းသာအားရ ကိုဝင်းမော်ကို ပြောပြတော့…

"ဟုတ်ပြီ…။ အဲဒီလူကို မင်းသိလား။ သိက္ခာကို သိပ်တန်ဖိုးထားတဲ့ ဆရာမက အလကားနေရင်း ဒီလိုနေရာမျိုးမှာတော့ လာထိုင်မှာ မဟုတ်ဘူး"

"ကျွန်တော် သူ့ကိုတော့ မသိဘူး ကိုဝင်းမော်"

'နေဦးကွ' ဆိုကာ ပေစိက တစ်ချက်စဉ်းစားသည်။ ခဏကြာတော့ ထိုလူ့ပုံစံအနေအထားကို တစ်ခုချင်း ပြောပြသည်။

"ဟုတ်တယ် ပေစိ။ မင်းပြောတဲ့အတိုင်းပဲ…။ မင်းသူ့ကို သိလို့လား"

"အဲဒါ ဆရာမလေးတို့ကျောင်းက ဆရာပဲ။ ကျောင်းဆင်းတဲ့ အခါ ဆရာမလေးနဲ့ တွတ်ပြန်တာ ငါ လေးငါးဆယ်ခါ မြင်ဖူးတယ်။ သူက ကားမှတ်တိုင်မှာ နေခဲ့လေ့ရှိတယ်ကွ"

"ဟာ··ဒါဆို ဒီလူက သူ့ချစ်သူ ဖြစ်မှာပဲ။ ကျွန်တော် ဘာ ဆက်လုပ်ရမလဲ"

www.foreverspace.com.mm



"လောလို့တော့ မရသေးဘူး။ မင်းက သူ ဆုံးမလို့ လိမ္မာသွားတဲ့ လူအဖြစ် နေရမယ်။ ပေစိတို့က ဆရာမလေးနဲ့ အဲဒီလူကိစ္စကို တတ်နိုင်သမျှ စုံစမ်းရမယ်။ ဖြစ်နိုင်ရင် အဲဒီလူကို မိတ်ဆွေဖြစ်အောင်လုပ်ကွာ"

ကိုဝင်းမော်စကားဆုံးတော့ သူ့အတွေးထဲမှာ အစီအစဉ် တစ်ခုပြီး တစ်ခု ပေါ်လာသည်။ အဲဒီလူနဲ့ ဆရာမက ချစ်သူတွေဆိုလျှင် သူ့အတွက် တော်တော်အခြေအနေကောင်းသွားပြီ ဖြစ်သည်။ မိန်းကလေးဆိုတာမျိုးက သူတို့နှစ်သက်မြတ်နိုးရင်ခုန်စွာ ရွေးထားသော ချစ်သူလောက် အိမ်က ပေးစားသော အေးစက်စက်ယောကျာ်းမျိုးကို နှစ်သက်လေ့မရှိကြ။ ထိုနှစ်ခုဆုံလာလျှင် ရင်ခုန်သူဘက်ကိုသာ ပါလေ့ရှိသည်။ ဆရာမလို မိမိကိုယ်ကို တန်ဖိုးထားသော ဣန္ဒြေ၊ သိက္ခာကို မြတ်နိုးသော၊ ကတိသစ္စာရှိသော မိန်းကလေးမျိုးဆိုလျှင် ဆိုဖွယ်ရာ မရှိတော့။

"ကျွန်တော် သဘောပေါက်ပြီ ကိုဝင်းမော်။ ဒီအစီအစဉ်မျိုးက အေးအေးဆေးဆေး အချိန်ယူပြီး သိမ်သိမ်မွေ့မွေ့ လုပ်ရမှာ။ ပေစိမင်းတို့လည်း မလောနဲ့။ ငါတို့ အေးအေးဆေးဆေး တိုင်ပင်မယ်"

ကိုဝင်းမော် ပြုံးကာကြည့်သည်။ ပေစိက ခေါင်းတဆတ်ဆတ် ညိတ်၏။ မောင်မျိုးက စဉ်းစားနေပြီးမှ ပြောသည်။

"တကယ်လို့ သူတို့နှစ်ယောက်က ချစ်သူတွေ မဟုတ်ကြဘူး ဆိုရင်ကော"

"ချစ်သူမဟုတ်ဘူးဆိုရင်တောင်မှ ဒီဆရာ လူပျိုလူလွတ်သာ ဖြစ်ရင် ဆရာမလေးလို ရုပ်ရည်မျိုး အရည်အချင်းမျိုးကို ကြိုက်ကိုကြိုက်ရမယ်ကွာ"

ကိုဝင်းမော်ပြုံးရင်း သားဦးပခုံးကို အသာဖက်သည်။ ပြီးတော့ ချစ်ခင်သော ညီတစ်ယောက်ကို ပြောသည့်လေသံနှင့် ဆေးဆေးဆေးဆေး ပြောသည်။

www.foreverspace.com.mm



"သားဦး…ဖြစ်နိုင်ချေတွေ၊ ကောက်ချက်တွေကို ကိုယ့်စိတ်ကူးနဲ့ မချန့်ကွ။ အဲဒီလိုလုပ်နေရင် မင်းလုပ်ရမဲ့ အကြောင်းအရာတွေ ရှုပ်ထွေးကုန်လိမ့်မယ်။ အချက်အလက်ကို သေချာသမျှ ရအောင်စုံစမ်း။ သေချာပြီဆိုမှ ကောက်ချက်ဆွဲ။ အဲဒါဆို မင်း ဘာလုပ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပေါ်လာမယ်"

သားဦး ငြိမ်သွားသည်။ အရင်သူလုပ်ခဲ့သမျှ တစ်ခုမှ အဆင်မပြေခဲ့တာလည်း ထိုအမှားကြောင့်ပင် ဖြစ်လိမ့်မည်။ ဒီတစ်ကြိမ်တော့ ဒီလိုအမှားမျိုး မဖြစ်စေရဟု သူ့ကိုယ်သူ ကတိပေးလိုက်သည်။

"ဟုတ်ကဲ့ ကိုဝင်းမော်။ ဒီတစ်ခါ ကျွန်တော် တတ်နိုင်သမျှ သွေးအေးအေးနဲ့ အစီအစဉ်တကျ လုပ်ပါ့မယ်"

ပြီးတော့ သူတို့ လက်ဖက်ရည်ဝိုင်း သိမ်းလိုက်ကြသည်။ အပြန်လမ်းမှာ သားဦး ပတ်ဝန်းကျင်ကို သတိမထားမိဘဲ အတွေးပေါင်းစုံနဲ့ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ တံခါးဝမှာ သူ့ကိုစောင့်နေသော မေမေ့ကို တွေ့ရသည်။

"တော်သေးတာပေါ့သားရယ်…။ ဒီနေ့ စောစောပြန်လာလို့။ ဟိုနေ့ကလို ညအိပ်ညဥ့်နေ သွားနေဦးမလားလို့ စိတ်ပူနေတာ…။ မင်းဖေဖေအကြောင်းလည်း သိသားနဲ့"

"စိတ်ချပါ မေမေ။ နောက် မေမေတို့ကိုမပြောဘဲ သား ဘယ်မှ မသွားတော့ပါဘူး။ အဲဒီနေ့ကလည်း ဟိုကောင်တွေက အတင်းဆွဲထားလို့ပါ"

စိတ်မလုံသူမို့ သားဦး မေမေ့ကိုစကားခဏဖြတ်ကာ အိမ်ထဲသို့ အမြန်လစ်ရသည်။ သြော် မိန်းမ မရဖို့ကလည်း တော်တော်မလွယ်ပါလား။

♦

www.foreverspace.com.mm



ကျောင်းလွှတ်ချိန် ညနေသုံးနာရီ ကားမှတ်တိုင်၊ ဈေး၊ လက်ဖက်ရည်ဆိုင်များရှိသော ကားလမ်းမသည် လူ ပြန်လည်စည်ကားစပြုလာသည်။ သားဦးနှင့်ပေစိ၊ မောင်မျိုးတို့ ကျောင်းကလေးကို ထင်ထင်ရှားရှား မြင်နိုင်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲတွင် ရှိနေသည်။ ကျောင်းကလေးက ကားလမ်းမနံဘေး ကွင်းပြင်နှင့် ကိုက် (၂၀၀)ကျော်ခန့်တွင် ရှိသည်။ ကလေးများ စာအော်ဆိုသံသဲ့သဲ့ကိုလည်း ကြားရ၏။ မကြာခင် ကျောင်းဆင်းခေါင်းလောင်းထိုးသံ တဒေါင်ဒေါင်က သားဦးတို့ သုံးယောက်စလုံးကို အချက်ပေးလိုက်သလို ထွက်ပေါ်လာလေသည်။

သားဦးရင် ငြိမ့်ခနဲခုန်သွားသည်။ ထိုရင်ခုန်သံသည် ကြိုတင်ကြံစည်ထားသော ကိစ္စတစ်ခုကို ရင်ဆိုင်ရခါနီးတွင် ဖြစ်လေ့ဖြစ်ထရှိသည့် လူတစ်ယောက်၏ သာမန်စိတ်လှုပ်ရှားမှုမျိုးသာဖြစ်ပါသည်။

ကွင်းနံဘေး ကျောင်းလမ်းကလေးမှ ခုန်ပေါက်ပြေးလွှားလာသော ကလေးများနှင့် အော်လိုက်ဟစ်လိုက်ဆွဲလိုက်နှင့် ပါလာကြသော လာကြိုသည့် မိဘဆွေမျိုးများကို အရင်တွေ့ရသည်။ ထိုကျောင်းသားကလေးများ ရှင်းသွားလောက်သည့် (၁၀)မိနစ်ခန့် အချိန်လောက်ထိ ဆရာ၊ ဆရာမများကို မတွေ့ရသေး။

www.foreverspace.com.mm



"ဆရာမတွေ မလာသေးဘူးလားကွ"

သားဦး စကားကြောင့် မောင်မျိုးက ပြုံးကာ ကြည့်သည်။

"ဟ…ကလေးတွေ ကျောင်းဆင်းပေမဲ့ ဆရာ၊ ဆရာမတွေက အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဝတ်တာတို့၊ သူတို့ပစ္စည်းတွေ သိမ်းတာဆည်းတာတို့၊ သန့်စင်ခန်းဝင်တာတို့၊ ကျောင်းဆင်းလက်မှတ်ထိုးရင်း နောက်နေ့ ကျောင်းအုပ်ဆရာမကြီး မှာတာတို့ကို လုပ်ရသေးတယ်လေကွာ"

မောင်မျိုး၏ အပြုံး၊ မောင်မျိုး၏ လေသံတို့ကြောင့် သားဦး နည်းနည်းရှက်သွားသည်။ နောင် ဒီလို စိတ်မစောမိဖို့ကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိပေးရ၏။

ခဏကြာတော့ ဆရာမသုံးဦးက စကားတပြောပြောနှင့် ထွက်လာတာကို တွေ့ရသည်။ ထို့နောက် နှစ်ယောက်တစ်တွဲ။ ထို့နောက်…

"လာပြီ သားဦး…။ အဲဒီဆရာ ဟုတ်တယ် မဟုတ်လား"

အဝေးက လှမ်းကြည့်ရုံနဲ့ပင် ဟိုတစ်နေ့က တွေ့ခဲ့သော ဆရာမှန်း သားဦး သိပါသည်။ ဆရာက ခေါင်းကို ဆရာမဘက်သို့ ငဲ့စောင်းကာ စကားပြောလာသည်။ ဆရာမကတော့ ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ပင် လျှောက်လာသည်။

သူတို့ထိုင်နေသည့် ဆိုင်နံဘေးက ဖြတ်လျှောက်သွားသော်လည်း ဆရာမသည် ထုံးစံအတိုင်း ဆိုင်ဘက်ကို လှည့်ကြည့်ခြင်းမရှိ။

"ဟုတ်တယ် မောင်မျိုး။ ငါတွေ့ခဲ့တာ အဲဒီလူပဲ"

"ဒါဆို သေချာပြီပေါ့။ ငါတို့ တွက်ထားတဲ့အတိုင်း ဖြစ်နိုင်ချေရာခိုင်နှုန်း ၇၅ ရှိတယ် သားဦး။ တို့အစီအစဉ် ဒီနေ့ပဲ စရအောင်"

"အခြေအနေကောင်းရင် စတာပေါ့"

ထိုအချိန်တွင် ဆရာမတို့က တဘက်ကားလမ်းသို့ကူးပြီး ကား မှတ်တိုင်တွင် ရပ်နေသည်။ ရယ်ရယ်ပြုံးပြုံးဖြင့် စကားလေးငါးခွန်း ပြော၏။ ပြီးတော့ ဆရာမက ကားမှတ်တိုင်မှ ညင်သာစွာ လှည့်ထွက်သွားသည်။ ဆရာက တစ်ချက်ငြိမ်နေပြီးမှ ဆရာမလေးထွက်သွားရာဘက်သို့ ငေးကြည့် နေသည်မှာ လမ်းချိုးထဲသို့ ဆရာမဝင်သွားသည်အထိ ဖြစ်သည်။ ဒီမြင်ကွင်း ကို ကြည့်ပြီး သူတို့နှစ်ဦး ချစ်သူ မဖြစ်သေးဟု ဆိုလျှင်တောင် ဆရာသည် ဆရာမကို ချစ်နေတာ လုံးဝသေချာပြီဟု သားဦး တွက်လိုက်သည်။

သားဦးတို့သုံးဦး ဆရာအနီးသို့ အေးအေးဆေးဆေးပင် လျှောက် သွားလိုက်သည်။ နှုတ်သွက်သော မောင်မျိုးက ဆရာ့ကို လှမ်းပြုံးပြရင်း...

'ပြန်ဖို့ကားစောင့်နေတာလား ဆရာ'ဟု နှုတ်ဆက်တော့ ပထမ ဆရာ ကြောင်သွားပုံပေါ်၏။ နောက် ကမန်းကတန်းပြုံးကာ 'ဟုတ်ကဲ့ ခင်ဗျ'ဟု ပြန်ဖြေသည်။ သူတို့ကိုလည်း တစ်ခါမှ မမြင်ဖူးသဖြင့် တအံ့ တသြဖြစ်နေပုံရသည်။

'ဆရာ အချိန်နည်းနည်းပေးနိုင်ရင် ကျွန်တော်တို့ ဆရာနဲ့ စကား နည်းနည်းပြောချင်လို့ပါ''

ပေစိစကားကြောင့် ဆရာက သူတို့သုံးယောက်စလုံးကို အံ့သြ စိတ်မှ စိုးရိမ်စိတ်သို့ ပြောင်းကာ ကြည့်သည်။

''ဘာကိစ္စများ ရှိလို့လဲ ခင်ဗျာ''

''ဆရာမ မြင့်မျိုးမြတ်ကိစ္စနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ''

ဆရာမျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုသည် အဆုံးစွန်ရောက် ရှိလာ၏။ ဆရာမနှင့်ပတ်သက်ပြီး သူ့ကိုပြဿနာရှာမည့် ရပ်ကွက်ထဲက လူငယ်ကလေးတွေဟု တထစ်ချ တွက်လိုက်ဟန်တူသည်ဟု သားဦး

www.foreverspace.com.mm

စိုးရိမ်မိသွားသည်နှင့် ချက်ချင်းပင် ဝင်ပြောရသည်။

"ဒီလိုပါဆရာ...။ ကျွန်တော်တို့က ဆရာမနဲ့ ပတ်သက်ပြီး ဆရာကို သတင်းပေးချင်၊ ကူညီချင်တဲ့ သူတွေပါ။ ပြဿနာရှာမဲ့သူတွေ မဟုတ်ပါဘူး။ ကျွန်တော့်နာမည်က သားဦး။ ဒီကောင်တွေက ပေစိနဲ့ မောင်မျိုးပါ"

စကားဆုံးသည်နှင့် သားဦးက လက်ကို ကမန်းကတန်း ကမ်းကာပေးသည်။ ရန်လိုခြင်းမဟုတ် မိတ်ဆွေအပေါင်းအသင်း ဖြစ်ချင်သည့် သဘောကို ဆရာသိစေရန်ဖြစ်သည်။ ဆရာက သူတို့သုံးယောက်စလုံးကို စိုးရိမ်စိတ်မရှိတော့သော မျက်နှာ၊ နှစ်လိုသောအပြုံးဖြင့် ပြန်လည် နှုတ်ဆက်၏။

"ဒီနားမှာ ထိုင်လို့တော့ မကောင်းဘူးဆရာ။ ဈေးကွက်မှတ်တိုင် ဘက်က လူရှင်းတဲ့ လက်ဖက်ရည်ဆိုင်ကို သွားရအောင်လား"

ဆရာက တစ်ချက်စဉ်းစားသည်။ မောင်မျိုးက ဝင်ကာပြော၏။

"လိုက်ခဲ့ပါဆရာ...။ ကျွန်တော်တို့ပြောပြတဲ့ ဆရာမလေး အကြောင်းကို ဆရာ သိချင်မှာပါ။ သိလည်း သိထားသင့်တဲ့ ကိစ္စပါ။ လိုက်ခဲ့ပါ ဆရာ"

ဒီတော့မှ ဆရာက တစ်ချက်မှ မစဉ်းစားတော့ဘဲ 'လိုက်ခဲ့မယ် ဗျာ' ဟုပြောလေသည်။

ဆိုင်ရောက်တော့ သားဦးတို့ စကားအနည်းငယ်သာ စပေးရသည်။ ဆရာက သူခံစားသမျှကို အိတ်သွန်ဖာမှောက် တောက်လျှောက် ပြောတော့ ၏။ သူ ဆရာမလေးကို သိပ်ချစ်ကြောင်း၊ ပထမ သူ့အိမ်က နိုင်ငံခြားသို့ ပို့မည့်အစီအစဉ်ကို လက်ခံပြီးမှ ဆရာမလေးပြောင်းလာသည့်အခါ အားလုံး အဆင်သင့်ဖြစ်နေသော နိုင်ငံခြားသွားရန်ကိစ္စက ဖျက်ပစ်လိုက်ကြောင်း၊

www.foreverspace.com.mm

သူ ဆရာမလေးကို ဖွင့်ပြောပြီးတာ တစ်လ၊ ဆယ့်နှစ်ရက်နှင့် ၁၈ နာရီ ရှိပြီဖြစ်ကြောင်း၊ သို့သော် ဆရာမလေးက သူ ဖွင့်ဟမှုကိုလည်း မငြင်း၊ တုန့်ပြန်မှုတစ်စုံတစ်ရာမှလည်း ပြန်မပေး၊ မိတ်ဆွေအဖြစ် သူငယ်ချင်း အဖြစ်သာ ဆက်ဆံရန် သူ့ကို အကြိမ်ကြိမ် ပြောနေကြောင်း၊ သူ့ဂရုစိုက်မှု၊ အလေးအနက်ထားမှု၊ စောင့်ရှောက်မှု၊ ဦးစားပေးမှု တို့ကိုလည်း ယဉ်ကျေးစွာ ငြင်းပယ်လေ့ရှိကြောင်း စသည်တို့ကို ရှေ့မှာချထားသည့် လက်ဖက်ရည် ကိုပင် တစ်ငုံမှမသောက်ဘဲ ပြောပြသည်။

ဆရာ့ကိုကြည့်ရတာ ဆရာမအကြောင်းကို မည်သူ့ကိုမှ ရင်ဖွင့်လို့ ရဟန်မတူ။ သူတို့ကို ရင်းနှီးပွင့်လင်းစွာ အားကိုးတကြီး ပြောနေသည့် အတွက် သားဦး အစီအစဉ်အောင်မြင်ပြီဟု စိတ်ထဲက ကြိတ်ကာ ဝမ်းသာရ သည်။ သားဦးက စိတ်ကိုမလောစေရဘဲ သူ့အစဉ်အတိုင်း လေသံမှန်မှန်ဖြင့် စပြောသည်။

"ကျွန်တော်တို့က ဆရာမလေးနဲ့ ဆရာအတူတူတွဲပြီး ပြန်ပြန်လာ တော့ ချစ်သူတွေ ဖြစ်နေကြပြီလို့တောင် ထင်တာ။ အခု ဆရာကိုယ်တိုင် ပြောပြလို့သာ မဟုတ်ဘူးဆိုတာ ယုံရတာ"

"အဲဒါပြောတာပေါ့ဗျာ။ ကျန်တဲ့ဆရာမတွေကလည်း ထင်ကြတာ ပဲ။ ကျွန်တော့်ကို ဆရာလို့မခေါ်ပါနဲ့ဗျာ။ ရင်းရင်းနှီးနှီး ကိုမင်းဦးလို့ပဲ ခေါ်ပါ။ ကျွန်တော့်ကို ပြောချင်တယ်ဆိုတာ ဘာများလဲဗျာ။ ဖြစ်နိုင်ရင် သိပါရစေ"

ဆရာ့စကားဆုံးသည်နှင့် သားဦးတို့ တစ်ယောက်ကိုတစ်ယောက် အချင်းချင်း ကြည့်လိုက်ကြသည်။ ပြီးတော့ ကိုမင်းဦးကို ဘာမှမပြောဘဲ သက်ပြင်းချသူကချ၊ မျက်နှာလွှဲသူကလွှဲ လုပ်ကြသည်။ ကိုမင်းဦး ပိုစိတ် ရှုပ်သွားဟန်တူ၏။

www.foreverspace.com.mm



"ပြောကြပါဗျာ…။ ကျွန်တော် သူနဲ့ပတ်သက်လို့ ဘာပဲဖြစ်ဖြစ် သိချင်ပါတယ်"

"သားဦး မင်းပဲ ပြောပြလိုက်ကွာ…။ ဒီအကြောင်းကို မင်းက ပိုအသိဆုံးပဲ"

"ဒီလို ကိုမင်းဦးရာ…။ ဆရာမလေးက အခုတလော ကိုမင်းဦးကို ထူးထူးခြားခြား ဘာကိစ္စမှ ပြောမပြဘူးလား"

"မပြောဘူးခင်ဗျ။ ဘာကိစ္စ သူ့မှာ ရှိလို့လဲ"

"ပြီးခဲ့တဲ့အပတ်လောက်က ဆရာမလေးကို သူ့အိမ်က လူတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်ကြတယ်"

"ခင်ဗျာ…"

"သိပ်မစိုးရိမ်ပါနဲ့ ကိုမင်းဦး။ အဲဒီလူက သူတို့မိဘက ပိုက်ဆံချမ်းသာတာကလွဲလို့ ဘာမှ သုံးမရတဲ့ အကောင်။ လူ့ဘော်ကြော့။ ရပ်ကွက်ထဲလည်း အော့ကြောလန်။ ကိုမင်းဦးနဲ့တော့ တခြားစီပါဗျာ"

ကိုမင်းဦး မျက်နှာအကြီးအကျယ်ပျက်သွားသည်ကို တွေ့ရသည်။

"ကျွန်တော် သူ့ဆီက အဖြေတောင်းတိုင်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ သူ့မိဘစီစဉ်တာကိုပဲ လက်ခံမယ်လို့ အမြဲပြောဖူးတယ်။ မိဘအပေါ် စိတ်ချမ်းသာအောင် တစ်သက်လုံး လေးစားရိုသေလာခဲ့ပြီး အိမ်ထောင်ရေးကျမှ မိဘတွေ စိတ်မဆင်းရဲစေချင်ဘူးတဲ့…။ ဟား…"

သားဦး ကိုမင်းဦးကြည့်ရတာ ခရစ်ဒိုးကျည်မှန်သော ဂေါ်ဇီလာ တစ်ကောင် ခြေပစ်လက်ပစ် လဲကျသွားသလို ထင်ရသည်။ သူ့အကွက်ထဲသို့ တည့်တည့်ဝင်လာပြီလည်း ဖြစ်၏။

"စိတ်ဓာတ်မကျပါနဲ့ ကိုမင်းဦး။ အခု ကျွန်တော် သိရသမျှဆိုရင် ကိုမင်းဦးအတွက် မျှော်လင့်စရာ အချက်နှစ်ချက် ရှိပါသေးတယ်"

"ပြောစမ်းပါဗျာ...။ ကျွန်တော် ခင်ဗျားတို့ကို အားကိုးပါတယ်"

သားဦး ခဏစဉ်းစားဟန်လုပ်ကာ လေသံကို တတ်နိုင်သမျှ ထိန်းကာ ပြောရသည်။

"ပထမတစ်ချက်က ဆရာမကိုယ်တိုင်က သူ စေ့စပ်ထားတဲ့ ကိစ္စကို ဖွင့်ဟမပြောသေးတာပဲ။ သူသာ မိဘစကားကို အတိအကျ လိုက်နာတော့မယ်လို့ ဆုံးဖြတ်ပြီးပြီဆိုရင် ကိုမင်းဦးကို ဒီစကားနဲ့ ယတိပြတ် ငြင်းလို့ရတာပဲ"

ကိုမင်းဦးမျက်နှာ ဝင်းထိန်ကာ သွား၏။

"ဟာ...ဟုတ်တယ်ဗျ။ မိဘစကားကို နားထောင်မယ်ပဲ ပြောဖူးတယ်။ စေ့စပ်တော့မယ်လို့ တစ်ခါမှ မပြောဖူးဘူး"

"ဒါဆိုရင် ဒီအချက်ဟာ ဆရာကိုမင်းဦးအပေါ်မှာလည်း ဆရာမလေးက လုံးဝမဖြစ်နိုင်ဘူးလို့ တွေးမထားသေးတာ သေချာတယ်"

ပေစိဝင်ပြောသော စကားကြောင့် ကိုမင်းဦး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွား၏။ မျက်နှာလည်း ရဲခနဲဖြစ်သွားသည်။ သူတို့အားလုံးကို ကျေးဇူးတင်ခြင်း၊ အားကိုးခြင်း စသောအကြည့်ဖြင့် ကြည့်လေသည်။

"ဒု...ဒုတိယအချက်ကရောဗျ။ ဘာလဲဗျာ... ကူညီကြပါဦး"

"ဒုတိယအချက်က ဆရာမလေးနဲ့ စေ့စပ်တဲ့အကောင်ဟာ အော့ကြောလန်၊ ဆေးသမား၊ အလကားကောင်ဆိုတာ ဆရာမလေး လုံးဝ မသိသေးဘူး။ သူတို့ချင်း မိဘချင်းစကားပြောပြီး လူငယ်တွေချင်း ဆုံမပေးကြသေးဘူးဗျ။ ကျွန်တော်တို့ ကြားတာတော့ ကောင်လေးဘက်က သူ့သားကို အချိန်မီပြုပြင်လို့ရအောင် အချိန်ဆွဲထားတယ်ဆိုပဲ။ ဒါပေမဲ့



www.foreverspace.com.mm

www.foreverspace.com.mm



ကျွန်တော်တို့သိသလောက်တော့ ဒီလိုကောင်မျိုးဟာ သိကြားမင်း ကိုယ်တိုင် ဆင်းကယ်ပြီး နောင်ဘုရားပွင့်တာတောင် ဒီဘဝက လွတ်မဲ့ ကောင်မျိုး မဟုတ်ဘူး"

ကိုမင်းဦးက သားဦးကို နားလည်သလို ကြည့်၏။ မောင်မိုးက ဝင်ရှင်းပြ၏။

"သားဦးဆိုလိုတာက ဆရာမလေးနဲ့ ဒီကောင် လူချင်းတွေ့ရင် ဒါမှမဟုတ် ဒီကောင့်အကြောင်းကို ကြားရင် ဆရာမလေးလို ဣန္ဒြေ သိက္ခာမျိုးနဲ့ ဒီကောင့်ကို လုံးဝ လက်ထပ်ချင်စိတ်ရှိမှာ မဟုတ်ဘူးလို့ ဆိုလိုတာပဲ"

"ဒါဆိုရင် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ဘာလုပ်ရမလဲ။ ဒီကောင့်အကြောင်း မျိုးကို ကျွန်တော် သွားပြောပြလိုက်ရမလား"

"ဟာ...မလုပ်နဲ့...မလုပ်နဲ့။ အဲ့ဒီအကြောင်းကို အရင်တုန်းက မသိသလိုဘဲ ကိုမင်းဦးက နေပါ။ ဆရာမလေးကို ဒီကောင့်အကြောင်း သွားပြောရင် ကိုမင်းဦးက မိန်းမလို မိန်းမရဆန်ရာ ရောက်သွားမှာပေါ့။ ဆရာမလေးသိအောင် တစ်နည်းနည်းနဲ့ ကြံပါ့မယ်"

"ဒါဆိုရင် ကျွန်တော် ဘာဆက်လုပ်ရမှာလဲ ပြောပါဗျာ။ တတ်နိုင် သလောက် ကျွန်တော့်ကို ကူညီပါဦး"

ကိုမင်းဦးပုံစံက အခုနေ သူတို့သုံးယောက်စလုံး စကားဖြတ်ပြီး ထထွက်သွားရင်တောင် သူ့တို့အိမ်အထိ လိုက်မေးတော့မည့် ပုံစံမျိုး ဖြစ်နေတာကို သားဦး သတိထားမိသည်။ မိန်းကလေးတစ်ယောက်ကို ချစ်သူရသူ၏ ဒုက္ခကလည်း မသေးပါလားဟု သားဦး နားလည်သွားသည်။

"ကိုမင်းဦးလုပ်ရမှာက ဒီတစ်လအတွင်း ဆရာမလေးဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေကို ရိုးသားဖြူစင်တဲ့နည်းနဲ့ အချိန်ဆွဲမနေဘဲ

www.foreverspace.com.mm



ရအောင် တောင်းဖို့ပဲ''

ကိုမင်းဦး တွေဝေကာ သွား၏။ ပြီးတော့ သူ့ကိုယ်သူ အားမရခြင်း။ ဆရာမလေးကို လက်လွှတ်လိုက်ရမှာကို စိုးရိမ်ခြင်းတို့ဖြင့် ဝမ်းနည်းစွာပြောသည်။

''အေးဗျာ…။ ကျွန်တော်လည်း ဒီအဖြေကို တောင်းတော့ တောင်းတာပါပဲ။ ဒါပေမဲ့ သူ့မှာ ဒီလိုအခြေအနေထိ ဖြစ်နေမှန်း မသိတော့ အခွင့်အရေးရတိုင်း အသုံးမချမိခဲ့ဘူး။ ကျွန်တော့်ကို အခွင့်အရေးသမားလို့ ထင်သွားမှာလည်း စိုးရိမ်တာ တစ်မျိုးပေါ့ဗျာ''

သားဦးတို့ ဘာမှမပြောဘဲ ခဏငြိမ်နေလိုက်ကြသည်။ ကိုမင်းဦးလည်း အဝေးကိုငေးကာ နှုတ်ဆိတ်နေ၏။ ခဏနေမှ ပေစိက…

''ငါ့စိတ်ထင်တော့ ဆရာမလေးက ကိုမင်းဦးလို လူတစ်ယောက်ကို ငြင်းစရာ ဘာမှမရှိဘူး သားဦးရ…။ ခက်နေတာက ကိုမင်းဦးနဲ့ ဆရာမလေးကြားမှာ Tempo မရှိဘူး ဖြစ်နေတာ''

အဝေးသို့ငေးနေရာမှ ကိုမင်းဦး ပေစိဘက်သို့ ဖျတ်ခနဲ လှမ်းကာ ကြည့်၏။

''Tempo ဟုတ်လား…''

''ကျွန်တော်ဆိုလိုတာက မိန်းကလေးတစ်ယောက်ဟာ အားငယ်နေချိန်၊ ဒုက္ခရောက်နေချိန်မှာ ကူညီတဲ့သူကို အရမ်းလေးစားအားကိုးသွားတတ်တယ်။ အဲဒါမျိုးကို ပြောတာ…။ ကိုမင်းဦး ဖြစ်ခဲ့ဖူးလား၊ ကိုမင်းဦးမှာ အဲဒီ အဖြစ်အပျက်မျိုး ရှိခဲ့ဖူးလား''

ကိုမင်းဦးက တွေခနဲ တစ်ချက်စဉ်းစားပြန်သည်။ ပြီးမှ ခေါင်းကို ဖြည်းညှင်းစွာခါရမ်း၍ မျက်နှာကို မဲ့သည်။

''သူနဲ့ ကျွန်တော် ကျောင်းမှာတွေ့တယ်။ စာသင်ချိန်ခဏနားရင်

စကားနည်းနည်းပါးပါးပြောရတယ်။ ကျောင်းဆင်းရင် မှတ်တိုင်အထိ လမ်းအတူလျှောက်ရတယ်။ အဲဒါပဲ ရှိတယ်ဗျာ…"

"စိတ်မာတ်မကျပါနဲ့ ကိုမင်းဦးရာ…။ မရှိသေးရင် ရှိအောင် ဖန်တီးလို့ရပါတယ်။ ကျွန်တော်တို့လည်း အေးအေးဆေးဆေး စဉ်းစားပါဦး မယ်။ သေချာတာတစ်ခုကတော့ ဆရာမလေး အိမ်ထောင်ကျမယ်ဆိုရင် ကျွန်တော်တို့က ကိုမင်းဦးနဲ့ပဲ ဖြစ်စေချင်တယ်။ ဆရာမလေးနဲ့ ကိုမင်းဦးက ရှေ့သွားနောက်လိုက် သိပ်ညီတာပဲ"

စကားဝိုင်းဆုံးတော့ ကိုမင်းဦးက လက်ဖက်ရည်ဖိုး အတင်းလုကာ ရှင်းသည်။ သူတို့သုံးယောက်စလုံးကို လက်အကြိတ်နှစ်ဆယ် လောက်ဆီ လှုပ်ရမ်းကာ နှုတ်ဆက်၏။ ဆရာမလေးနှင့် သူ့ကိစ္စမှန်သမျှ ပြောပြပါမည် ဟု ကတိပေးသည်။ သူ့ကို တတ်နိုင်သမျှ အကူအညီပေးကြပါဟုလည်း အကြိမ်ကြိမ်ပြောသည်။

သူတို့၏ ပထမဦးဆုံး ပစ်ချက်သည် ပစ်မှတ်ကို ရာနှုန်းတစ်ရာ တိတိ ထိမှန်သည်ဟု ဆိုနိုင်ပါသည်။

♦



www.foreverspace.com.mm

www.foreverspace.com.mm



ဒီနေ့ညနေ မျိုး၏ ကျောင်းအဆင်း အိမ်ပြန်ချိန်သည် ယခင်နေ့များတုန်းကလို လန်းဆန်းတက်ကြွခြင်းမရှိ။ စိတ်ထဲမှာ လေးလံနောက်ကျိရှုပ်ထွေးနေခဲ့သည်။ ယခင်နေ့များကဆိုလျှင် စာသင်ပင်ပန်းလို့ ကျောင်းအဆင်း အိမ်အပြန်လမ်းမှာ ညနေခင်း လေကလေးရှူလိုက်ရလျှင် အမောပြေလန်းဆန်းသွားလေ့ရှိသည်။ ဒီနေ့တော့ စာသင်ရတာလည်း မပင်ပန်းပါဘဲနှင့် သူ့စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးနေခဲ့သည်။ အရင်တုန်းက သူ့အပေါ် အမြဲတမ်းနားလည်မှုနှင့် အခွင့်အရေးမယူခဲ့သော ကိုမင်းဦးသည် ခုတော့ လူချင်းမတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် အဖြေကို နည်းမျိုးစုံနှင့်တောင်း၊ စာတိုစာရှည်များကလည်း နှစ်ရက်ကို တစ်ကြိမ်လောက် ပေး၏။ ကျန်ဆရာ၊ ဆရာမများနှင့် တပည့်များ ရှေ့မှာမို့ သိက္ခာကို ထိန်းကာ အတတ်နိုင်ဆုံး စိတ်ကို ချုပ်ထိန်းကာ နေခဲ့သည်။ ထို့ကြောင့် သူ့စိတ်တွေ ရှုပ်ထွေးမွှန်းကြပ်နေတာပဲ ဖြစ်ရမည်။

အတွေးနှင့် လမ်းလျှောက်လာတုန်း 'ဆရာမ' ဟူသော ခေါ်သံကို ကြားရသဖြင့် လှည့်ကြည့်တော့ သူ့နံဘေးတွင် သပ်ရပ်သော အဝတ်အစားနှင့် လက်ကိုနောက်ပစ်ကာ ရိုရိုကျိုးကျိုးရပ်နေသော သားဦးကို တွေ့ရသည်။ အံ့သြစိတ်နှင့်အတူ ပြုံးကာ ခေါင်းကို တစ်ချက်ဆတ်ပြရင်း

www.foreverspace.com.mm

ခေါ်သံကို အသိအမှတ်ပြုလိုက်သည်။

"ဆရာမ အချိန်နည်းနည်းရမယ်ဆိုရင် ဒီအအေးဆိုင်လေးမှာ ခဏထိုင်ပေးပါလား"

ကြားလိုက်ရသောစကားကြောင့် သူ့မျက်နှာ တင်းခနဲဖြစ်သွားဟန်တူသည်။ သားဦးပြောသည့် အအေးဆိုင်ကလေးက ခြံကျယ်ကျယ်ထဲမှာ ခုံကလေးတွေချပြီး အေးအေးဆေးဆေးရောင်းသော လူသိပ်မရှုပ်သည့် ဆိုင်ကလေးတစ်ဆိုင်ဆိုတာကို သူ သိပါသည်။

"ဟာ…မဟုတ်ပါဘူး ဆရာမ။ ကျွန်တော်…ကျွန်တော် ဆိုလိုတာက ဆရာမကို ကျွန်တော် တောင်းပန်ချင်လို့ပါ။ ဆိုင်ထဲမှာ ဟိုကောင်တွေလည်း အကုန်လုံးရှိပါတယ် ဆရာမ။ ရှင်းမပြဘဲ ခေါ်လိုက်မိတာ ကျွန်တော် တောင်းပန်ပါတယ်။ ဆရာမကို စော်ကားတာ မဟုတ်ရပါဘူး"

အခြေအနေကို မျိုး ချက်ချင်းနားလည်လိုက်သည်။ ရည်ရည်မွန်မွန် တောင်းတောင်းပန်ပန် ဖိတ်ခေါ်နေသဖြင့် ငြင်းရန်လည်း ခက်၏။ လက်မှနာရီကို အသာငုံ့ကြည့်တော့ ၃း၂၀နာရီ။

"ဆရာမ သိပ်တော့ အချိန်မရဘူး။ ဒါပေမဲ့ ဆရာမ လိုက်ခဲ့ပါ့မယ်"

ဆိုင်ကလေးထဲရောက်တော့ အားလုံးက ထရပ်ကာ ရိုရိုသေသေ နေရာပေးကြသည်။ စိတ်ထဲမှာ အားပင် နာမိသွား၏။

"အဲဒီနေ့က ကျွန်တော့်ရဲ့ မစသင့်မနောက်သင့်တဲ့ လုပ်ရပ်ကြောင့် ကျွန်တော်တို့အားလုံးလည်း ဒုက္ခရောက်ခဲ့ကြတယ်၊ ဆရာမလည်း နေရင်းထိုင်ရင်း စခန်းတွေဘာတွေ လိုက်ရတယ်။ ဆရာမ ကယ်ပေလို့ပေါ့ …။ မဟုတ်ရင် အိမ်ကမိဘတွေသိပြီး ကျွန်တော်တို့ ကောင်းကောင်း ဒုက္ခရောက်မှာ။ ကျွန်တော်တို့အားလုံး ဆရာမအိမ်လာပြီး ကျေးဇူးတင်ကြောင်း

www.foreverspace.com.mm



ပြောမလိုပါ။ ဒါပေမဲ့ လူကြီးတွေရှိတော့ သိက္ခာမှာကြောက်လို့ ဒီနေရာက စောင့်ပြီး ဆရာမကို တောင်းပန်ရတာ ခွင့်လွှတ်ပါ"

"ရပါတယ်ကွာ…။ အမှားကနေ အမှန်ကို ပြောင်းလဲတယ်ဆိုတာ နေရာဒေသ မလိုပါဘူး။ ဘယ်နေရာဖြစ်ဖြစ် ရပါတယ်။ အဲဒီနေ့က ဆရာမ မင်းတို့ကို အာမခံပေးတယ်ဆိုတာလည်း မင်းတို့မိဘတွေကို မမြင်ဖူးပေမဲ့ မိဘရဲ့မေတ္တာကို ကိုယ်ချင်းစာတာရယ်၊ ဘာမဟုတ်တဲ့ နောက်ပြောင်မှုလေးတစ်ခုနဲ့ မိဘနဲ့သားသမီးကြားမှာ မလိုလားအပ်တဲ့ ပြဿနာအကြီးအကျယ်တက်ကြမှာကို စိုးရိမ်လို့ရယ်ပဲ။ မိဘမေတ္တာဆိုတာ မမြင်ဖူးတဲ့သူကိုတောင် ထိရောက်တယ်ဆိုတာ မင်းတို့ မှတ်ထားကြ"

သူ့စကားကို အားလုံး ခေါင်းငုံ့ငြိမ်သက်စွာ နားထောင်နေကြသည်။ သူ့စိတ်ထဲမှာ တော်တော်ကျေနပ်သွား၏။ သူတို့အားလုံးကို ကြည့်ရတာ လူငယ်ဆိုသော်လည်း သူ့ထက် အသက် လေးငါးနှစ်လောက်သာ ငယ်ကြလိမ့်မည် ထင်သည်။

"နေစမ်းပါဦး…။ အဲဒီနေ့က ဒီလိုနောက်ဖို့ အစီအစဉ်ကို ဘယ်သူက စတာလဲ"

"ကျွန်တော် စတာပါ ဆရာမ"

သားဦးက ခေါင်းငုံ့လျက်ပင် ဖြေသည်။

"အေးကွာ…။ စတယ် နောက်တယ်ဆိုတာ ကာလဒေသ ကြည့်ရတယ်ကွ။ ဒီလို ညအချိန်မတော် ဒီလိုပုံစံမျိုးနဲ့ မိန်းကလေးနှစ်ယောက်ကို မနောက်သင့်တာ အမှန်ပဲ"

"ဟုတ်တယ်…ဆရာမ။ အဲဒီနေ့က သမီးတို့နှစ်ယောက်ကိုပဲ အာမခံပြီး သူတို့ကို ထားပစ်ခဲ့ဖို့ကောင်းတာ။ ဒါမှ ဒီကောင်တွေ မှတ်လောက်သားလောက် ဖြစ်သွားမှာ"

www.foreverspace.com.mm

ကောင်မလေးနှစ်ယောက်အနက် ခပ်စွာစွာ ရှိဟန်တူသော တစ်ယောက်က ဝင်ပြောသဖြင့် စကားဝိုင်းက ဆူညံကာသွားသည်။ တစ်ယောက်နှင့်တစ်ယောက် ထုကြရိုက်ကြနှင့် စကားဝိုင်းက ပျော်စရာလေး ဖြစ်သွားသည်။ သူတို့အချင်းချင်း နောက်တဲ့အထဲမှာ သူကလည်း ဝင်ကာ ရယ်မောဖြစ်၏။ ကောင်မလေးနှစ်ယောက်က သားဦးသူငယ်ချင်း နှစ်ယောက်၏ ညီမဝမ်းကွဲလေးတွေဖြစ်သည်။ နယ်မှာ တက္ကသိုလ်တက်ကြ၏။ ကျောင်းပိတ်တုန်း ရန်ကုန်မှာ အစ်ကိုတွေဆီ ခဏလာလည်ခြင်းဖြစ်၏။

ထို့နောက် သားဦးက စကာ သူ့ကို တောင်းပန်သည်။ ကျန် ငါးယောက်ကလည်း သူမကို တစ်ယောက်စီ တောင်းပန်ကြပြန်၏။ နောက်ပိုင်းလည်း လိမ်လိမ်မာမာနေကြမည်ဟု ကတိပေးကြ၏။ သားဦး ကတော့ သူနှင့် သုံးလေးငါးကြိမ် ရင်းနှီးပြီးသားမို့ တောင်းပန်သည့်အပြင် သူ့အစီအစဉ်များကိုပါ ပြောပြ၏။ သူ ယခင်တုန်းကလို ဆိုးသည့်မိုက် သည့်ကိစ္စများ မလုပ်တော့ကြောင်း၊ သူ့မိဘများလည်း ဝမ်းသာနေကြ ကြောင်း၊ ယခု သူကုမ္ပဏီတစ်ခု၏ ဒုတိယမန်နေဂျာစာမေးပွဲကို ဝင်ရောက် ဖြေဆိုရန် သင်တန်းတက်လျက်ရှိကြောင်း စသည်တို့ကို အစီအစဉ်တကျ အားတက်သရော ပြောပြသည်။ ပြီးတော့…

"ကျွန်တော် အခုလို လမ်းမှန်ပေါ် ပြန်ရောက်လာတာ ဆရာမ ကျေးဇူးပါပဲ။ ကျွန်တော့်ကို အချိန်မရွေးနေရာမရွေး မောင်တစ်ယောက်ကို အမြင်မတော်တာတွေ့ရင် ဆုံးမနိုင်ပါတယ် ဆရာမ"

"အေးကွာ…။ မင်း အခုလို ပြောင်းလဲလာတယ်ဆိုတာ ဆုံးမသူ ထက် ပြောင်းလဲသူကသာ ပဓါနကျတာပါ။ ကျေးဇူးတင်ရမယ်ဆိုရင်တောင် တို့က ၁၀%လောက်ပဲ ရှိပါတယ်"

www.foreverspace.com.mm

သူ့စကားဆုံးတော့ ကန့်ကွက်သံတွေ ဆူညံသွားပြန်၏။ နောက်ဆုံးတော့ သူတို့ ဆုံးဖြတ်သည့်အတိုင်း သူမ၏ ကူညီမှုကို ၅၀%နှင့် သဘောတူလိုက်ရသည်။

ခဏသာထိုင်မည်ဟု ပြောခဲ့သော်လည်း ၄၅ မိနစ်ခန့် ကြာသွားသည်။ အားလုံးနှုတ်ဆက်ပြီး အိမ်ကိုပြန်တော့ မျိုးစိတ်ထဲမှာ ခုနကလို နောက်ကျို ရှုပ်ထွေးနေတာတွေ မရှိတော့။ ပတ်ဝန်းကျင်မှ အရာရာသည် အရင်နေ့တွေတုန်းကလို ပြန်လည် လှပကာလာသည်။ ရင်ထဲမှာလည်း မိမိကိုယ်ကို မိမိ ကျေနပ်သော ပီတိဖြင့် နွေးထွေးကာ နေလေသည်။

♦

www.foreverspace.com.mm



ထိုဆယ်ရက်အတွင်း သားဦးဘက်က မြင့်မိုရ်ုမြတ်၏ ဆုံးမမှုကြောင့် ပြန်လည်လိမ်မာလာသည့် လူတစ်ယောက်အဖြစ် နေထိုင်ခဲ့သည်မှာ ရာခိုင်နှုန်းပြည့် အောင်မြင်သော်လည်း ကိုမင်းဦးဘက်က ကြားရသည့် အခြေအနေက မကောင်းလှ။ အဖြေရရေးကို ပါးပါးနပ်နပ်မဟုတ်ဘဲ စိုးရိမ်တကြီး ကြိုးစားသည့်အတွက် ဆရာမက သူ့ကို လူမှုရေးအရသာ ဆက်ဆံတော့သည်ဟု ဆိုသည်။

သားဦးက စိတ်ဓာတ်ကျနေသော ကိုမင်းဦးကို စိတ်ဓာတ်မကျစေရန် အားပေးပြီး အဖြေတောင်းသည့်ကိစ္စကို မုန့်လိုချင်နေသော ကလေးတစ်ယောက်လို တတွတ်တွတ်မပူဆာရန် သတိပေးလိုက်ရသေး၏။

မနေ့ကတော့ ကိုမင်းဦးက သူတို့ကိုတွေ့ပြီး အားရဝမ်းသာပြောသည်။ စနေနေ့ နေ့လယ်တစ်နာရီ လူရှင်းသော ပန်းခြံတစ်ခုမှာ တွေ့ရန် ဆရာမက ချိန်းသည်ဟုဆို၏။ အဲဒီမှာပင် သားဦး သူ့ ဒုတိယအစီအစဉ်ကို စရတော့သည်။ ထိုအစီအစဉ်မှာ ကိုမင်းဦးကို ဆရာမက လေးစားအားကိုးယုံကြည်သွားရန်ပင်ဖြစ်၏။ သူ ကိုမင်းဦးနှင့် သေချာစွာ တိုင်ပင်သည်။ စကားလုံးနှင့် အမူအရာမမှားအောင် အကြိမ်ကြိမ် သတိပေးရသည်။ ကိုမင်းဦးကလည်း ထိုအစီအစဉ်ကို တော်တော် သဘောကျသည်။ သူ့ကို

လည်း တော်တော်ကျေးဇူးတင်သွား၏။

ဖြစ်ချင်တော့ အစီအစဉ်ချမည့် ဒီနေ့ကျမှ အပြောင်းအလဲတစ်ခု ဖြစ်သည်။ ဆရာမက မူလချိန်းထားသော နေ့ခင်း ၁နာရီအစား မနက် ၁၀နာရီဟု ပြောင်းလိုက်ခြင်းပင်ဖြစ်သည်။ ပထမအစီအစဉ်အတွက်က ပြဿနာမရှိ။ ဒုတိယအစီအစဉ်အတွက် ကိုမင်းဦးနှင့်အတူ သရုပ်ဆောင် ရမည့် သူ့လူတွေကို မိတ်ဆက်ပေးရန် အချိန်မရှိတော့။ သို့သော် … ကိစ္စမရှိ။ အစီအစဉ်အားလုံးကို တိုင်ပင်ပြီးသားဖြစ်သဖြင့် ကိုမင်းဦး နားလည်လိမ့် မည်ဟု သူ ယူဆလိုက်သည်။ သို့နှင့် သူ့လူတွေအားလုံးကို ခေါ်ကာ ပန်းခြံရှိရာသို့ ၉ နာရီကတည်းက ရောက်အောင် စောစော ထွက်ခဲ့ရသည်။

ဒီအစီအစဉ်မှာ သူကိုယ်တိုင်ကတော့ မပါဟု ပထမကြံစည်ထား သော်လည်း ညကမှ အကွက်ကောင်းလေးတစ်ခုကို စဉ်းစားမိလိုက်သဖြင့် ပါးပါးကလေးဝင်ပါရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သူစီးလာသည့် ဘတ်စ်ကားပေါ်မှာရော ပန်းခြံအတွင်းသို့ ဝင်လာ သော လမ်းတစ်လျှောက်လုံးမှာပါ နံဘေးတွင် ပါလာသော ကိုမင်းဦးသည် မျိုးကို စကားတစ်ခွန်းမှ မပြောသဖြင့် စိတ်သက်သာရာရပါသည်။ သူ့ မျက်နှာထား နည်းနည်းတင်းနေလို့များလားဟု စိတ်ထဲမှာတွေးမိကာ နည်းနည်းအားနာစိတ်ကလေး ဖြစ်သွားသည်။ သို့သော် အခုပြောမည့် ကိစ္စက ကိုမင်းဦးကမ်းလှမ်းမှုသည့် သူ့ဘဝအတွက် လုံးဝမဖြစ်နိုင်တော့သဖြင့် ဆက်လက် မည်သည့်ကြိုးစားမှုကိုမျှ မလုပ်ပါရန် ယတိပြတ်ပြောဖို့ လာခြင်း ဖြစ်သည့်အတွက် မျက်နှာထားကို ဒီအတိုင်းထားတာပဲ ကောင်းပါတယ်ဟု စိတ်ကူးမိသဖြင့် အားနာစိတ်ကလေးကို ဖျောက်ပစ်လိုက်သည်။



www.foreverspace.com.mm

ပန်းခြံထဲဝင်အပြီး ပုဏ္ဏရိပ်တန်းကလေးကို အကျော်တွင် 'ဟယ်…ဆရာ'ဟူသောအသံနှင့် လျှာကလေးတွေ တစ်လစ်ထုတ်ပြီး ရုတ်တရက် ကြောက်ရွံ့သွားပုံရသည့် ကောင်မလေးနှစ်ယောက်ကို တွေ့ရသည်။ ကိုမင်းဦးက ရပ်လိုက်သဖြင့် သူလည်း လိုက်ရပ်လိုက်ရသည်။ ကောင်မလေးနှစ်ယောက်၏ အကြည့်က ကိုမင်းဦးထံမှ သူ့ဆီသို့ လွင့်ခနဲ ရောက်ကာလာသည်။

"မင်းတို့ ဒီကို ဘာလာလုပ်ကြတာလဲ"

ကိုမင်းဦးအသံက မတင်းမာသော်လည်း ပြတ်သားသည်။ ကောင်မလေးနှစ်ယောက် ခေါင်းငုံ့သွားသည်။ တစ်ယောက်က မရဲတရဲ ကြည့်ရင်း…

"ဟို…သမီးတို့ စာလာကျက်တာပါ ဆရာ။ အိမ်မှာဆို ဘေးလက်ဖက်ရည်ဆိုင်တွေက ကက်ဆက်သံတွေ ဆူနေတာနဲ့…"

"မင်းတို့နှစ်ယောက်တည်းလား"

"ဟုတ်ပါတယ်ဆရာ။ သမီးတို့နှစ်ယောက်တည်းပါ။ အိမ်က အဖေနဲ့အမေကိုလည်း ပြောလာပါတယ်"

ကိုမင်းဦးက တစ်ချက်စဉ်းစားပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကာကြည့်သည်။ ပြီးမှ…

"ပန်းခြံဆိုတာ မိန်းကလေးနှစ်ယောက်တည်း လာသင့်တဲ့နေရာ မဟုတ်ဘူး။ နောက်ကို တိတ်ဆိတ်တဲ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ စာစုကျက်ကြ။ ကြားလား…"

"ဟုတ်ကဲ့ပါ…ဆရာ"

ကောင်မလေးနှစ်ယောက်က ခေါင်းကိုငုံ့ ကိုယ်ကိုရွံ့ကာ သူ့ဘေးနားက ကပ်ထွက်သွားကြသည်။ သူ့နောက်ကျောကို ရောက်ရောက်ချင်း

www.foreverspace.com.mm



'ဟယ်…ချောလိုက်တာနော်'၊ 'အေးဟယ်‥ဆရာမက ငါတို့ကို ဝှက်ထားတာဟ'ဟူသော အသံကိုကြားလိုက်ရ၏။ ကိုမင်းဦးက သူ့ကို အားနာသလို တစ်ချက်ငဲ့ကြည့်ရင်း…

"လမ်းထဲက ကောင်မလေးတွေလေ…။ စာမေးပွဲနားနီးလို့ စာပြပေးနေတာ။ ငွေကြေးမပြည့်စုံတဲ့မိဘတွေရဲ့ ကလေးတွေချည်းပါပဲ။ ကျွန်တော်က စေတနာနဲ့ ပြပေးတာပါ။ တစ်နှစ်လုံးတော့ မဟုတ်ဘူးပေါ့…။ စာမေးပွဲ ဖြေဖို့ သုံးလေးလလောက်လိုမှပါ"

"အင်း…ကောင်းသားပဲ ကိုမင်းဦးရဲ့"

"ကျွန်တော်က ပထမ ဆရာမကိုတောင် အကူအညီတောင်းဦးမလို့။ ဆယ်တန်းစာတွေ ပြန်လုပ်နေရင် ဆရာမ အလုပ်ရှုပ်နေမှာစိုးလို့"

"ရပါတယ်…။ လိုအပ်ရင် ပြောလေ"

စကားစ ပြတ်သွားကြပြန်သည်။ အခုထိ ထိုင်ခုံတန်းလေးတွေကို မတွေ့ရသေး။ ဈေးဆိုင်တန်းနားကိုလည်း မရောက်သေး။ စုံတွဲတွေလို သစ်ပင်အောက်မှာ ထိုင်စကားပြောဖို့ကိုတော့ သူ လုံးဝ စိတ်မကူးပါ။ ထိုအချိန်မှာပင်…

"ဟာ…ဆရာ ဘယ်ကိုလာတာလဲ"ဟူသော နှုတ်ဆက်သံကို ကြားရပြန်၏။ ဒီတစ်ခါ နှုတ်ဆက်သူကတော့ အသက် ၆၀ ခန့်ရှိမည်ထင်ရသည် အမျိုးသားကြီးတစ်ဦးဖြစ်လေသည်။ အဝတ်အစားဝတ်စားထားပုံက နွမ်းနွမ်းပါးပါးရှိ၏။ ထိုလူကြီးကလည်း သူမကို တစ်ချက်လှမ်းကြည့်ကာ…

"အဟဲ…ကျွန်တော် စကားမှားသွားတယ်ဆရာ။ ပန်းခြံထဲမှာ တွေ့မှ ဘယ်လာတာလဲ မေးရတယ်လို့"

သူမမျက်နှာ ရဲခနဲဖြစ်သွားပြီး ခေါင်းကို ငုံ့ထားလိုက်ရသည်။

www.foreverspace.com.mm



ရပ်ကွက်နှင့်ဝေးဝေး လူရှင်းသည့်နေရာကို လာပါသည်ဆိုမှ ကိုယ့်အသိနှင့်မတိုးဘဲ သူ့အသိနဲ့ချည်း တိုးနေသည်။

"ဟား…ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ကိုအုန်းမောင်။ ကျွန်တော့်ကိစ္စရှိလို့ လာတာ။ ဟိုကောင် မြင့်မောင်အခြေအနေက ဘယ်လိုလဲ"

"ဟား…ဆရာ့တပည့်က ကျောင်းစာကို စိတ်မဝင်စားပေမဲ့ ဆရာသွင်းပေးတဲ့ ဝပ်ရှော့မှာတော့ တော်တော်လေး အဆင်ပြေနေပြီဆရာ။ အခုဆို ဝပ်ရှော့ဆရာက လက်လွှဲရတဲ့အဆင့်တောင် ရောက်နေပြီ။ ဆရာ့ကိုတောင် လာကန်တော့ဦးမယ် ပြောတာပဲ ဆရာ"

"မြင့်မောင်ကို ပြောလိုက်။ ကျွန်တော့်ကို မကန်တော့နဲ့၊ မိဘအပေါ်ကိုသာ သိတတ်လို့"

"ကျွန်တော့်အဖို့ကတော့ အရေးမကြီးပါဘူး ဆရာရယ်။ အခုဝင်ငွေကလေးကောင်းလာတော့ မိန်းမလိုချင်ပြီ ထင်ပါရဲ့ ဆရာရဲ့။ ဒါနဲ့ ဆရာ့ဆီကရော ဘယ်တော့စားရမှာလဲ"

"ဟာ…ဦးအုန်းမောင်။ ခင်ဗျာ ဘာတွေပြောနေတာလဲ။ ကဲ…သွားတော့…သွားတော့။ ဒီကောင်အားရင် ကျွန်တော့်ဆီ လွှတ်လိုက်ဦး"

ထိုလူကြီးက တဟားဟားအော်ရယ်ကာ ထွက်သွားသည်။ ဒီတစ်ခါတော့ ကိုမင်းဦးကလည်း ရှင်းမပြ၊ သူကလည်း ဘာမှမမေး။ မွန်ထူကာ လမ်းကိုသာ ဖိလျှောက်နေမိ၏။ ဘယ်နေရာရောက်လို့ ရောက်မှန်းပင် မသိ။ ထိုအချိန်မှာပင်…

"ဟိတ်ကောင်…မင်းဦး။ မိပြီ…။ မင်း ဘာငြင်းချင်သေးသလဲ"

သူတို့နှင့် အသက်အရွယ်တူခန့် စုံတွဲတစ်တွဲကို တွေ့၏။ ကိုမင်းဦးလက်ကိုလည်း နှုတ်ဆက်သူက ဆုပ်ကိုင်ထားသည်။ သည်တစ်ခါ

www.foreverspace.com.mm



တော့ သူ စောစောကလို ရပ်မနေတော့။ အရှိန်နှင့် ခပ်လှမ်းလှမ်းသို့ ဆက်လျှောက်လာခဲ့သည်။ ကိုမင်းဦး၏ တောင်းပန်သံသဲ့သဲ့၊ 'ညာမနေပါနဲ့ ကွာ' ဆိုသော စကားခပ်ကျယ်ကျယ်တစ်ခွန်း၊ 'ကိုမင်းဦးက အရှာတော် သားပဲ။ ကောင်မလေးက ချောလိုက်တာ' ဆိုသည့် မိန်းကလေးအသံ တစ်သံတို့ကို ကြားရသည်။ သူမ လှည့်မကြည့်တော့။ စိတ်ထဲမှာ ဘာကို ဒေါကန်ရမှန်း လည်းမသိ။ လှည့်ပြန်သွားရင် ကောင်းမလားဟု တွေးနေ မိသည်။ ဒါဆိုရင်လည်း ကလေးကလားဆန်သွားမှာပေါ့။ ဒီလို လုံးလည် ချာလည် လိုက်နေစဉ်မှာပင် ကိုမင်းဦးက အနားသို့ ရောက်လာသည်။

"ကဲ…ဆရာမရယ် ဒီခုံမှာပဲ ထိုင်လိုက်ကြရအောင်ပါ"

ခုံမှာထိုင်ပြီးပြီးချင်း နှစ်ယောက်စလုံး ဘာစကားမှ ပြန်မပြောနိုင် ကြ။ ခဏကြာမှ ကိုမင်းဦးက မရဲတရဲလေသံဖြင့် စကားစသည်။

"ဆရာမချိန်တဲ့နေရာကိုပဲ ကျွန်တော်လာတာပါ ဆရာမရယ်။ ဘယ်လိုဖြစ်ပြီး ဒီနေ့ကျမှ ကျွန်တော့်အသိတွေနဲ့ချည်းပဲ တိုးနေလဲ မသိပါ ဘူး။ ဆရာမကို အားနာလိုက်တာ"

"ရပါတယ်…ကိစ္စမရှိပါဘူး"

ကိုမင်းဦးကို ဘယ်က စပြောရမလဲဟု သူမ အလျင်အမြန် စဉ်းစား ရသည်။ အမှန်တော့ ဒီကိစ္စမျိုးက ဘာမှ စကားခင်းနေစရာမလို။ တိုက်ရိုက် ပြောရန်သာ ရှိ၏။ သို့သော် သူမ စိတ်ထားနည်းနည်းတော့ ပြောင်းသွား သည်။ ချစ်သူရည်းစားအဖြစ် လုံးဝမဖြစ်နိုင်သော်လည်း မိတ်ဆွေအဆင့်မြင့် ဆက်ဆံဖို့လောက်တော့ ကိုယ်က ခွင့်ပြုမည်ဟု ဆုံးဖြတ်လိုက်သည်။ စကားစမြည်ကြဲပြီး ကိုမင်းဦးဘက်အလှည့်တွင်…

"ဟာ…ဆရာမ"

အသံလာရာဆီသို့ လှမ်းကြည့်တော့ 'သားဦး'။ ရုတ်တရက်

www.foreverspace.com.mm



ရှက်စိတ်ကြောင့် သူမပါးပြင်တစ်ခုလုံး ပူထူကာ အမြင်အားလုံး ပြာဝေသွား၏။

"ဆရာမက အဖြူနဲ့အစိမ်းနဲ့ မဟုတ်တော့ ရုတ်တရက် မမှတ်မိဘူး ဖြစ်နေတာ"

"မင်း ဘယ်ကိုလာတာလဲ သားဦး"

အဓိပ္ပါယ်မရှိသောမေးခွန်းကို ကယောင်ကတန်းဖြင့် သူမေးလိုက်မိသည်။

သားဦးက တစ်ချက်ပြုံးကာ ကိုမင်းဦးကို လှမ်းကြည့်သည်။ မူလအစီအစဉ်ထဲတွင် သူ မပါသဖြင့် ကိုမင်းဦးလည်း ပြူးကြောင်ကြောင်ဖြင့် ပြန်ငေးနေတာ တွေ့ရ၏။ ဆရာမတော့ ဘေးကအတွဲကို သားဦးကြည့်သည်ဟုပင် ထင်ပါလိမ့်မည်။

"ဟိုကောင်တွေ ပန်းခြံထဲကဆိုင်မှာ ရှိမယ်ဆိုလို့ လာတာ ဆရာမ။ အေးအေးဆေးဆေးထိုင်နော် ဆရာမ။ ကျွန်တော် လိုက်သွားလိုက်ဦးမယ်။ သွားပါဦးမယ်ခင်ဗျာ..."

သားဦးက သူ့ကို နားမလည်စွာဖြင့် ငေးနေသော ကိုမင်းဦးကိုပါ ရိုရိုသေသေ နှုတ်ဆက်ကာ လစ်ထွက်ခဲ့သည်။ ပြီးမှ သူချိန်းထားသည့် ဘော်ဒါလေးယောက်ထံသို့ အသာလာခဲ့သည်။ ထိုလေးယောက်က တုတ်အတုနှစ်ချောင်း၊ အုတ်ခဲအတုတစ်ချက်ကိုကိုင်ကာ 'အခုဝင်တွယ်ရတော့မှာလား'ဟု ဆီးကာ မေးသည်။

"ခဏနေဦး...အစီအစဉ် ပြောင်းထားတယ်။ ကိုယ်က တီးဆိုမှ တီးတော့။ အခြေအနေအရ မလိုအပ်တာမျိုးလည်း ဖြစ်သွားနိုင်တယ်"

သားဦးတို့ပုန်းနေသောနေရာက ဆရာမတို့ကို ရှင်းရှင်းမြင်နေရသည်။ ဆရာမတို့က သားဦးတို့ကို လုံးဝ မမြင်နိုင်ပါ။

www.foreverspace.com.mm

"ကဲ…ဆရာ။ ကျွန်မတို့ ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ပါ"

"ဟုတ်ကဲ့…။ ပြောပါ ဆရာမ"

"ဆရာ ကျွန်မအပေါ် ကြိုးစားမှုဟာ လုံးဝ မဖြစ်နိုင်ပါဘူး။ ဆရာ ကျွန်မကို မိတ်ဆွေတစ်ယောက်လို ခင်နိုင်ပါတယ်။ ကူညီစောင့် ရှောက်နိုင်ပါတယ်။ အဲဒါ ကျွန်မဘက်က ပေးနိုင်တဲ့ နောက်ဆုံးအခွင့် အရေးပါပဲ။ ဆရာ ဆက်ပြီး ကြိုးစားနေမယ်ဆိုရင် အဲဒီအခွင့်အရေးကိုပါ ဆရာ ဆုံးရှုံးရလိမ့်မယ်"

ကိုမင်းဦးရင်ဘတ်ထဲက အသည်းနှလုံး၊ နားနှစ်ဘက်ထဲက ခုန်ထွက်သွားတော့မတတ် အံ့သြသွားမိသည်။ ဘယ်လိုဖြစ်တာလဲ…။ ဘာတွေဖြစ်တာလဲ…။

"ဟာ…ဆရာမရယ် ပြင်းထန်လှချည်လားဗျာ။ ဆရာမ အရင် တုန်းက အဲဒီလို မဟုတ်ပါဘူး"

"ကျွန်မအရင်တုန်းကတည်းက ကိုမင်းဦးကို လက်ခံနိုင်လောက် တဲ့ အပြုအမူ၊ အပြောအဆိုမျိုးနဲ့ တစ်ခါမှ မမြူဆွယ်ခဲ့ပါဘူး။ သာမန် မိတ်ဆွေထက်လည်း အနေအထိုင်၊ အပြောအဆို မပိုခဲ့ဘူး။ ကျွန်မ အိမ်က သဘောတူတဲ့သူ ရှိတယ်လို့တောင် ပြောထားသေးတာပဲ"

"ဟာ…မဟုတ်ဘူး ဆရာမ။ ဒီသဘောနဲ့ ပြောတာမဟုတ်ပါ ဘူး။ ဒီနေ့ ဆရာမစကားတွေက ကျွန်တော့်အပေါ် အရမ်းတင်းမာ ပြတ် သားလွန်းလို့ ပြောမိတာပါ"

"ဟုတ်ပါတယ်…ကိုမင်းဦး။ ဒီစကားမျိုးတွေ ပြောဖြစ်အောင် လည်း ကိုမင်းဦးကပဲ လုပ်ခဲ့တာပါ။ အခုတလော ကျောင်းမှာ ကိုမင်းဦး အပြုအမူတွေက ကျွန်မသိက္ခာကို အရမ်းထိခိုက်တယ်။ ဒါကြောင့် ပြော

www.foreverspace.com.mm



တာပါ"

အပြန်အလှန် စကားပြောသံများ ခဏတိတ်ကာသွားသည်။ ခဏကြာမှ ကိုမင်းဦးက…

"ကျွန်တော့်မှာ ဘာများငြင်းစရာရှိလိုလဲ ဆရာမရယ်။ ဆရာမ မကြိုက်တာ ဘာများရှိလို့လဲ"

"ကိုမင်းဦးက လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်ရင် ကျွန်မ မိဘစကားက လွဲလို့ ကျွန်မ ဘာကိုမှ စိတ်မဝင်စားနိုင်လို့ပါ။ ကျွန်မပြောချင်တာ ဒါပါပဲ။ ကျွန်မကို ခွင့်ပြုပါဦး"

ဆရာမ ဆတ်ခနဲ ထသွားတာကို သားဦး လှမ်းမြင်လိုက်ရသည်။ ထိုပုံစံ ထိုအခြေအနေအရ အခြေအနေ မကောင်းဘူးဟု တွက်လိုက်မိသည်။ နောက်ဆုံး နည်းတစ်နည်းသာ ကယ်စရာရှိတော့သည်ဟု ဆုံးဖြတ်ကာ…

"ကဲ…ဘော်ဒါတို့ လုပ်ငန်းစကြပေတော့။ အုတ်ခဲကျိုးနဲ့ တုတ်တွေကို လမ်းဘေးမှာ အသာချထားနော်"

"အိုကေ…သူငယ်ချင်း။ စိတ်ချ"

ကိုယ့်ဘဝ ကိုယ်ဘာဖြစ်မှန်းမသိလိုက်ဘဲ မင်းဦး ခုံမှာ ပက်လက်ကြီး ကျန်ခဲ့သည်။ ဟိုသုံးယောက်က သူ့ကို တကယ်ကူညီတာလား။ ချောက်တွန်းတာလား။ ပထမပြောထားသည့် အစီအစဉ်ထဲမှာ သူ မပါပါဘဲ ဘာကြောင့် ဝင်နှုတ်ဆက်ရသနည်း။ အတွေးတွေ အူလည်လိုက်နေတုန်း ဆရာမ၏ စူးစူးဝါးဝါးအော်သံကို ကြားရသည်။ ရန်တွေ့သံကိုလည်း ကြားရ၏။ ထိုနေရာသို့ မင်းဦး ဝုန်းခနဲ ပြေးထွက်သွားမိသည်။ ပြေးထွက်သွားရင်း ဒါ…ဒုတိယအစီအစဉ်လားဟု တွေးမိသေးသည်။ သို့သော် သားဦးတို့ကို စိတ်ထဲမှာ မယုံကြည်တော့။ အနားကိုရောက်လို့

www.foreverspace.com.mm



ကြည့်လိုက်တော့ လူက လေးယောက်။ ပုံစံတွေအားလုံးက မိုက်တိမိုက်ကန်းတွေ။ ဒီလေးယောက်စလုံးကို သူ တစ်ခါမှ မမြင်ဖူးပါ။ ဒုတိယအစီအစဉ်ဆိုရင်လည်း သားဦးပြောထားစဉ်က နှစ်ယောက်တည်းသာဖြစ်၏။ အခု လေးယောက်…။

တစ်ယောက်က ဆရာမ၏လက်ကိုဆွဲကာ 'သူနဲ့အဆင်မပြေလည်း တို့နဲ့လိုက်ခဲ့ပေါ့ကွာ' ဆိုသော စကားသံကို ကြားရသည်။ ဆရာမက ပါးတစ်ချက် လှမ်းကာရိုက်သည်။ ထိသွား၏။ ထိုလူက ဆရာမလက်ကို လှမ်းချုပ်ကာ နောက်မှ သိုင်းကာဖက်သည်။

"ဟေ့ကောင်တွေ လွှတ်…။ လွှတ်ဆို အခုလွှတ်"

ဆရာမ၏ ကိုမင်းဦးဆိုသော ထိတ်လန့်တကြားအော်သံကို ကြားရသည်။ သူ့နှလုံးသားကို အပ်နှင့်ဆွသလို ခံစားလိုက်ရ၏။

"ဟေ့ကောင်…မင်းနဲ့ ဘာဆိုင်လို့လဲ"

ပြောပြောဆိုဆို သူ့ရင်ဘတ်ကို ဖမ်းတွန်းလာသောသူမှာ အားခနဲ စူးစူးဝါးဝါးတစ်ချက်အော်ရင်း လမ်းဘေးသို့ တစ်ချက်လွင့်ကာ ကျသွား၏။ တစ်ယောက်က တုတ်တစ်ချောင်းကိုကိုင်ကာ သူ့ထံသို့ ပြေးဝင်လာ၏။ သေချာပြီ…။ သားဦးပြောသည့် အထဲမှာ တုတ်မပါ။ တုတ်က ဗွီးခနဲ သူ့ခေါင်းနံဘေးမှ ပွတ်ကာသီကာ ထွက်သွားသည်။ ထို့နောက် တုတ်ကိုင်သူမှာ ခါးကိုကုန်းပြီး အွန့်ခနဲ တစ်ချက်သာအော်ရင်း ခွေကျသွားသည်။ အုတ်ခဲကျိုးကို ကိုင်ကာ ဝင်လာသူကလည်း သူ့နားသို့ မရောက်မီပင် မျက်နှာကို ထိထိမိမိကြီး အကန်ခံရကာ နောက်သို့ လန်ကာ ကျသွားသည်။ ဆရာမကို ချုပ်ထားသူက ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံရသည်။

သားဦး ကြည့်နေရင်း ဘာတွေဖြစ်ကုန်သည်မသိ။ ကိုမင်းဦး

www.foreverspace.com.mm



တီးနေပုံက တကယ် ထိထိမိမိကြီးပဲ ဖြစ်နေသည်။ သားဦး မသိလိုက်သည့် အချက်က ကိုမင်းဦးသည် ပညာရေးဝန်ကြီးဌာနမှ လက်ရွေးစင် ကရာတေး သမား တစ်ဦးဆိုတာပဲဖြစ်သည်။

"ဟား…မဟုတ်ဘူး မဟုတ်ဘူး။ မှားကုန်ပြီ မဟုတ်ဘူး။ မလုပ်နဲ့…မလုပ်နဲ့။ မလုပ်ကြနဲ့…။ မှားမယ်…မှားမယ်"

အော်ရင်းဟစ်ရင်း ကိုမင်းဦးအနားသို့ နောက်ဘက်မှပြေးဝင်လာ သော သားဦးလည်း ပြင်းထန်လှသော နောက်ကန်ချက်တစ်ချက် မိကာ ကြယ်တွေ၊ လတွေမြင်ပြီး မြက်ခင်းအစပ်သို့ ကျသွားပြီး ခပ်သဲ့သဲ့ ကြား လိုက်ရသောအသံမှာ 'ရှင် ဘယ်လိုလုပ်လိုက်တာလဲ။ ဒါ…ကျွန်မ အသိရှင့် 'ရှင်နဲ့ ကျွန်မကို ကူညီဖို့လာတာ။ သားဦး… သားဦး' ဆိုတာပဲ ဖြစ်လေ သည်။

♦ ♦ ♦

www.foreverspace.com.mm

## အခန်း (၆)

ဒဏ်ရာက မပြင်းထန်လှသော်လည်း တစ်ပတ်ခန့် အိမ်ထဲက အိမ်အပြင်မထွက်ဘဲ သားဦး အိမ်ထဲမှာသာ အောင်းနေမိသည်။ ဖေဖေနှင့် မေမေကတော့ အရင်တုန်းကလို မဟုတ်ဘဲ ပုံစံပြောင်းသွားသော သူ့ကို ကျိတ်ပြီး သဘောကျနေကြဟန် တူသည်။ ထိုသို့ပြောင်းလဲခြင်းသည် မြင့်မျိုးမြတ်နှင့် ပတ်သက်နေလိမ့်မည်ဟု ထင်ကြဟန်လည်းရှိ၏။ မဟုတ်ဘူးလားဆိုတော့လည်း ဟုတ်ပါသည်။ သို့သော် မေမေတို့ ထင်ထားသလို မဟုတ်မှန်းတော့ သူတစ်ဦးတည်းသာ သိပါသည်။ ကြားရသည့် အခြေအနေက မကောင်း။ စီစဉ်သမျှ တစ်ခုမှ အဆင်မပြေသော သူ့ကို သူငယ်ချင်းများက လှောင်ကြသည်ဟု ဆိုသည်။ ဆရာမကလည်း

www.foreverspace.com.mm



ကိုမင်းဦးသည် သူ့ထံမှအဖြေကို မရသည့်အတွက် ရှက်ရမ်းရမ်းကာ ဘာမှမဆိုင်သော သူ့ကိုပါ တမင်မတရားလုပ်သည်ဟု သတ်မှတ်ကာ ကိုမင်းဦးကို ဒေါသတကြီး တုန့်ပြန်သည်ဟု ဆိုသည်။ ထို့ကြောင့် ကိုမင်းဦးက ကျောင်းမှ ထွက်စာတင်လိုက်သည်ဟုလည်း ကြားရ၏။ ဒီတော့ သားဦးအတွက် အပြင်သို့မထွက်တာ အကောင်းဆုံးဖြစ်လိမ့်မည်။

တိုင်ပင်ထားသလို မဟုတ်ဘဲ တကယ်အထိုးအကြိတ် အကန် အကြောက်ခံလိုက်ရသည့် သူ့ကို ကူညီသူများအတွက် ဆေးဖိုးကိုတော့ အိမ်သို့ သတင်းလာမေးသည့် မောင်မျိုးနှင့် ရှင်းကာ ကျိတ်ဖြေရှင်းလိုက်ရသည်။ အဆိုးဆုံးကတော့ သူငယ်ချင်းများနှင့် မတွေ့ချင်ခြင်းပင်ဖြစ်သည်။ မောင်မျိုး အိမ်ကိုလာတုန်းက သူ့ကို ပြုံးစစနှင့် ပြောသွားသည်။

"ဟိတ်ကောင်…။ မင်းကတော့ မနက်ခင်း သူငယ်ချင်းတွေဆုံတိုင်း ငါတို့ကို အမြဲတမ်း ပျော်စရာတွေချည်း ပေးနေတာပဲ"

"ဘာဖြစ်လို့လဲ"

"မင်းအကြောင်းတွေ တွေးတွေးပြီး ရယ်နေရလို့ပေါ့ကွ"

"ဘာအကြောင်းတွေလဲ"

"အကုန်လုံးပဲ…။ မင်းလုပ်ခဲ့သမျှ အကုန်လုံးကို တစ်ယောက်က တစ်ခုပြော တစ်ခါရယ်၊ နောက်တစ်ယောက်က တစ်ခုပြော တစ်ခါရယ်နဲ့ ကြာတော့ ဆိုင်ရှင်ကတောင် ငါတို့ကို အမြတ်ကတ်တယ်"

သူ့စိတ်ထဲမှာ မခံချင်ဆုံး အရှက်ဆုံးတစ်ခုက အဲဒီကိစ္စပင်ဖြစ်သည်။ သူလုပ်သမျှက လူရယ်စရာကြီးကို ဖြစ်လို့ပါကလား။ နေ့စဥ် ထိုအတွေးက သူ့ကို နှိပ်စက်လျက်ရှိသည်။ သူ ဘာဆက်လုပ်ရလျှင် ကောင်းမလဲ။ အရှုံးပေးပြီး မေမေတို့ စီစဥ်သလို ဆရာမလေးကို လက်

www.foreverspace.com.mm



ထပ်လိုက်ရမှာလား။ ဒါဆိုလျှင် ပိုတောင်မှ လူရယ်စရာဖြစ်ဦးမည်ထင်သည်။

အခုနေ သူ့မှာသာ ရည်းစားတစ်ယောက်ရှိမည်ဆိုလျှင် ဘာမှစဉ်းစားမနေဘဲ ချက်ချင်းကောက်ယူပစ်လိုက်မှာ သေချာသည်။ စဉ်းစားနေရင်း ဖြုန်းခနဲ အကြံတစ်ခုရသည်။ ဟုတ်တယ်…။ ငါ့မှာ လက်ထပ်ရမယ့် ချစ်သူတစ်ယောက်ရှိတယ်ဆိုရင်ကော…။ ထိုချစ်သူနှင့် သူသည်မယူမဖြစ် အခြေအနေသို့ ရောက်နေသည်ဆိုသော ကိစ္စကို ဆရာမလေးက သိသွားသည်ဆိုရင်ကော…။

သူ အိပ်ရာထဲမှ ဝမ်းသာအားရ ထခုန်လိုက်သည်။ ဒီလောက်ကောင်းတဲ့အတွေးကို အစက သူ ဘာဖြစ်လို့ မတွေးမိပါလိမ့်။ သူတောတော်ဝမ်းသာသွားသည်။ သို့သော် သူ့အတွက် ဆရာမလေး ယုံအောင်ရည်းစားအဖြစ် မည်သူက လုပ်ပေးမည်နည်း။ ဒီလောက်အထိ ကူညီနိုင်လောက်အောင် သူ့မှာ မိန်းကလေးသူငယ်ချင်းကလည်းမရှိ၊ ရှိလည်းကူညီလိမ့်မည်မထင်။ မောင်မျိုးနှင့်တိုင်ပင်ရန် သူ စဉ်းစားမိသည်။ တစ်ဆက်တည်း မောင်မျိုးညီမ လီလီလှကိုပါ မျက်စိထဲ ပြေးမြင်မိသည်။

သူ အင်္ကျီကောက်ဝတ်ကာ အိမ်မှ ထွက်ခဲ့သည်။

"အေး…မင်းအကြံ မဆိုးဘူးကွ။ စောစောကတည်းက ဒါမျိုးတွေးရောပေါ့ သူငယ်ချင်းရာ…။ ဒါနဲ့ မင်းကို ဘယ်မိန်းကလေးက ကူညီမှာတဲ့လဲ"

"အဲဒါကြောင့် ငါ မင်းဆီ လာခဲ့တာပေါ့ကွ"

"အမလေး…။ ကိုယ်တော် ငါ့မှာ အဲဒီလောက်ထိ ကူညီပေးနိုင်မဲ့ မိန်းကလေးသူငယ်ချင်း မရှိဘူးကွ"

"မိန်းမတွေနဲ့ ပတ်သက်ရင် မင်း ဘယ်လောက်အသုံးမကျ

www.foreverspace.com.mm



သလဲဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ မင်း ခွင့်ပြုမယ်ဆိုရင် ငါ့ကို ကူညီနိုင်တဲ့ မိန်းကလေးတစ်ယောက်တော့ ရှိပါတယ်"

"အဓိပ္ပါယ်မရှိတာကွာ…။ ကဲ ဘယ်သူလဲ ပြော"

ပြောခါနီးမှ သားဦး နည်းနည်းတွန့်သွားသည်။ မောင်မျိုးက သူ့ညီမလေး လီလီလှကို အရမ်းချစ်သည်။ သူငယ်ချင်းအချင်းချင်း နောက်တာပြောင်တာကိုပင် သည်းခံတတ်သူ မဟုတ်၊ လီလီလှကလည်း ချောချောလှလှ အမိုက်စားကလေးဖြစ်၏။ သူတို့လမ်းထဲမှ နံပါတ်တစ် အလှဆုံး ဖြစ်သည်။ သားဦးတို့ထက်တော့ နှစ်နှစ်လောက်ငယ်သည်။ လီလီလှကိစ္စနှင့်ပတ်သက်၍ မောင်မျိုး ဆင်နွှဲခဲ့ရသော ရန်ပွဲသုံးလေးပွဲတွင် သားဦးကိုယ်တိုင်လည်းပါခဲ့သည်။ သားဦးစိတ်ထဲမှာတော့ လီလီလှကို သူ့ညီမလေးတစ်ယောက်လိုသာ သဘောထားပါသည်။

"ဒီလိုကွာ…။ ဟို…ငါ့ကို ကူညီနိုင်တာလည်း မင်းပဲရှိတာမို့လို့ ပြောရတာပါ။ ငယ်ပေါင်းသူငယ်ချင်းမို့လည်း အကူအညီ တောင်းတာပါ။ ဟိုကွာ…"

"ဟေ့ကောင်…သားဦး။ မင်း…မင်း လီလီ့ကို ပြောနေတာ မှတ်လား။ မဖြစ်နိုင်ဘူးကွ လုံးဝမဖြစ်နိုင်ဘူး။ မင်းကွာ…မင်းမို့ ပြောရက်တယ်"

ဒေါကန်သွားသော မောင်မျိုးကို သူ အသည်းအသန်ချော့ရသည်။ တောင်းတောင်းပန်ပန် နားလည်အောင်ပြောရသည်။ တကယ့် ရည်းစားလုပ်တာမဟုတ်ကြောင်း၊ ခဏတာ ဟန်ဆောင်ပေးရတာဖြစ်ကြောင်း၊ လီလီ့အပေါ်လည်း သူ နှမလေးတစ်ယောက်လို ခင်မင်စွာ စောင့်ရှောက်ခဲ့တာ အသိပဲဖြစ်ကြောင်း၊ သူ့ဘဝအတွက် အရေးကြီးတဲ့ အကူအညီမို့ မလွှဲသာမရှောင်သာ ဖွင့်ပြောတိုင်ပင်ရခြင်းဖြစ်ကြောင်းကို နားလည်အောင်

www.foreverspace.com.mm



နည်းအမျိုးမျိုးဖြင့် ပြောရသည်။

"ဒါပေါ့ . . .ဒါပေါ့ကွ။ ဒါပေမဲ့ မင်းနဲ့ငါနဲ့မ နာမည်ကြီးသွားရင် ဘယ့်နှယ့်လုပ်မလဲ"

"ဟာ . . .ငါက လူတကာကို လျှောက်ပြောမှာမှ မဟုတ်တာ။ မင်းရယ် ငါရယ်၊ လီလီရယ်၊ မြင့်မျိုးမြတ်ရယ် သိရင် ပြီးတာပဲ။ ပြီးတော့ မင်းတို့ရပ်ကွက်နဲ့ မြင့်မျိုးမြတ်တို့နေတာကလည်း အဝေးကြီး။ သူငယ်ချင်း ငါ့သိက္ခာကို ယုံပါကွာ"

"ထားပါတော့ . . .ထားပါတော့။ ဒါပေမဲ့ လီလီက ရည်းစား တစ်ယောက်မှ ထားဖူးတာမဟုတ်ဘူး။ သူ့မှာ ဘာအတွေ့အကြုံမှလည်း ရှိမှာမဟုတ်ဘူး။ မင်းလုပ်ချင်တာနဲ့ အဆင်ပြေမှာ မဟုတ်ပါဘူးကွာ"

"ဟာ . .မင်းကလည်း တကယ့် သမီးရည်းစားပုံစံမျိုးနဲ့ တူအောင် လုပ်မှာမှ မဟုတ်ဘဲ။ ငါက သူ့ကိုခေါ်သွားမယ် . . .။ ဆရာမလေးနဲ့ မိတ်ဆက်ပေးမယ်။ ဒါပဲ . . ."

မောင်မျိုးက တစ်ခွန်းမှ ပြန်မပြော။ မျက်နှာက မှုန်ကုတ်ကုတ် ရှိနေဆဲ။ ဒါတောင်မှ လွန်လွန်ကျူးကျူးဖြစ်နေပြီဟု ပြောမည်ဟု ဘာတို့ မပြောရသေး။ ပြောမည်ဟု သားဦး စိတ်မကူးတော့။ ဟိုကျမှ မီးစင်ကြည့် ကမည်ဟု ဆုံးဖြတ်လိုက်သည်။

"မဖြစ်ပါဘူးကွာ . . .။ လီလီက သဘောတူမှာ မဟုတ်ဘူး"

"လီလီ့ကို ငါကြည့်ပြောမယ်ကွာ . . .။ ဘယ်လိုပဲ ပြောရပြောရ၊ မင်း ခွင့်ပြုဖို့ပဲ အရေးကြီးတာ။ ခွင့်ပြုပါ သူငယ်ချင်းရာ"

ထိုသို့နှင့် လီလီ့ကိုတွေ့ကာ နားလည်လာအောင် ဆရာမနှင့်ဖြစ် သမျှ အစမှအဆုံး အားလုံးရှင်းပြရသည်။ မောင်မျိုးကလည်း နံဘေးမှ 'ဒီကောင် အသုံးမကျတာလ' 'ဒီကောင် ညံ့တာပေါ့' 'မပိုင်ဘဲနဲ့လုပ်တာ

www.foreverspace.com.mm



လေ၊ ဒီကောင်ခံရတာပေါ့" စသည့်စကားများကို မှန်ကုတ်ကုတ်နှင့် မှန်မှန်ကြီး ဝင်ဝင်ထောက်ပေးနေသည်။ အားလုံးသိပြီးသွားတော့ လီလီက အားရပါးရ ရယ်လေသည်။

"ကိုသားဦးရယ်...ဖြစ်မှဖြစ်ရလေ။ ရယ်တာကို စိတ်မဆိုးနဲ့နော်"

"ဘာမှ စိတ်ဆိုးစရာမရှိဘူး။ ဒီကောင့်အကြောင်း ကြားတဲ့သူတိုင်း ဒီကောင့်ကို ဟားကြတာချည်းပဲ။ အလကား အသုံးမှ မကျတာ"

မောင်မျိုး၏ မှတ်ချက်ကို သားဦး ဘာမှဝင်မပြော။ ဒီနေ့ မောင်မျိုးပြောသမျှ သည်းခံထားရန် ဆုံးဖြတ်ထား၏။

"လီလီက အဲဒီလို ဝင်ကူညီတော့ရော ကိုသားဦး ဆရာမလေးက နောက်ဆုတ်သွားမှာတဲ့လား။ တော်ကြာ ငါ့လူကို လုတယ်ဆိုပြီး နပမ်းတွေ ဘာတွေ လုံးနေရမှဖြင့်"

လီလီက လျှာကလေးထုတ်ပြီး၊ ပခုံးကိုတွန့်ကာ လန့်တဲ့အမူအယာဖြင့် ရှင်ရှင်မြူးမြူးကလေး ပြောသည်။

"ဟ...မဖြစ်ပါဘူးဟ။ သူနဲ့ စေ့စပ်ထားတဲ့သူက ငါလို့ ဆရာမလေးက သိမှ မသိတာ။ ဒါကြောင့်မို့ ဒီအစီအစဉ်ကို လုပ်တာ"

"သြော်...ဟုတ်ပြီ...ဟုတ်ပြီ။ ဟန်ဆောင်ပေးခ ပါတီတ်ဝမ်းဆက် တစ်စုံလား"

"ဘာလဲ...။ နင်က ဝင်လုပ်ပေးဦးမလို့လား။ နင် လုပ်ကော လုပ်တတ်လို့လား"

"ဟာ...ကိုကြီးကလည်း။ ဒါ ဘာမှ ခက်တာမှ မဟုတ်တာ။ ပြီးတော့ ကိုသားဦးပြောပြလို့ အဲဒီဆရာမလေးကိုလည်း တွေ့ချင်တယ်လေ။ ဘယ်နေ့ တွေ့ကြမှာလဲဟင်...ကိုသားဦး"

လီလီ့စကားဆုံးတော့ မောင်မျိုး ဝုန်းခနဲ မကျေမနပ်ဖြင့် ထသွား

www.foreverspace.com.mm

သည်။ အခုမှပဲ သားဦးလည်း စိတ်လက်ပေါ့ပါးကာ ရယ်နိုင်မောနိုင်တော့၏။ ပြီးတော့ လီလီနှင့်ပြောရမည့်စကား၊ လုပ်ရမည့်အိုက်တင်တွေကို အသေးစိပ်စီစဉ်ကြသည်။ လီလီက သူ ထင်ထားသည်ထက် ပို၍ နားလည်ပါသည်။ သွက်လက်ချက်ချာသည်။ တချို့စကားလုံးလေးများကို သူကပင် အကြံပေးလိုက်သေး၏။ ဒီတစ်ကြိမ်တော့ အမှားအယွင်း မရှိနိုင်တော့ဟု သားဦး တစ်ထစ်ချ ယုံကြည်လိုက်သည်။

♦

www.foreverspace.com.mm



ဆရာမနှင့် ချိန်းထားရာသို့ သွားသော လမ်းတစ်လျှောက်လုံး နှုတ်ဆိတ်နေသော သူ့ကို လီလီက 'အရမ်းစိတ်လှုပ်ရှားနေလား' ဟု ပြောကာ ဟား…ဟား…ရယ်သည်။ သားဦးလည်း ကိုယ့်ကိုယ်ကို စဉ်းစားနေမိသည်။ သူ ဘာဖြစ်နေတာလဲ၊ သူ့စိတ်ထဲမှာ တစ်ခုခုတော့ ဖြစ်နေတာ သေချာသည်။

ဖြစ်နိုင်ချေရှိတာကတော့ လိမ်ခြင်း၊ ညာခြင်းအလုပ်ကို ယခုလို ပြောင်ကျကျ လုပ်လေ့လုပ်ထမရှိသဖြင့် စိတ်ထဲမှာ မဝံ့မရဲဖြစ်နေသည်။ နောက်တစ်ခုက ကိုယ့်နှမလေးတစ်ယောက်လို သဘောထားခဲ့သော လီလို့ကို သမီးရည်းစားလို ဆက်ဆံရမှာကို အားနာနေမိသည်။

ဒါကို သူပြောပြတော့ လီလီက ပေါ့ပါးသွက်လက်စွာ ရယ်သည်။

"ဒါ…လိမ်တာမဟုတ်ပါဘူး ကိုသားဦးရဲ့။ ကိုယ်မဖြစ်ချင်တာကို ကာကွယ်တာပါ။ လီလို့ကိုလည်း အားနာစရာမလိုပါဘူး။ လီလီကိုယ်တိုင်က ကျေကျေနပ်နပ် ကူညီတာပဲဥစ္စာ"

လီလို့စကားကြောင့် သူ အတန်ငယ် ပေါ့ပါးသွားသည်။ ဆရာမနှင့် ချိန်းထားသော ဆိုင်ရှေ့ကိုရောက်တော့ လီလီက…

"လက်မောင်းကို ကိုင်ထားလိုက်မယ်နော်။ ဒါမှ သဏ္ဌာန်လုပ်

www.foreverspace.com.mm



ဟန်ရပ်နဲ့တူမှာ''

သူ ရှက်ရှက်ရွံ့ရွံ့ဖြင့် ဆိုင်ထဲသို့ စွက်ဝင်လာမိသည်။ အံ့သြစရာကောင်းသည်က ဆိုင်ကလေးထဲတွင် ဆရာမက ကြိုတင်ရောက်နေခြင်းပင်ဖြစ်သည်။ ဆရာမက လှမ်းပြုံးပြသည်။ ခုံမှာ ဝင်ထိုင်မိတော့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ ဘာစကားမှ ပြောလို့မထွက်။ ဆရာမက သူ့ကိုထက် လီလီ့ကို ပို၍ ဂရုစိုက်ကြည့်ပြီးတော့ ပြုံးပြ၏။ 'ဘာစားမလဲ...။ တစ်ခုခု စားကြလေ'ဟု ပြောသည်။

''ဆရာမက ကြိုရောက်နေတာကိုး။ တောင်းပန်ပါတယ် ဆရာမရယ်...။ လီလီကြောင့် နောက်ကျသွားတာပါ။ မောင်က စတော်ဘယ်ရီမစ်ရှိတ်ပဲ မှတ်လား''

လီလီက သွက်လက်စွာမေးရင်း အနားရောက်လာသော စားပွဲထိုးကလေးကို 'စတော်ဘယ်ရီမစ်ရှိတ်တစ်ခွက်နဲ့ ကိုကိုးတစ်ခွက်'ဟု မှာသည်။ တစ်ဆက်တည်းပင် ဆရာမလေးဘက်သို့ လှည့်ကာပြုံးရင်း...

''ဆရာမက အရမ်းချောတာပဲ။ အင်း...ကျက်သရေရှိတယ်ဆိုရင် ပိုမှန်မယ်...နော်...မောင်''

''ညီမလေးကလည်း ချောတာပါပဲကွာ...။ သားဦး ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား''

ဆရာမမေးသံဆုံးတော့ လီလီက အောက်မှာချထားသောလက်ဖြင့် သူ့ပေါင်ကို ဆိတ်ဆွဲသည်။ ဘယ်လိုဖြစ်နေတယ်ဆိုသည့် သဘော...။ ဒီတော့မှ သူ သတိဝင်ကာ အားတင်းပြီး ဖြေရသည်။

''ဘာမှမဖြစ်ပါဘူး ဆရာမ။ ညက စာကြည့်တာ နည်းနည်းညဥ့်နက်သွားလို့ပါ။ လီလီ...ဒါ ကိုယ်အမြဲတမ်းပြောပြနေတဲ့ ကိုယ့်ကို လမ်းမှားကနေ လမ်းမှန်ရောက်အောင် ဆုံးမပေးတဲ့ ကိုယ့်ကျေးဇူးရှင်

www.foreverspace.com.mm



ဆရာမပါ။ နာမည်က မြင့်မျိုးမြတ်တဲ့။ ဆရာမ ဒါ…ကျွန်တော့် ချစ်သူပါ။ လီလီတဲ့"

ဆရာမက အသိအမှတ်ပြုသည့်သဘောဖြင့် လီလီ့ကို သိမ်မွေ့စွာ ပြုံးကာ ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဆရာမက မောင့်အတွက် ပဲ ကျေးဇူးရှင်မဟုတ်ပါဘူး မောင်၊ လီလီအတွက်လည်း ကျေးဇူးရှင်ပါ။ စဉ်းစားကြည့်လေ ကိုယ်အရမ်းချစ်တဲ့ ချစ်သူတစ်ယောက် နေချင်သလိုနေ ဖြစ်ချင်တိုင်းဖြစ်ပြီး မူးရူးနေတဲ့အချိန်မှာ ဘယ်မိန်းကလေးက စိတ်ချမ်းသာနိုင်မှာလဲ။ သမီး ဘယ်လိုဆုံးမ ဆုံးမ၊ ဘယ်လိုပြောပြော သူက တစ်ခုမှ နားထောင်ခဲ့တာ မဟုတ်ဘူး။ ဆရာမနဲ့တွေ့မှ အခုလို ပြောင်းလဲသွားတော့ သမီးဖြင့် ယုံတောင် မယုံဘူး။ သူ အကြောင်းစုံပြောပြပြီးကတည်းက ဆရာမကို တွေ့ချင်နေတာ။ ဆရာမကို မမြင်ဖူးခင်တည်းက သမီး မေတ္တာပို့ရင် ဆရာမ အမြဲပါတယ်။ အခု မြင်ဖူးသွားတော့ မေတ္တာပို့တာ ပိုအရသာရှိတာပေါ့"

ဆရာမက နူးညံ့သောအပြုံး၊ ခင်မင်ရင်းနှီး နှစ်လိုသောအပြုံးဖြင့် လီလီ့ကို ကြည့်သည်။ လီလီသည် သူ သင်ထားသည့်ထက်ပင် ပို၍ အစီအစဉ်ကျကာ ပိုင်နိုင်သော စကားလုံးများကို သုံးသွားသဖြင့် သားဦး ပို၍အံ့သြသွားမိသည်။ မိန်းကလေးတွေက မလွယ်ပါလားဟုလည်း မှတ်ချက်ချမိ၏။

"သားဦးက ဒီလောက်လည်းချော၊ အလိုက်လည်းသိ၊ ကိုယ့်အပေါ် အနွံတာခံတဲ့ ချစ်သူရှိရဲ့သားနဲ့ အရင်တုန်းက ဘာဖြစ်လို့ ဆိုးရတာလဲ"

"ပြီးခဲ့တာတွေ ပြန်မပြောမနေပါနဲ့ ဆရာမရယ်။ ကျွန်တော် ဆရာမ ဆုံးမပြီးကတည်းက ကျွန်တော့်ချစ်သူ စိတ်မဆင်းရဲစေရတော့

www.foreverspace.com.mm



ဘူးလို့ ဆုံးဖြတ်ထားပါတယ်"

"အမလေး…။ အဲဒါလည်း သောကမကင်းသေးဘူး ဆရာမ ရေ…။ အခု သူ့ကို အိမ်က သဘောတူတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပေးစားမလို့တဲ့"

"ဟာ…လီလီကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ အဲဒီ မိန်းမကို ကိုယ် လုံးဝ စိတ်မဝင်စားဘူးလို့ ကိုယ်ပြောပြီးပြီပဲ။ ကိုယ့် အပေါ်နားလည်ခဲ့တဲ့၊ သည်းခံခွင့်လွှတ်ခဲ့တဲ့ လီလီကလွဲပြီး ကိုယ်ဘယ်သူ့ ကိုမှ ဘာအကြောင်းနဲ့မှ လက်မထပ်ဘူး"

"မောင်က မိဘစကားကို လွန်ဆန်ရဲတဲ့သတ္တိ ရှိလို့လား"

"တစ်ဘဝလုံးလက်တွဲရမဲ့ ချစ်သူကို ရွေးချယ်တာ မိဘကို စော်ကားတာမှ မဟုတ်ဘဲ။ ကိုယ်ကလည်း ရင်မခုန် သူ့စိတ်ဓာတ်ဘယ်လို မှန်းလည်းမသိတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ တစ်သက်လုံး စိတ်ဆင်းရဲခံပြီး ကိုယ်ဘယ်တော့မှ မယူဘူး။ ဟုတ်တယ် မဟုတ်လား ဆရာမ"

ဆရာမ နှုတ်ခမ်းကလေးကို တွန့်ကွေးရုံကွေးကာပြုံးရင်း ခေါင်း တဆတ်ဆတ်ညိတ်သည်။ ဒီစကားလုံးတွေက ဆရာမရင်ကို တိုက်ရိုက် ထိခိုက်မှာ လုံးဝသေချာပါသည်။ ဆရာမက စကားချက်ချင်း မပြော သေးဘဲ ခဏစဉ်းစားပြီးမှ…

"အိမ်ထောင်ရေးဆိုတာ ကျယ်ပြန့်ပါတယ်ကွာ။ သေချာတာက တော့ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် ကိုယ့်ဆုံးဖြတ်ချက်အတိုင်း လုပ်နိုင် တာ အကောင်းဆုံးပဲ"

"ကဲ…ဒါဆိုရင် ဆရာမရှေ့မှာ ဘယ်လို အကြောင်းကြောင်း ကြောင့်ပဲဖြစ်ဖြစ် လီလီ့ကိုပဲ လက်ထပ်ပါ့မယ်လို့ မောင် ကတိပေးနိုင်

www.foreverspace.com.mm



မလား''

လီလီက စားပွဲပေါ်တွင် တင်ထားသော သူ့လက်များကို ဆုပ်ကိုင်ကာ ဆွဲလှုပ်ရင်း မေးသည်။ ဆရာမကတော့ သူတို့နှစ်ယောက်ကို နူးညံ့သိမ်မွေ့စွာ ပြုံးကြည့်နေ၏။

''ကဲ…ပြောလေ။ ဆရာမကို သက်သေထားပြီး မောင် ကတိပေးနိုင်မလားလို့…ဆိုနေ''

တိုင်ပင်ထားကြသည့်အတိုင်း ထိုစကားကို အလေးအနက်ဖြစ်ရန် သားဦးက စက္ကန့် ၃၀ ခန့် ငြိမ်နေရမည်ဖြစ်သည်။ ထိုသို့ သားဦးငြိမ်နေစဉ်တွင် သူ့လက်ကို ဆုပ်ကိုင်ထားသော လက်များကို လီလီက ဆတ်ခနဲရုန်းဖယ်ကာ သွားသည်။ ပြီးတော့ မျက်နှာချက်ချင်းပျက်ကာ သွား၏။ လီလီမျက်လုံးတွေက သူ့ထံမှာလည်း မရှိတော့၊ ဆရာမ ထံမှာလည်း မရှိတော့၊ ဆိုင်ကလေး၏ ထောင့်ကိုသာ စူးရဲအံ့သြစွာ စိုက်ကြည့်လျက်ရှိ၏။

လီလီ ဝုန်းခနဲ ထရပ်သည်။ ထိုနေရာသို့ပင်ကြည့်ရင်း နှုတ်ခမ်းကို ပြတ်လုနီးပါး ကိုက်သည်။ မျက်လုံးတွေ မီးဝင်းဝင်းတောက်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါလာသည်။ သူ ထိတ်လန့်တကြား လီလီဟု ခေါ်ကာ လက်ကို လှမ်းကိုင်သည်။ လီလီက သူ့ကို လှည့်မကြည့်ဘဲ သူ့လက်ကို ပုတ်ချလိုက်သည်။ ပြီးတော့ တောက်တစ်ချက် ပြင်းထန်စွာ ခတ်သည်။ မျက်ရည် ချက်ချင်းဝဲတက်လာပြီး…

''ဩော်…ရှင်က ဒီလိုလား။ တွေ့ကြသေးတာပေါ့''

စကားဆုံးသည်နှင့် လီလီ ချာခနဲ လှည့်ထွက်သွားသည်။ သားဦး ဘာလုပ်ရမှန်းမသိ၊ ဘာဖြစ်သွားသည်မသိ ကြောင်ငေးနေမိသည်။ လှည့်ကြည့်တော့ ဆရာမလည်း သူ့လိုပင် အူတူတူ ကြောင်တောင်တောင်

www.foreverspace.com.mm



ဖြစ်နေပုံရသည်။ ခုနက စကားတွေ ရွှန်းရွှန်းဝေအောင်သွက်သွက်ကြီး ပြောခဲ့သည့် မိန်းကလေး ရုတ်တရက် ဘာဖြစ်သွားပါလိမ့်ဟု စဉ်းစား နေဟန်တူသည်။

"သားဦး…။ မင်းက ဘာဖြစ်လို့ ကတိကို ချက်ချင်းမပေးလိုက်ရတာလဲ"

"မဟုတ်ဘူး ဆရာမ…မဟုတ်ဘူး။ အဲဒါ မဟုတ်ဘူး"

"အဲဒါမဟုတ်ရင် မင်းကောင်မလေး ဘာဖြစ်သွားတာလဲ"

ဆရာမစကားကြောင့် သားဦး တစ်ချက်စဉ်းစားသည်။ သူ သင်ထားတာထက် ထိမိအောင် ပိုပြောပိုလုပ်တတ်သော လီလီသည် အရေးကြီးဆုံးသောစကားကို ပိုမိုလေးနက်စေရန် တမင်လုပ်သွားတာပဲ ဖြစ်ရမည်။ သားဦး ချက်ချင်းသဘောပေါက်ကာ…

"ဘာမှ မဟုတ်ပါဘူး ဆရာမ။ ကျွန်တော့်ကို စိတ်ကောက်သွားတာပဲ ဖြစ်ရမယ်။ သူက အရမ်းစိတ်ကောက်တတ်တယ် ဆရာမ"

"စိတ်ကောက်တာ ဟုတ်ပုံမပေါ်ဘူးနော်။ သူ တော်တော် နာကြည်းသွားတာ။ သွား…သွား မင်း မြန်မြန်လိုက်ခေါ်"

"ဟုတ်ကဲ့။ ဆရာမ ခဏလောက်နေဦးနော်"

သားဦး ဆိုင်အပြင်ကို အပြေးကလေး ထွက်ခဲ့သည်။ သို့သော် လီလီလှကို တင်မောင်းသွားသော ကကတစ်စီး၏ နောက်ပိုင်းကိုသာ မြင်လိုက်ရသည်။ သားဦး လုံးဝအံ့သြသွားသည်။ သူ ထင်သလို Tempo တင်တာ မဖြစ်နိုင်တော့ဘူး။ လီလီလှ ဘာဖြစ်သွားတယ်ဆိုတာ သူ လုံးဝနားမလည်။ ဘာဆက်လုပ်ရမှန်းလည်း မသိတော့။

ထိုင်ခုံကို ပြန်ရောက်တော့ ဆရာမက ကမန်းကတန်းမေးသည်။

"ဘာတဲ့လဲ…ဘာဖြစ်တာလဲ…အပြင်မှာပဲလား။ ကဲ…မင်းတို့

www.foreverspace.com.mm



သွားချင်ရင်လည်း သွားကြတော့"

"မရှိတော့ဘူး ဆရာမ။ အငှားကားနဲ့ပြန်သွားပြီ။ ကျွန်တော် မမီလိုက်ဘူး"

သူတို့နှစ်ယောက်စလုံး ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်ငြိမ်သက်သွားကြ၏။ ဆရာမမျက်နှာသည် သိသိသာသာ အကြီးအကျယ်ပျက်လျက်ရှိသည်။ သားဦးလည်း ဘာစကားမှ မပြောနိုင်။

"သားဦး...။ မင်းကောင်မလေးက ဆရာမနဲ့ မင်းကိုများ..."

"ဟာ...မဟုတ်ဘူး ဆရာမ မဟုတ်ဘူး။ လုံးဝ မဟုတ်ဘူး"

"အဲဒါဆို သူ ဘာဖြစ်သွားတာလဲ။ ဘာဖြစ်လို့ ဒီလိုအမူအယာမျိုး အပြုအမူမျိုး လုပ်သွားရတာလဲ။ ဘာဖြစ်လို့ မင်းနဲ့ငါ့ကို နှစ်ယောက်တည်း ထားသွားရတာလဲ"

"ကျွန်တော် မသိဘူးဆရာမ။ ကျွန်တော် နားမလည်ဘူး။ ဒါပေမဲ့ ဆရာမနဲ့ ကျွန်တော့်ကို ဟိုလိုလေ ဟိုလိုမျိုးကြီး ထင်သွားတာတော့ မဟုတ်ဘူးဆိုတာ လုံးဝ ကျိန်းသေတယ် ဆရာမ"

အစကတည်းက မရိုးမသားလိမ်ခဲ့သူများ ပြဿနာတက်ကြပြီဆိုလျှင် ထိုကဲ့သို့ဘာမှ မဖြေရှင်းနိုင်ဘဲ ဖြစ်လေ့ရှိပါသည်။

♦

'မင်းကြောင့်''မင်းကြောင့်' အသံနက်ကြီးနဲ့ အော်ရင်း သူ့ပခုံးကို ကြမ်းတမ်းစွာ ဆွဲကိုင်လှုပ်ရမ်းနေသည်။ သားဦး တစ်ကိုယ်လုံး လေပြင်း မုန်တိုင်းကြီး တိုက်ခိုက်နေချိန် သစ်ပင်ပေါ်မှ သစ်ရွက်ကလေးတစ်ရွက်လို တဖျပ်ဖျပ်လူးလျက်ရှိသည်။

သို့သော် သားဦး ဘာစကားတစ်ခွန်းမှ ပြန်မပြော။ ပြန်ပြောစရာ စကားလည်း မရှိ။ သူ့အတွက် အခြေအနေက မည်သို့မျှော်လင့်မထား သော အဆိုးဆုံးအခြေအနေကို ရောက်သွားပြီဖြစ်သည်။ ထိုနေ့က လီလီ သူ့လက်ကို ကိုင်ကာ ကတိစကားတောင်းချိန်တွင် ထိုဆိုင်ထဲမှ တခြားဝိုင်း တစ်ဝိုင်းတွင် သူ့ချစ်သူနှင့် တခြားကောင်မလေးတစ်ယောက် အတူထိုင် နေသည်ကို တွေ့သွားသည်ဟု ဆိုသည်။ သူ့ချစ်သူကလည်း သားဦး၏ လက်ကို ကိုင်ထားသော လီလီကို မြင်သွားပြန်ရာ အခြေအနေက ရှုပ်ထွေး သွားပြီး သူတို့ချစ်သူနှစ်ဦး တွေ့ပြီး ပြဿနာရှင်းကာ တစ်ယောက်နှင့် တစ်ယောက် သစ္စာရှိကြောင်း သက်သေပြသည့်အနေဖြင့် ခိုးရာလိုက်ပြေးကြ ခြင်းဖြစ်သည်။

''ပိုင်တယ်ဆိုကွ…။ ဟင်…။ ငါလုပ်ရင် မလွဲစေရဘူးဆို။ အခုတော့ မင်းမိန်းမ မလိုချင်တဲ့ကိစ္စနဲ့ ငါ့ညီမက ကြားထဲက အချောင်



www.foreverspace.com.mm

www.foreverspace.com.mm



လင်နောက်လိုက်သွားပြီကွ။ ကဲ…ဒီကိစ္စကို မင်း ဘယ်လိုရှင်းမလဲ"

သားဦးက ဘယ်လိုဖြေရှင်းပေးရမည်နည်း။ သားဦး ဘာမှမပြော တော့ဘဲ ငြိမ်ကာ နေလိုက်သည်။ ကိုဝင်းမော်၏ လေသံက တည်ငြိမ်စွာ ထွက်ပေါ်လာ၏။

"မောင်မျိုး မင်းစိတ်ကို ထိန်းကွာ။ မင်း အစ်ကိုပြောတာကို စိတ်အေးအေးထားပြီး နားထောင်ကြည့်။ ဒီကိစ္စက သားဦးနဲ့စတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သားဦးက မင်းနှမကို သူ့ကောင်လေးနောက် ထည့်ပေး လိုက်တာ မဟုတ်ဘူး။ မင်းနှမရဲ့ ဆန္ဒအတိုင်း သူ့ဆုံးဖြတ်ချက်နဲ့သူ လိုက် သွားတယ်ဆိုတာကိုတော့ မင်း စဉ်းစားကြည့်လို့ ရပါတယ်"

"မောင်မျိုး ခဏငြိမ်သွား၏။ ပြီးမှ…

"ဒီကောင်သာ ဒီဆိုင်ကို ခေါ်မသွားရင် ဒီကိစ္စတွေ ဖြစ်လာ မလားဗျ"

"ဒါ…တိုက်ဆိုင်မှု သက်သက်ပဲ မောင်မျိုး။ ကဲ…ဟိုဘက်က အတွဲကရော ဒီဆိုင်ကို မလာဘူးဆိုရင် ဒီကိစ္စ ဖြစ်မလား။ ကြိုတင်ကြံစည် ထားတာ တစ်ခုမှမရှိဘဲ ဖြစ်သွားတာကို ကံတရားလို့ ခေါ်တယ် မောင်မျိုး"

တိကျပြတ်သားသော ကိုဝင်းမော်စကားကြောင့် မောင်မျိုး ဘာမှ ထပ်မပြောတော့။ ပြဿနာက ပြေလည်လုနီးပါး ဖြစ်သွားသည်။ ကိုဝင်းမော် က ခေါင်းငုံ့ကာ ငြိမ်သက်နေသော သူ့ ပခုံးကို အသာပုတ်ရင်း…

"သားဦး ဉာဏ်နဲ့ကံကို အခါခပ်သိမ်းနိုင်နိုင်တာ ငါတို့မြတ်စွာ ဘုရားပဲရှိတယ်။ ဒါတောင်မှ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အရှုံးခံပြီးမှ နိုင်ခဲ့တာ။ မင်းလည်း ဟိုအကြံ၊ ဒီအကြံတွေနဲ့ ကံတရားကို ပြိုင်မနေပါနဲ့ တော့ကွာ…။ ပင်ပန်းပါတယ်"

www.foreverspace.com.mm



ဒီပြဿနာက ပြီးသွားသော်လည်း နောက်ပြဿနာက မပြီး။ မြင့်မျိုးမြတ်က သူ့ကိုခေါ်တွေ့ကာ သူ့ကြောင့်အထင်လွဲခံရတာဟုဆိုလျှင် လီလီလှကို သူကိုယ်တိုင် လိုက်ရှင်းပြမည်ဟု ဆိုသည်။

"ရှင်းမနေပါနဲ့တော့ ဆရာမ။ ကိစ္စက ပြီးသွားပါပြီ"

"ဒီလို ဘယ်ဟုတ်မလဲ။ ဒါ မဖြစ်သင့်တဲ့ကိစ္စပဲ။ ပြီးတော့ သူ အဲဒီနေ့က ဘာဖြစ်သွားတယ်ဆိုတာကိုလည်း တို့သိချင်တယ်"

သားဦး တော်တော်စိတ်မောသွားသည်။ ကိုယ်စခဲ့သည့် ဇာတ်မို့ မပြောလို့ကလည်း မဖြစ်...။

မလိုတော့ဘူး ဆရာမ။ အဲဒီနေ့ညကပဲ သူ ယောကျ်ားနောက် လိုက်သွားပြီ"

"အို..."

နှစ်ဦးစလုံး ငြိမ်သက်သွားကြသည်။ ဆရာမစိတ်ထဲမှာ ဘာတွေ တွေးနေလဲတော့ သားဦး မသိ။ သားဦးရင်းထဲမှတော့ သူ ရှုပ်ထားခဲ့သမျှ ကို ရှင်းပြီးသွားသဖြင့် ပေါ့ပါးလတ်ဆတ်ကာ စိတ်ချမ်းသာသွားသည်။ နောက်ဘယ်တော့မှလည်း မည်သူ့ကိုမျှ မလိမ်တော့ဟု ဆုံးဖြတ်လိုက်မိ၏။

"ကောင်မလေးကလည်း မိုက်လိုက်တာ...။ သားဦး မင်း တော်တော်ခံစားနေရလား။ တို့ ကိုယ်တိုင်မကြုံဘူးပေမဲ့ မင်း ဘယ်လောက် ဝမ်းနည်းမယ်၊ စိတ်မကောင်းဖြစ်မယ်ဆိုတာ ကိုယ်ချင်းစာနိုင်ပါတယ်"

"ရပါတယ် ဆရာမ။ ကိစ္စမရှိပါဘူး"

ဆရာမက သားဦးကို ကြင်နာယုယစွာကြည့်သည်။ ဆရာမ အကြည့်က တစ်ခါတစ်ရံ အမေ သူ့ကိုကြည့်သော အကြည့်နှင့် တော်

တော်တူသည်ဟု သားဦး ခံစားရသည်။

"မင်း အဲဒီလို ပေါ့ပေါ့လေးပြောမှာကို တို့အကြောက်ဆုံးပဲ။ ရင်ထဲမှာ ဘာမှမဖြစ်သလို ခံစားပြီး မင်းစိတ်ထင်ရာကို လျှောက်လုပ်တော့မယ် မဟုတ်လား။ အရင်လိုတော့ ပြန်မမိုက်ပါနဲ့တော့ ဖိုးသားရယ်။ တို့ အဲဒီလိုဖြစ်သွားမှာ အစိုးရိမ်ဆုံးပဲ။ ဒီကိစ္စကို အကြောင်းပြုပြီး အရင်လို ပြန်မမိုက်တော့ပါဘူးလို့ တို့ကို ကတိပေးနိုင်မလား ဖိုးသား။ ဟင်..."

ကြင်နာသောစကား၊ ဂရုဏာအပြည့်နှင့်လေသံ ဖိုးသားဟု ခေါ်လိုက်သော အသုံးအနှုန်းတို့ကြောင့် သားဦးရင်ထဲ လှပ်ခနဲဖြစ်သွားသည်။ စိတ်ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ သာယာခြင်းတို့ကို တပြိုင်နက်တည်း သားဦး ခံစားလိုက်ရသည်။ ထိုခံစားမှုကလေးနှင့် မော့ကြည့်တော့ သူ့ကို နူးညံ့စွာစိုက်ငေးနေသော ဆရာမ၏ မျက်ဝန်းများနှင့်ဆုံသည်။

ရင်ခုန်တယ်ဆိုတာ ဘာလဲဆိုသည့် အဓိပ္ပါယ်ကို စက္ကန့်ပိုင်းအတွင်း သားဦး နားလည်သွားသည်။ ထိုနားလည်မှုသည် တော်တော့်ကို တန်ခိုးကြီးသော နားလည်မှုဖြစ်ပါသည်။ သားဦး အသိဉာဏ်တွေ စက္ကန့်ပိုင်းအတွင်း ပြောင်းလဲသွားသည်။ တစ်ခုခုကို ကြည့်လိုက်လျှင် ထိုတစ်ခုထဲတွင် ပါဝင်သော အရာအားလုံးကို အသေးစိတ် မြင်နေရ၏။ ထိုအသေးစိတ်ကို ကြည့်လိုက်ပြန်လျှင် တစ်ကမ္ဘာလုံးကို မြင်ရပြန်သည်။

ထိုမိန်းမူးသွားသော စက္ကန့်ပိုင်း ရင်ခုန်သံသည် သူ့အသက်ဟု သူ လုံး၀ ယုံကြည်သွားသည်။

ဒါကို ဆရာမကတော့ သိဟန်မတူ...။ သူ့ကို ဆုံးဖြတ်ရခက်နေသော သူတစ်ယောက်ဟု ထင်နေပုံရ၏။

"တို့ကို ကတိပေးစမ်းပါ ဖိုးသားရယ်...။ မင်းမှာ အခုဆို အနာဂတ် ရှိနေပြီ။ မင်းဟာ လူကောင်းတစ်ယောက် ဖြစ်နေပြီ။ မင်း



www.foreverspace.com.mm

www.foreverspace.com.mm



ဒုမန်နေဂျာ စာမေးပွဲကို ဖြေကို ဖြေရမယ်၊ အောင်လည်း အောင်ရမယ်။ ကိုယ့်အပေါ် သစ္စာမရှိတဲ့ မိန်းမတစ်ယောက်အတွက် မင်းဘဝကို ရေစုန် ပြန်မမျှောပါနဲ့နော် ဖိုးသား…"

"ဟုတ်တယ်…ဆရာမ။ ကျွန်တော့်မှာ အနာဂတ် ရှိသွားပြီ။ ဆရာမ ပြောတဲ့အတိုင်း ကျွန်တော် ဖြစ်အောင်လုပ်မယ်။ ကျွန်တော် ဘယ်တော့မှ အရင်လို မလုပ်တော့ဘူးလို့ လေးလေးနက်နက် ကတိပေးပါ တယ် ဆရာမ"

"ဝမ်းသာလိုက်တာ ဖိုးသားရယ်"

ပျော်ရွှင်မှုဖြင့် ဆရာမမျက်နှာ ဝင်းပနေသည်။ ပြီးတော့ ဆရာမက သူ့ကို စိတ်ပြေလက်ပျောက်သဘောနှင့် ရယ်စရာစကားတွေ ပြောပြသည်။ နဂိုကတည်းက စိတ်ညစ်နေသူ မဟုတ်သဖြင့် သားဦး ချက်ချင်းပင် ပျော်ကာ သွားသည်။ ဆရာမ နာရီကို ကြည့်ကာ 'ပြန်ရအောင်နော်' ဟု ပြော တော့မှ သူတို့ထိုင်ခဲ့တာ သုံးနာရီနီးပါးရှိပြီဖြစ်ကြောင်း သားဦး သိရ၏။ အပြင်မှာ မှောင်စပျိုးနေပြီ။ ဒါဆို သူ ခုနက ဘယ်မှာ နေခဲ့ပါလိမ့်။

ထိုညနေခင်းကလေးကို သူ ဘယ်တော့မှ မမေ့။

အသိဉာဏ်ထဲတွင် ပျောက်ကာ သူ့နှလုံးသားထဲကို ပထမဦးဆုံး ရောက်ခဲ့သော ညနေခင်းကလေး ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုနေ့မှစ၍ နောက်ရက်များတွင် သားဦးနှင့် မြင့်မျိုးမြတ်တို့ မတွေ့ သည့်နေ့မရှိ။ မြင့်မျိုးမြတ်က သားဦးကို နေမကောင်းနေသည့် လူနာ တစ်ယောက်လို အလိုလိုက်သည်။ ဂရုစိုက်သည်၊ ဦးစားပေးသည်။ သားဦး ရယ်ရယ်မောမော ဖြစ်နေရာမှ ရုတ်တရက် ငိုင်သွားလျှင်ပင် မြင့်မျိုးမြတ် မှာ စိုးရိမ်တကြီးဖြင့် ဂရုစိုက်တတ်သည်။ 'အရင်ဟာတွေ ပြန်မစဉ်းစားနဲ့၊

www.foreverspace.com.mm



ဖြစ်ပြီးသွားတဲ့ကိစ္စတွေကို ပြန်စဉ်းစားတာဟာ ကိုယ့်အတွက် ဘာမှ အကျိုးမရှိဘူး'၊ 'စာမေးပွဲအတွက် စာကျက်ဖို့ ဘာတွေ ကျန်သေးလဲ'၊ 'မျိုးသိတယ်။ ရာထူးကို ဖိုးသားပဲရမှာ' စသည်ဖြင့် သားဦး စိတ်ပြောင်း သွားအောင် အားပေးတတ်သည်။

အမှန်တော့ သားဦး မကြာခဏငိုင်ငိုင်သွားတတ်ခြင်းမှာ လီလီလှ ကို သတိရ၍မဟုတ်။ သတိရစရာအကြောင်းမရှိ။ သားဦး ငိုင်သွားရခြင်း အကြောင်းက မျိုးသည် တစ်ချိန်ကျလျှင် သူ လက်ထပ်ရမည့် မိန်းကလေး တစ်ယောက်ဖြစ်သည်။ ထိုမိန်းကလေးကို သူ မလိုချင်ဟု ဆုံးဖြတ်ပြီး နည်းပေါင်းစုံဖြင့် လွဲအောင်ကြိုးစားခဲ့ဖူးသည်။ အဲဒါတွေကို သူ အခု မမျိုးဟုခေါ်သော မြင့်မျိုးမြတ်က လုံးဝ မသိ။ သိသွားလျှင် သူ့အပေါ် ဘယ်လိုသဘောထားမှာလဲ။ ဖွင့်ပြောပြလိုက်လျှင် သူ့ကို နာကျည်းသွား မှာလား။ အိမ်က စေ့စပ်တော့မည့် ယောက်ျားတစ်ယောက်အနေဖြင့်ပဲ မမျိုးကို သူ ဆက်ဆံရမလား။ သို့တည်းမဟုတ် မမျိုးက စေတနာထား သော သံယောဇဉ်ရှိသော သာမန်လူတစ်ယောက်အနေနဲ့ပဲ သူ့အချစ်ကို ဖွင့်ပြောလျှင် ကောင်းမလား။

ထိုအကြောင်းတွေကို တွေးမိသဖြင့်သာ သားဦး ငိုင်ငိုင်သွားခြင်း ဖြစ်ပါသည်။ ဒီလိုငိုင်ငိုင်သွားတိုင်း မမျိုးက ဂရုစိုက်တာကိုလည်း သားဦး သာယာသည်။ ထို့ကြောင့် တစ်ခါတစ်ခါ ဘာမှမဖြစ်ဘဲ ဂရုစိုက်ခံချင် လာလျှင် သားဦး ငိုင်နေလိုက်ရုံသာဖြစ်သည်။ သားဦး သူ့ကိုယ်သူ သိပါ သည်။ သူ မြင့်မျိုးမြတ်ကို စွဲစွဲလမ်းလမ်း ချစ်နေပြီဖြစ်သည်။

ဘယ်တော့မှ မလိမ်ညာတော့ဟု ဆုံးဖြတ်ပြီး ဖြစ်သည့်အတိုင်း သူ မြင့်မျိုးမြတ်ကို မြတ်မြတ်နိုးနိုး ချစ်နေပြီဖြစ်ကြောင်း သူငယ်ချင်းများ ကို ဖွင့်ပြောလိုက်တော့ အားလုံးက ဝိုင်းဆဲကြလေသည်။

www.foreverspace.com.mm



"မင်းဟာ ကိုယ့်အမြီးကို ကိုယ်ပြန်မြိုနေတဲ့ မြွေပဲကွ။ အလကား အလုပ်ရှုပ်အောင် လုပ်နေတာ"

ပေစိက စာသံပေသံပါပါဖြင့် စိတ်ဆိုးသည်။

"အေး…ကောင်းရောပေါ့ကွာ။ မင်းက ချကျွေးတုန်းက မစား၊ ဘေးက ဝင်စားမှ အတင်းဝင်ကိုက်ပြီး လုစားတဲ့ ခွေးနဲ့တူတယ်။ မင်းကြောင့် ငါ့ညီမ ယောကျ်ားနောက်ပါသွားတာပဲ အဖတ်တင်တယ်"

မောင်မိုးက ဒေါသတကြီး နင့်နင့်သီးသီးပြော၏။ သူ့ကို တစ်ခွန်းမှ မပြောဘဲ တည်ငြိမ်အေးဆေးစွာ ကြည့်နေသူမှာ ကိုဝင်းမော်သာ ဖြစ်ပါသည်။

"မင်းတို့ ပြောချင်သလိုပြောကြပါကွာ။ ငါ… ခံရတော့မှာပဲ။ ငါ အရင်တုန်းက သူ့ကို မလိုချင်ခဲ့ဘူးဆိုတာလည်း အမှန်ပဲ။ အခု သူနဲ့ နီးနီးကပ်ကပ် နေလိုက်ရတာ သူ့ကိုငါ မြတ်မြတ်နိုးနိုး ချစ်သွားတယ် ဆိုတာလည်း အမှန်ပဲ။ ဘာကြောင့် အဲဒီလို ဆန့်ကျင်ဘက်ခံစားမှုကြီး ပြောင်းလဲသွားတယ်ဆိုတာတော့ ငါလည်း ပြောမပြတတ်ဘူးဆိုတာ ဝန်ခံပါတယ်"

ကိုဝင်းမော်က သူ့ကို ပြုံးကာ ခေါင်းညိတ်ရင်း…

"ငါကတော့ နားလည်ပါတယ် ညီရာ…။ ရေခဲရိုက်ထားတဲ့ ပန်းသီးကို စားရတဲ့ အရသာထက် ကိုယ်ကိုယ်တိုင် စိုက်ပျိုးပြီး ရလာတဲ့ ပန်းသီးကို စားရတာ ပိုအရသာရှိသလိုမျိုးပေါ့။ အဲဒါတွေ ထားလိုက်တော့။ ညီ…အခု မင်း ဘာဆက်လုပ်မလဲ"

"အဲဒါလည်း ပြဿနာတစ်ခုပဲ ကိုဝင်းမော်။ ကျွန်တော် သူ့ကို အခုအခြေအနေအတိုင်း ချစ်တယ်လို့ ဖွင့်ပြောလိုက်ရမလား။ ဒါမှမဟုတ် အိမ်က စေ့စပ်ထားတဲ့သူဟာ ကျွန်တော်ပါပဲလို့ ဖွင့်ပြောပြလိုက်ရမလား။

www.foreverspace.com.mm

အဲဒီနှစ်ခုကို ကျွန်တော် ဘာလုပ်ရမလဲ မသိဘူး ဖြစ်နေတယ်"

ကိုဝင်းမော်က တွေခနဲ တစ်ချက်စဉ်းစားသည်။ မောင်မျိုးက...

"ဟော့ကောင် မရှုပ်သင့်တာကို ထပ်ရှုပ်မနေနဲ့ သားဦး။ မင်းဟာ တော်တော် ခေါင်းစားတဲ့ အကောင်ပဲ"

"အေးလေ...ဘာဖြစ်ဖြစ် အတူတူပဲဥစ္စာ။ ဘာထူးသေးလို့တုန်းကွ"

ပေစိစကားဆုံးတော့ ကိုဝင်းမော်က လက်ကာပြသည်။

"မင်း စိုးရိမ်တာကို ကိုယ်သိတယ် သားဦး။ ဆရာမက မိဘစကားကို လုံးဝနားထောင်မယ် ဆုံးဖြတ်ထားသော လူတစ်ယောက်အနေနဲ့ ဖွင့်ပြောလိုက်ရင် ကိုမင်းဦးလိုပဲ အငြင်းခံလိုက်ရမှာ စိုးရိမ်နေတယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ကိုဝင်းမော်...။ ဟုတ်တယ်...။ ကျွန်တော့်အပေါ် ဘယ်လောက်ပဲ သံယောဇဉ်ရှိရှိ၊ ဘယ်လောက်ပဲ နားလည်နားလည် သာမန်လူတစ်ယောက်အနေနဲ့ ဖွင့်ပြောမယ်ဆိုရင် သူ့မိဘ အရှက်တကွဲ မဖြစ်ရအောင် ကျွန်တော့်ကို ငြင်းမှာပဲ"

"အဲဒါဆိုလည်း စေ့စပ်ထားတဲ့သူက ကျွန်တော်ပါလို့ ပြောလိုက်ပေါ့ကွ"

"ဒီလိုကျပြန်တော့လဲ အရင်တုန်းက သူ့ကို မစေ့စပ်ချင်လို့ လုပ်ထားတဲ့ကိစ္စတွေ အကုန်လုံးကို သိသွားပြီး အမုန်းခံရမှာ မင်းကြောက်နေလို့ မဟုတ်လား"

တည်ငြိမ်စွာပြောလာသော စကားကြောင့် သားဦး အတော် အံ့သြသွားသည်။ ကိုဝင်းမော်သည် ဖြစ်ပျက်ခဲ့သမျှ ကိစ္စများအားလုံးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခဲ့ခြင်း တစ်ကြိမ်မှ မရှိပါဘဲနှင့် သူ့

စိတ်ထဲက ခံစားမှုတွေကို အနီးစပ်ဆုံး သိနေတာကို သားဦး အံ့သြနေမိသည်။ အတွေ့အကြုံဆိုတာ ဒါပဲထင်ပါရဲ့ဟု မှတ်ချက်ချမိပြန်သည်။

"ဟုတ်တယ် ကိုဝင်းမော်။ ကျွန်တော် ဘာတွေဖြစ်ကုန်မှန်းလည်း မသိဘူး။ အကောင်းဆုံးဖြစ်အောင် ဘယ်လို ဆုံးဖြတ်ရမှန်းလည်း မသိတော့ဘူး"

"မင်းဖြစ်တာက အကြောက်တရား ပြောင်းသွားတယ်လို့ ခေါ်တယ်။ ပထမ…မင်း ဆရာမလေးနဲ့ လက်ထပ်မှာကို ကြောက်တယ်။ အခု ဆရာမလေးက မင်းကို လက်မထပ်မှာကို ကြောက်တယ်"

"အဲဒီတော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ ကိုဝင်းမော်"

သူ့တို့စကားဝိုင်း တိတ်သွားသည်။ ပေစိနှင့် မောင်မျိုးလည်း တော်တော်စိတ်ဝင်စားဟန်တူ၏။ ကိုဝင်းမော်က လေးလေးနက်နက် စဉ်းစားကာ နေသည်။ ခဏကြာတော့မှ ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းသည်။

"ဒီအချိန်ဟာ မင်းတစ်ဘဝလုံးအတွက် အရေးကြီးဆုံးအချိန် ဖြစ်တယ်။ အရင်ကိစ္စတွေ မှားတုန်းက ပြန်ပြင်ဖို့ အချိန်ရှိတယ်။ ဒီတစ်ခါမှားရင် မရတော့ဘူး။ မင်းတို့စေ့စပ်ဖို့ အချိန် ဘယ်လောက်လိုသေးသလဲ သားဦး"

"ဖေဖေ့ဆီက ကျွန်တော် ခွင့်တောင်းထားတဲ့အချိန်တော့ ပြည့်သွားပြီ ကိုဝင်းမော်။ အိမ်ကတော့ မြန်နိုင်သမျှ မြန်အောင် ဖြစ်ချင်နေကြတာပဲ။ အများဆုံး တစ်လအတွင်းပေါ့ ကျွန်တော် ဘာလုပ်သင့်သလဲဆိုတာကို ပြောပါဦး"

"အရေးကြီးဆုံးအချိန်ကို ငါ ဘာမှ မပြောချင်ဘူး။ မပြောရဲဘူးဆိုရင် ပိုမှန်လိမ့်မယ် ညီရာ…။ အဓိကအကျဆုံးကတော့ ဆရာမလေးကိုပဲ



www.foreverspace.com.mm

www.foreverspace.com.mm



ဖွင့်ပြောသင့်သလား၊ ဒီလိုပဲနေလိုက်သင့်သလားဆိုတာ ညီကိုယ်တိုင် ဆုံးဖြတ်တာ အကောင်းဆုံးပဲ"

♦

www.foreverspace.com.mm

ဒီတစ်ခါ တိတ်ဆိတ်စွာ ငေးငိုင်နေတာက သားဦးမဟုတ်။ မြင့်မျိုးမြတ်သာ ဖြစ်သည်။ ရင်းနှီးပတ်သက်သော သူငယ်ချင်း မိတ်ဆွေများ၏ ပြဿနာကို တည်ငြိမ်အေးဆေးစွာ၊ မှန်ကန်ရဲရင့်စွာ၊ ဖြေရှင်းပေးခဲ့ဖူးသော သူမသည် ကိုယ့်အလှည့်ရောက်တော့ ဘာကို ဆုံးဖြတ်ရမှန်းမသိ။ အဆင်အပြေဆုံး၊ အမှန်ကန်ဆုံးနှင့် အားလုံးစိတ်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်ဆုံးသည် ဘာလဲဆိုတာ မကွဲပြားနိုင်။ မိဘနှစ်ပါးကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားခဲ့ပြီး အခုကျမှ သူ့ စိတ်ချမ်းသာမှုကို ရွေးရမှာလား။ ဒါမှမဟုတ် ဒီတစ်ကြိမ်တော့ သမီးကို စိတ်ချမ်းသာမှုပေးပါ မေမေရယ်ဟု ယခင်ပြုခဲ့ဖူးသော ကျေးဇူးအားကိုနှင့် တောင်းပန်ရမည်လော။ ထိုအတွေးသည် "ရွှေ့အပတ်ထဲမှာ ကိုလေးဝင်းကြူနဲ့ ဒေါ်မြဆင့်တို့ စေ့စပ်ဖို့ လာကြလိမ့်မယ် သမီး" ဟု မေမေပြောပြီး ကတည်းက စတင်ခဲ့သည်။

ဖိုးသားကတော့ သိပုံမပေါ်။ နံဘေးနားမှ စကားတွေ တတွတ်တွတ်နှင့်ပြောကာ နေသည်။ သံယောဇဉ်ဆိုတာ မမြင်ရသောကြိုးဟု ပညာရှိတွေက ပြောတတ်ကြသည်။ သူမအတွက်တော့ သံယောဇဉ်ဆိုသည်မှာ ထင်ထင်ရှားရှားကို မြင်ရသော ကြိုးတစ်ချောင်းသာ ဖြစ်သည်။

www.foreverspace.com.mm



ဖိုးသားဘဝကို ကယ်တင်ခဲ့သည့်အတွက် သူ့ကိုယ်သူ ဘယ်တုန်းကမှ နောင်တမရခဲ့သည့်အပြင် မှန်တယ်ဟုပင် ထင်ပါသည်။ သို့သော် လိုအပ်သည်ထက်ပို၍ သံယောဇဉ်ထားမိတာကိုက သူ့ကိုယ်သူ အပြစ်တင်လေသည်။ သိသည့်အချိန်မှာ ဘာမှ မတတ်နိုင်တော့…။

သံယောဇဉ်ဆိုတာကလည်း မှောင်မဲနေသည့် မြက်တောထဲမှ ပုန်းနေသော မြွေတစ်ကောင်နှင့်တူသည်။ ရှိနေမှန်းမသိရ၊ မထင်ရ။ ပေါက်ပြီးတော့မှ အပေါက်ခံရမှန်း သိလိုက်ရတာမျိုး ဖြစ်သည်။

"မမျိုး…ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား။ စကားလည်း မပြောဘူး၊ ဘာတွေစဉ်းစားနေတာလဲ။ ဘာလဲ…ဘောနက်ထုတ်ပြီးရင် ဘယ်ပလာဇာမှာ အင်္ကျီသွားဝယ်ရရင်ကောင်းမလဲလို့ စဉ်းစားနေတာ မဟုတ်လား။ ဟား…ဟား…ဟား…"

ဖိုးသားက သူ့ကို ဂရုတစိုက်မေးသည်။ ပြီးတော့ ပျော်ရွှင်သွားအောင် စသည်။ ရင်ထဲ မောကာသွား၏။

"မဟုတ်ပါဘူး ဖိုးသားရယ်။ ခေါင်းထဲက ငြီးစီစီကြီးဖြစ်နေလို့ပါ"

"ဒါဆို သိပြီ။ မနေ့က ကျောင်းကပြန်တော့ အိုက်တယ်ဆိုပြီး ညနေဘက် ရေသွားချိုးလိုက်တယ် မဟုတ်လား။ အာခေါင်တွေပူလား၊ ကိုယ်တွေလက်တွေကော မသယ်ချင်ဖြစ်နေသလား။ ဒါဆိုရင်တော့ ဖျားပြီ"

သားဦးပုံစံက သူ့နဖူးကိုပဲ ကိုင်တော့မလိုလို၊ သူ့လက်ကောက်ဝတ်ကိုပဲ စမ်းတော့မလိုလိုရှိ၏။ ထိုတဒင်္ဂမှာပဲ သူမ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထိုဆုံးဖြတ်ချက်သည် သူမဘဝအတွက် တော်တော်အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်ပါသည်။ သို့သော် သွေးအေးအေးနှင့် ဆုံးဖြတ်ချက်ချလိုက်ခြင်းတော့ မဟုတ်။ သူမ ရင်တွေခုန်နေပါသည်။

"ဖိုး…။ အချစ်ဆိုတာ ဘာလဲ။ မင်းသိလား"

"ခင်ဗျာ…"

"မမျိုးဆိုလိုတာ ဒီလိုကွာ…။ ဘယ်လိုအခြေအနေမျိုးမှာ အချစ်ဆိုတာ ဖြစ်တတ်သလဲ။ ဘယ်လို အကြောင်းပြချက်ကြောင့် အချစ်ဆိုတာ ဖြစ်တတ်သလဲ။ ဖိုးသားက ရည်းစားတစ်ယောက်ထားခဲ့ဖူးတော့ အဲဒါကို သိချင်လို့ မေးတာ"

"ဟာ…မမျိုးမေးတဲ့မေးခွန်းက တစ်ကမ္ဘာလုံးမှာရှိတဲ့ သူတွေ ဘယ်သူမှ တိတိကျကျ မဖြေနိုင်တဲ့ မေးခွန်းမျိုးဗျ။ ကျွန်တော် ရည်းစား ထားခဲ့ဖူးတယ်ဆိုတာလဲ အချစ်တွေဘာတွေ သိလို့မဟုတ်ပါဘူး။ သူငယ်ချင်းတွေက တိုက်တွန်းတာရယ်၊ အနေနီးစပ်တာရယ်…အဲလောက်ပါပဲ။ ချစ်ပြီးတော့လည်း အချစ်ဆိုတာဘာလဲ မသိရပါဘူးဗျာ။ နေပါဦး…မမျိုး က ဒီနေ့မှာ ထူးထူးဆန်းဆန်း အချစ်အကြောင်းကို မေးရတာလဲ‥"

သူမ စကားပြောလောသွန်းမှန်း ချက်ချင်း သတိရလိုက်သည်။ အပြန်အလှန် စကားပြောလိုက်ရသဖြင့် ရင်ခုန်သံအနည်းငယ်ငြိမ်ကာသွား၏။ သူ့ကိုယ်သူ ပြန်လည်တည်ငြိမ်အောင် ကြိုးစားရင်း ထပ်ပြီးစကား မမှားဖို့ သတိပေးလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူးကွာ…။ လူတစ်ယောက်မှာ အချစ်ရှိသင့်သလား၊ မရှိသင့်ဘူးလားဆိုတာ တွေးမိလို့ မေးကြည့်လိုက်တာပါ"

"ဟာ…လူတစ်ယောက်မှာ အချစ်ဆိုတာတော့ ရှိသင့်တာပေါ့ မမျိုးရ။ ကျွန်တော် ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ်။ အာကာသထဲကို လွှတ်မယ့် ဒုံးပျံယာဉ်ထဲမှာ လိုက်ရတဲ့ အာကာသယာဉ်မှူးတွေရဲ့ အရည်အချင်းထဲမှာ ရည်းစားဦးနဲ့ မကွဲရဘူးတဲ့။ ပြီးတော့ အိမ်ထောင်ရှိရမယ်။ ကလေးရှိရမယ်ဆိုတဲ့ အချက်နှစ်ချက်ပါတယ်"

"ဟုတ်တယ်…။ ဘာဖြစ်လို့ အဲဒီနှစ်ချက်ပါရတာလဲ။ ဖိုးသား



www.foreverspace.com.mm

www.foreverspace.com.mm



သိလား''

''ရည်းစားဦးနဲ့ ကွဲဖူးတဲ့သူဟာ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု မရှိဘူးတဲ့။ ပြီးတော့…အိမ်ထောင်နဲ့ ကလေးရှိမှ ကမ္ဘာမြေကို ချစ်တတ်တယ်။ လူတွေကို ချစ်တတ်တယ်တဲ့။ တစ်ကိုယ်ကောင်းဆန်စိတ် နည်းပါတယ်တဲ့။ တနည်းအားဖြင့်တွေးရင်တော့ အချစ်ရှိမှ လူတစ်ယောက်ဘ၀ ပြည့်စုံတယ်လို့ ဆိုလိုချင်တာပါ''

သားဦးက အားမာန်အပြည့် တက်တက်ကြွကြွဖြင့် ပြောကာနေသည်။ သားဦး ပြောတာတွေကို သူ သိပြီးသားဖြစ်၏။ သူ့ စိတ်ထဲမှာ သိချင်လိုချင်နေတာ ဒါတွေမဟုတ်။ ဒါပေမဲ့ တိုက်ရိုက်ပြောဖို့ရန် မဖြစ်။

''အင်း…ဖိုးသားဆီမှာ ဒီလိုအတွေးအခေါ်တွေ ရှိမယ်မှန်းတောင် အစတုန်းက မထင်ခဲ့ဘူး''

''ဟင်…မမျိုးပဲ စာတွေဖတ်ဆို။ ဒါလည်း မမျိုးကြောင့် ပြောင်းလဲခဲ့ရတဲ့ အချက်တစ်ချက်ပါပဲ''

''မင်း ဒီလိုလိမ္မာသွားတယ်ဆိုရင်တော့ မင်းကို မမျိုး စိတ်ချသွားပါပြီ''

ဖိုးသား ခဏငြိမ်ကာသွားသည်။ ပြီးတော့ မျက်မှောင်ကြုတ်ကာ စဉ်းစား၏ စိတ်ချသွားပြီဆိုတော့ စကားလုံးကို နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ကြည့်နေသည်။

''စိတ်ချသွားပြီ… စိတ်ချသွားပြီ…။ စိတ်ချသွားပြီဆိုတော့ မမျိုး ဘယ်သွားမလို့လဲ။ ဆရာမအလုပ်နဲ့ နယ်ပြောင်းတော့မလို့လား''

''နယ်ပြောင်းမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဖိုးသားနဲ့ အခုလို နေ့စဉ်တွေ့ပြီး နီးနီးကပ်ကပ် ဆုံးမဖို့လည်း မဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့ ဖိုးသား အရင်လို မမိုက်တော့ဘူးဆိုတာ ယုံပါတယ်။ မမျိုးရဲ့ယုံကြည်မှုကို ဖိုးသား

www.foreverspace.com.mm

ဘယ်တော့မှ မဖျက်ရဘူး''

''မမျိုးပြောတာ ကျွန်တော် နားမလည်ဘူး။ ကျွန်တော်က မမျိုးနဲ့ ဘာကြောင့် နေ့တိုင်း မတွေ့နိုင်ရမှာလဲ''

ကန်ရေပြင်နှင့်ခုံတန်း ရုတ်တရက် ဆိတ်ငြိမ်သွားသည်။ သူ့ရင်ထဲ တချက် လှပ်ခနဲဖြစ်သွားကာ မျက်ရည်ဝဲချင်လာသည်ကို သိလိုက်ရသဖြင့် အသိစိတ်ဖြင့် အချိန်မီ ထိန်းလိုက်နိုင်သည်။ သူမ အားလုံး မဆုံးရှုံးသေးပါ။ မျှော်လင့်ချက်နည်းနည်း ရှိပါသေးသည်။ ထိုမျှော်လင့်ချက်အတွက် သတ္တိလည်း အပြည့်ရှိပါသည်။

''မမျိုး ပြောလေ…မမျိုးရဲ့။ ဘာဖြစ်လို့လဲ''

''မမျိုးအိမ်က ယောကျ်ားပေးစားတော့မယ်''

ထိုစကားကို အားယူပြီး ပြောပြီးပြီးချင်း ဖိုးသားမျက်နှာ၏ အပြောင်းအလဲကို မျှော်လင့်တကြီး ကြည့်လိုက်သည်။ အံ့သြဖွယ်ကောင်း လောက်အောင်ပင် ဖိုးသားမျက်နှာမှာ မည်သည့်ပြောင်းလဲမှု အရိပ်တစ်စုံ တစ်ရာမျှ ဖြတ်သန်းသွားတာ မတွေ့ရ။ သူမကိုတော့ သေသေချာချာ စိုက်ကြည့်နေတာ တွေ့ရသည်။ သူမ မျက်လွှာ ချပစ်လိုက်သည်။ သူမ နှလုံးသား တစ်မဲ့စိမ့် ပြန်လှုပ်ရှားလာသည်ကို ခံစားရ၏။

''သြော်…ဟုတ်လား။ ဘယ်သူလဲ…၊ ဘယ်ကတဲ့လဲ…။ မမျိုးက ကျွန်တော့်ကို လျှို့ထားတာကိုး''

တော်တော့်ကို သာမန်ဆန်သော တုန့်ပြန်မှုတစ်ခုဖြစ်သည်။

''အိမ်က စီစဉ်တဲ့အတွက် တို့မသိဘူး ဖိုးသား။ အဲဒီလူကို တို့လည်း မတွေ့ဖူးဘူး။ မြင်လည်း မမြင်ဖူးဘူး။ သူ့အဖေ အမေက အရမ်းချမ်းသာတယ်။ သူက တို့ထက် အသက်နည်းနည်းငယ်တယ်။ တို့သိတာ အဲဒါပဲ''

"သြော်…ဒါကြောင့် မမျိုးက အချစ်တွေဘာတွေ မေးနေတာ ကိုး။ မမျိုးမိဘတွေ စီစဉ်တာဆို မမျိုးနဲ့ သင့်တော်လို့နေမှာပေါ့။ မမျိုးက အဲဒီကိစ္စကို လက်မခံချင်ဘူးလား"

"မိဘတွေ အသိပေးတုန်းကတော့ မမျိုးစိတ်ထဲမှာ ဘာမှ မရှိတာ အမှန်ပဲ။ မိဘရဲ့စကားကို အမြဲနားထောင်ခဲ့တဲ့စိတ်နဲ့ ခေါင်းညိတ်ခဲ့မိတယ်"

"ဒါဆို…မမျိုးက အခု အဲဒီလူကို လက်မခံချင်တော့ဘူးလား။ မိဘတွေက ဟိုဘက်ကို စကားကမ်းခဲ့ပြီးပြီဆိုတော့ ဘယ့်နှယ့်လုပ်မလဲ။ မမျိုး အစကတည်းက စဉ်းစားခဲ့ဖို့ကောင်းတာ။ လူချင်းတွေ့ပြီး ကိုယ် မနှစ်သက်ရင် ငြင်းခွင့်ရှိတာပဲ"

"ဟုတ်တယ်…။ မေမေနဲ့ ဖေဖေရဲ့ဆန္ဒကို အမြဲခေါင်းညိတ်ခဲ့တာ မလွန်ဆန်ရဲတာ၊ မမျိုးအတွက် ကုသိုလ်ဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ အဲဒါ မမျိုးရဲ့ အားနည်းချက်ပဲ။ မေမေနဲ့ ဖေဖေကလည်း မမျိုး အသက် အရွယ်ကိုငဲ့ပြီး အိမ်ထောင်ပြုစေချင်ကြပြီဆိုတာ မမျိုး သိတယ်။ သူတို့ စီစဉ်တဲ့သူကို ငြင်းပြီး မမျိုးရင်ထဲမှာရှိတာကို ရွေးဖို့ကလည်း မမျိုးမှာ ရှိမှ မရှိဘဲ"

"ကိုမင်းဦး ရှိသားပဲ မမျိုးရဲ့"

ဖိုးသားစကားကြောင့် မမျိုးရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သြော်… သူဟာ ငါ့ကို သူ့ရဲ့ ကျေးဇူးရှင်တစ်ယောက်လို့ကို လုံးလုံးသတ်မှတ် ထား ပါလားဆိုတာ ပြတ်သားစွာ သိလိုက်ရသည်။

"ကိုမင်းဦးကို မမျိုးမှ မချစ်ဘဲ"

ထိုစကားသည် သူမအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် ဣန္ဒြေ ရှိရှိ နောက်ဆုံးကြိုးစားခြင်းသာ ဖြစ်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm



"စေ့စပ်ထားတဲ့ သူနာမည်က ဘယ်သူတဲ့လဲ"

"ချစ်နေမြဲတဲ့"

"ဟင်…နာမည်ကြီးကလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ မမျိုးရယ်…။ မိဘဆိုတာ ကိုယ့်ထက် အတွေ့အကြုံလည်းများတယ်၊ ရင့်ကျက်မှုလည်း ပိုတယ်၊ ဘဝအကြောင်းကိုလည်း ပိုသိတယ်။ သူတို့ စီစဉ်တဲ့သူဟာ ဆိုးဆိုးဝါးဝါးထဲကတော့ ဟုတ်ဟန်မတူပါဘူး။ မမျိုး မိဘစကားကိုပဲ နားထောင်လိုက်တာ အကောင်းဆုံးဖြစ်မှာပါ။ ပြီးတော့ စေ့စပ်တာပဲ။ သူ့ကို လေ့လာကြည့်ပြီးမှ မကျေနပ်ရင် ဖျက်ပစ်လို့ရတာပဲဥစ္စာ"

သူမ မျှော်လင့်ချက် လုံးဝကုန်သွားပြီဖြစ်သည်။ သူမ ယဲ့ယဲ့ကလေး ပြုံးလိုက်၏။

"မိန်းကလေးတစ်ယောက်ရဲ့ ဘဝဆိုတာ မင်းထင်သလောက် မလွယ်ဘူး ဖိုးသား။ အရှက်ရယ်၊ သိက္ခာရယ်၊ ဣန္ဒြေရယ်ဆိုတဲ့ ကိုယ်ကျင့်တရားတွေကြားမှာ အငြိအစွန်းလွတ်အောင် အမြဲထိန်းသိမ်းနေရတာ။ ခေါင်းညိတ်တာနဲ့ ခေါင်းခါတာကို သိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်က ဘယ်တော့မှ လွယ်လွယ်နဲ့ မလုပ်ပါဘူး။ ပြီးတော့ မိဘက ခေါင်းညိတ်ပြီးသား ကိစ္စတစ်ခုကိုလည်း ဘယ်တော့မှ မမျိုး ခေါင်းခါမှာ မဟုတ်ဘူး။ ဒါကြောင့် နောက်နေ့ကစပြီး ဖိုးသားနဲ့တို့ ဒီလိုအေးအေးဆေးဆေးတွေ့ဖို့ မဖြစ်နိုင်တော့ဘူးလို့ ပြောတာ"

ဖိုးသားက ခေါင်းကို ခပ်သွက်သွက် တစ်ချက်ညိတ်၏။

"မမျိုးပြောတာ ကျွန်တော် နားလည်ပါတယ်။ မိဘစကားကို ဘယ်တော့မှ မဆန့်ကျင်တဲ့ မမျိုးကို ကျွန်တော် လေးစားတာပဲ"

♦

www.foreverspace.com.mm



လမ်းခွဲပြီး ညနေခင်း အပြန်လမ်းတစ်လျှောက်လုံး သားဦး လေတချွန်ချွန်၊ ခပ်သွက်သွက်၊ ခပ်မြူးမြူး လျှောက်လာခဲ့သည်။ စိတ်ထဲ ရှိတဲ့အတိုင်းသာဆိုရင် ခုန်ပေါက်ကာပင် ပြေးလွှားလိုက်ချင်သည်။ သူ မမျိုးဆီက လိုချင်သောအရာနှစ်ခုကို တစ်ပြိုင်နက် ရခဲ့ပါသည်။ မမျိုး သည် သူ အမှန်တကယ် ဆိုးဆိုးပေပေ လူတစ်ယောက်ဖြစ်စေဦးတော့ သူ့ကို လက်ထပ်မည်မှာ အမှန်ပင်ဖြစ်သည်။ ပြီးတော့ သူနှင့်စေ့စပ်ထား သည့်အကြောင်းကိုပြောရင်း သူ့ကို ရည်းစားစကားပြောစေချင်တာ သားဦး လုံးဝ ရိပ်မိပါသည်။ ထို့အတွက် သားဦးရင်ထဲမှာ ဖော်ပြ၍ မတတ်အောင် ဝမ်းသာနေမိသည်။ ပထမတော့ ဖွင့်ပြောရန် စိတ်ကူးလိုက်မိသေး၏။ သို့သော် တစ်ယောက်တည်းသော သူ့ကို နှစ်ယောက်ခွဲမြင်နေသော မမျိုးကို စေ့စပ်သည့်နေ့ကျမှ သားဦးသည် 'ချစ်နေမြဲ' ဖြစ်ကြောင်း ချစ်နေမြဲသည် သားဦးဖြစ်ကြောင်း ပြောပြချင်သည့် စိတ်ကလေးကြောင့် ဖွင့်မပြောဖြစ် တော့။

အဲဒီနေ့ကျရင် မမျိုးသည် သူ မမြင်ဖူးတဲ့ စေ့စပ်ရမည့်သူကို ဘယ်လိုပုံစံလဲ သိချင်စိတ်၊ ရှက်ရွံ့စိတ်၊ ရင်ခုန်စိတ်တို့ဖြင့် ရှိနေလိမ့် မည်။ ဖြုန်းခနဲ သူ့ကို တွေ့လိုက်ရသည့်အခါ မမျိုး ဘယ်လောက် အံ့သြ

www.foreverspace.com.mm



သွားမလဲ။ ပျော်ရွှင်သွားမလဲ၊ ရင်ခုန်သွားမလဲ။ မမျိုးသည် အံ့သြလွန်းသဖြင့် သူ့ကို ဒေါသတကြီး အော်ဟစ်ရန်တွေ့လျှင် တွေ့လိမ့်မည်။ ဝမ်းသာရလွန်းသဖြင့် ထုနက်ကုတ်ဖွဲ့ရင်း ငိုချင်လည်း ငိုနိုင်သည်။ ထိုအချိန်တွင် တစ်ယောက်နှင့်တစ်ယောက် မမြင်ဖူးကြဟု ယူဆထားသော နှစ်ဖက်မိဘကို တအံ့တသြဖြင့် ကြောင်ကာ ငေးနေကြလိမ့်မည်။ ဖေဖေနှင့်မေမေခေါ်လာမည့် ဂုဏ်သရေရှိ လူကြီးမင်းများလည်း ဘာတွေဖြစ်ကုန်တာလဲဟု နားမလည်နိုင်အောင် ဖြစ်သွားကြမှာ သေချာသည်။

ဒီတော့မှ သားဦးက သူလုပ်ခဲ့သမျှကို အားလုံးနားလည်အောင် တစ်ခွန်းမှ မလိမ်မညာဘဲ ရှင်းပြလိုက်မည်။ ဖေဖေကတော့ သူ့ကို မကျေမနက်နှင့် ကြည့်နေမှာ သေချာသည်။ မေမေကတော့ ရင်ဘတ်ကိုဖိကာ ကံသီပေလို့ ကံကြီးပေလို့ဟု အံ့သြထိတ်လန့်နေပေလိမ့်မည်။

မမျိုးကတော့ သြော်…အဲဒီတုန်းက ဒီလိုကိုး…။ တော်တော်လည်ဟု ပြောရင်း သူ့ပခုံးကို ဆိတ်ချင်ဆိတ်ပေလိမ့်မည်။ မမျိုး မိဘနှစ်ပါးကတော့ သိပ်ကျေနပ်ချင်မှ ကျေနပ်ပေလိမ့်မည်။ သို့သော် ဒီအချိန်တွင် အရာရာသည် ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ကိုယ့်အတွေးနှင့်ကိုယ် ပျော်ရွှင်နေတုန်း 'ဟော့ကောင် သားဦးလာဦး' ဟု ဖေဖေ့အသံကို ကြားတော့မှ သူ အိမ်ထဲရောက်နေမှန်း သိသည်။ မေမေ့ဘေးတွင် ပျော်ရွှင်စွာ စိတ်လွတ်လက်လွတ် ဝင်ထိုင်ပစ်လိုက်သည်။ ဖေဖေက သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်၏။

"သား…။ ဖေဖေက စကားပြောစရာရှိလို့တဲ့"

"ဘာကိစ္စလဲ မေမေ"

"သားကို ပြောထားတဲ့ စေ့စပ်ဖို့ကိစ္စလေ"

"သြော်…အဲဒီ စေ့စပ်ဖို့ကိစ္စက…"

www.foreverspace.com.mm



"ဟော့ကောင်…သားဦး။ မင်း ထပ်အချိန်ဆွဲစရာ အကြောင်း မရှိတော့ဘူး။ မင်းကို ငါ လေ့လာဖို့ ပေးထားတဲ့အချိန် ကျော်တာ ကြာပြီ။ ဒီတော့ မင်း ငါ့ကို ဝေ့လည်ကြောင်ပတ် လုပ်မနေဘဲ ပြတ်ပြတ်သားသား ပြောတော့"

သားဦး ခန္ဓာကိုယ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ထိုင်ကာ ရှေ့တွင် ချထားသော တံတောင်ဆစ်နှစ်ဖက်ကို ထောက်ကာ ခေါင်းကို ငုံ့ထားလိုက်သည်။ ခဏကြာမှ…

"ကျွန်တော် သူ့ကို အားလုံး လေ့လာပြီးပါပြီ ဖေဖေ။ ငြင်းစရာ တစ်ခုမှ မရှိဘူး။ ဖေဖေနဲ့ မေမေ့သဘောပါပဲ"

"ကဲ…သားကို မေမေ မပြောဘူးလား၊ အလကား အချိန်တွေ တောင် ကုန်သေးတယ်။ ကဲ…ကိုလေး။ ကိုလေး သဘောအတိုင်း စီစဉ် တော့တဲ့ သားက…"

"ဒါဆို လာမယ့်တနင်္ဂနွေနေ့ စေ့စပ်ဖို့သွားမယ်။ မင်း မျိုးဆက်နဲ့ ဒေါ်မြင့်သီကို အကြောင်းကြားထားလိုက်။ ငါတို့ဘက်က လိုက်မယ့်လူကြီး တွေ ငါစီစဉ်မယ်။ မင်းသားကိုလည်း လုပ်ပေးသင့်၊ လုပ်ပေးထိုက်တာ တွေ လုပ်ပေးလိုက်ဦး"

"စိတ်ချပါ ကိုလေး"

ဖေဖေက သူ့ကို တစ်ချက်ကြည့်ကာ ထိုင်ရာမှ ထသွားသည်။ မေမေက သူ့ပုခုံးကို အသာမေးဖက်ထားသည်။ သူ မေမေ့လက်များကို ဝမ်းသာအားရ ဆုပ်ကိုင်ထားမိလေသည်။

♦

www.foreverspace.com.mm



မည်သူ့ကိုမှ စကားမပြောချင်သဖြင့် နားနေခန်းထဲမှာ အေးအေး ဆေးဆေး ထိုင်နေတုန်း ဆရာမ ခင်သန့်ဆွေက 'မျိုးရေ…ဧည့်သည်' ဆို သဖြင့် တော်တော်စိတ်ရှုပ်သွားသည်။ ဒီကျောင်းကို ရောက်ကတည်းက သူ့ထံသို့ မည်သည့်ဧည့်သည်တစ်ယောက်မှ မလာဖူးပါ။ ဖိုးသားများ ဖြစ်မလားဟု ဖျတ်ခနဲ တွေးမိသေး၏။ သို့သော် ချက်ချင်း ထိုအတွေးကို စိတ်ထဲမှ မောင်းထုတ်လိုက်သည်။

ဧည့်ခန်းသို့လျှောက်လာရင်း ဘယ်သူဖြစ်မလဲဟု တွေးရတာ ပိုခေါင်းရှုပ်လာသဖြင့် ဘာမှ မတွေးတော့ဘဲ ဧည့်ခန်းထဲသို့ ဝင်လိုက် သည်။ တွေ့လိုက်ရသည့်သူက လုံးဝ ထင်မှတ်မထားသည့် သားဦး၏ ရည်းစား လီလီလှနှင့် အမျိုးသားတစ်ယောက် ဖြစ်သည်။

"ဆရာမ…ကျွန်မကို မှတ်မိတယ် မဟုတ်လားဟင်။ ကိုသားဦးနဲ့ တစ်ခါ ဆရာမကို ဆုံခဲ့ဖူးတဲ့ လီလီလှပါ"

သူမ ချက်ချင်းမှတ်မိပါသည်။ သို့သော် ဘာကိစ္စနှင့် သူမဆီကို လာရသလဲဆိုတာ သူမ လုံးဝ စဉ်းစား၍မရ။

"ဟုတ်ကဲ့..မှတ်မိပါတယ်။ ဘာကိစ္စများရှိလို့ပါလဲ။ ထိုင်ကြပါ"

"ကျွန်မ…ကိုသားဦးနဲ့ ပတ်သက်ပြီး ဆရာမကို တောင်းပန်

www.foreverspace.com.mm



ဖို့ရယ်၊ ဟောသည်က ကျွန်မခင်ပွန်း သံသယကင်းသွားအောင် အဲဒီနေ့က သမီးရည်းစားအဖြစ် ဟန်ဆောင်ခဲ့တဲ့ဟာတွေရယ်၊ ကိုသားဦး လုပ်ခဲ့တာတွေကို ရှင်းပြဖို့ လာခဲ့တာပါ ဆရာမ"

ထို့နောက် လီလီလှက အဖြစ်အပျက်တွေကို တစ်ခုချင်း ပြောပြသွားသည်။ ကြားရသည့်စကားတွေက ကိုယ့်နားကိုပင် ကိုယ်မယုံချင်။ အဖြစ်အပျက်တွေက အားလုံးဟုတ်နေသည်။ အကျိုးအကြောင်းတွေက အားလုံး ဆီလျော်နေသည်။

"အဲဒီအကြောင်းတရားတွေကတော့ ကိုကိုနဲ့ အမြဲတမ်း လာတိုင်ပင်လို့ ကျွန်မ ကြားရတာပါ။ နောက်ဆုံးအနေနဲ့ ကျွန်မကို အကူအညီတောင်းတာကတော့ ဆရာမ သိပြီးတဲ့အတိုင်းပဲ။ သူက ကျွန်မကို သမီးရည်းစားလို ဟန်ဆောင်ပေးပါဆိုလို့ ကျွန်မက ကူညီဟန်ဆောင်ပေးတာပါ။ ဒါမှ စေ့စပ်တဲ့နေ့ကျရင် ဆရာမ သူ့ကို ငြင်းမှာတဲ့။ အဲဒီအချိန်မှာ ကျွန်မခင်ပွန်းကို မျှော်လင့်မထားဘဲ ကောင်မလေးတစ်ယောက်နဲ့ သွားတွေ့တယ်။ ကျွန်မလည်း ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ ဒေါသနဲ့ ထွက်သွားခဲ့မိတာပါ။ ဆရာမ အဲဒီအဖြစ်အပျက်က အမှန်ပါပဲ"

"သြော်"

သူက ဒါသာ ပြောနိုင်တော့သည်။

"ကျွန်မတို့နှစ်ယောက်ဆုံပြီး ပြဿနာရှင်းကြတော့ သူကလည်း သူ့သူငယ်ချင်းရဲ့ ရည်းစားကို ကူပြီး လာစောင့်ပေးတာ ဖြစ်နေတယ်။ ကျွန်မလည်း ဒီဘက်က ဟန်ဆောင်ပေးတာ ဖြစ်နေရယ်။ အဲဒါ ကျွန်မခင်ပွန်း သံသယကင်းအောင် ရှင်းပြရင်းနဲ့ ဆရာမကို လာတောင်းပန်တာပါ"

ဆက်ပြောသည့်စကားတွေကို မြင့်မျိုးမြတ် ဘာမှ မကြားတော့။

သူ ဘာတွေပြန်ပြောမိသည်ကိုလည်း သူကိုယ်တိုင် မသိတော့။ ကျောင်းအုပ်ဆရာမကြီးထံ ဒီနေ့ခွင့်ပေးပါရန် ဝင်ပြောတော့ ဆရာမကြီးက ပြုံးပြုံးရယ်ရယ်ဖြင့်…

"မနက်ဖြန် စေ့စပ်ပွဲရှိတယ်ဆိုရင် ဆရာမ ဒီနေ့ ကျောင်းတက်ဖို့တောင် မကောင်းဘူး။ ပြန်ပြန်ရတယ်…ဆရာမ။ စိတ်ချ မနက်စောစောလာခဲ့မယ်"

လမ်းပေါ်မှာ မျက်ရည်မကျအောင် ထိန်းသော်လည်း လုံးဝထိန်းလို့မရ။ သူ့အသိဉာဏ်သည် သေသွားဟန်တူသည်။ သို့တည်းမဟုတ် သူ့အသိဉာဏ်ထဲမှာ သားဦးက ဆရာမကို လုံးဝ လက်မထပ်ချင်ဘူး။ လုံးဝ လက်မထပ်ချင်ဘူးဆိုသော ကြောက်မက်ဖွယ်ရာကောင်းသည့် သတ္တဝါကြီးတစ်ကောင်သာ ခုန်ပေါက်လျက်ရှိသည်။ အိမ်ကိုရောက်တော့ မေမေ့ကိုပင် စောစောပြန်လာသည့် ကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောတော့ဘဲ အိပ်ခန်းထဲ တန်းဝင်ကာ တံခါးကို ဂျက်ချပြီး ကုတင်ပေါ် ပစ်လှဲကာ အားရပါးရ ငိုချလိုက်မိလေသည်။

◆ ◆ ◆



www.foreverspace.com.mm

www.foreverspace.com.mm

## အခန်း (၇)

မှန်တင်ခုံရှေ့မှာ ငြိမ်သက်စွာ ထိုင်ရင်း မှန်ထဲမှ သူမ အရိပ်ကို သူမ မလှုပ်မယှက် ကြည့်နေခဲ့ရာ တစ်နာရီနီးပါးခန့် ရှိနေခဲ့ပြီထင်သည်။ မေမေက နောက်မှ တိတ်တဆိတ် ရောက်လာကာ သူမ ပခုံးကို သိုင်းဖက်လိုက်ရင်း…

"သမီးရယ်…ဒီနေ့ဆိုတာ မိန်းကလေးတိုင်း စိတ်လှုပ်ရှားတတ်ကြတာပါပဲ။ သိပ်လည်း စိတ်ထဲမှာ ကယောက်ကယက် ဖြစ်မနေပါနဲ့။ မေမေတို့လည်း ရှိတာပဲ။ သမီးစိတ်လှုပ်ရှားနေရင် မေမေ့အနားမှာထိုင်ပေါ့ ဟုတ်လား။ ပြင်စရာရှိတာပြင်တော့ သမီး။ ၅ နာရီတောင် ထိုးပြီးနေပြီ။ တော်ကြာဆို ဧည့်သည်တွေ လာကြတော့မယ်"

www.foreverspace.com.mm



"သူတို့လာမှ သမီးကို လာခေါ်ပါနော် မေမေ"

"ဒါပေါ့ . . .သမီးရယ်။ အားလုံးစုံမှ မေမေ သမီးကို လာခေါ်မှာ ပါ"

မေမေ အခန်းအပြင်သို့ ထွက်သွားသည်အထိ သူမ မလှုပ်မရှား ဘဲ ငြိမ်နေမိသည်။ သူမဘဝမှာ ဖိုးသားတစ်ယောက်တည်းကိုသာ ချစ်ခဲ့ ဖူးပါသည်။ ချစ်သူ၏ဆန္ဒကို တတ်နိုင်သမျှ လိုက်လျောဖို့လည်း သူမ အဆင်သင့်ရှိပါသည်။ ပထမ သူမ ဘာမှ ဖြီးလိမ်းပြင်ဆင်ထားခြင်းမရှိဘဲ ထွက်တွေ့ရန် ဆုံးဖြတ်ထား၏။ ခုတော့ သူမ စိတ်ပြောင်းသွား၏။ ဒီနေ့ အလှဆုံးဖြစ်အောင် ပြင်ရမည်။ ချစ်သူလိုချင်သောစကားကို သူမ အလှဆုံး ပြင်ဆင်ကာ ပြောပေးလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

သားဦး ရင်ထဲမှာ ဂျပန်က ကျည်ဆံရထားနှစ်စင်း ဖြတ်မောင်း နေသလိုလို၊ ဟောင်ကောင်က တရုတ်နဂါး ဆယ်ဖွဲ့လောက်ပဲ ကနေသလို လို၊ လက်ဖက်ရည်နှင့် ကြံရည်ကို ရောပြီး သောက်ထားရသလို ဖြစ်နေ သည်။ ထိုင်တော့လည်း ထချင်၏။ ထတော့လည်း မဟုတ်သေးဟုထင် ကာ ပြန်ထိုင်ချင်သည်။ ပေစိနှင့်မောင်မျိုး ရောက်လာပြီး ဧည့်သည်စုံလို့ ကားပေါ်တက်ကြတော့လည်း အလယ်မှာ ထိုင်ချင်သလိုလို နောက်ကိုပဲ မှီထားရတော့မလို ဘယ်လိုနေလို့မှ အထာမကျ။

၁၅ မိနစ်သာ မောင်းရသော သူတို့အိမ်နှင့် မမျိုးတို့အိမ် ခရီး အကွာအဝေးကို ၁၅ နှစ်လောက်ကြာသည်ဟု ထင်နေမိသည်။ မမျိုးတို့ အိမ်ရှေ့ ပေါ်တီကိုအောက် ကားထိုးရပ်ပြီး ကားပေါ်က ဆင်းလိုက်တော့ မြေကြီးနှင့်ခြေထောက် ထိရတာ တစ်မျိုးလိုဖြစ်နေသည်။ အိမ်ထဲဝင်ကြ တော့ မနက်ကမှ ဝယ်၍စီးသော ပိန်းတန်းဖိနပ်က တော်တော်နဲ့ ချွတ်မရ။ ဘယ်ကို ညာနှင့်ဖိ၍ ချွတ်လည်းမရ။ ညာကို ဘယ်နှင့်ဖိ၍ချွတ်လည်း

www.foreverspace.com.mm



မရ။ ဒေါသနှင့် ငုံ့ကာ လက်ဖြင့်ဆွဲချွတ်နေတုန်း နောက်မှဝင်လာသည့် အဖေ့မိတ်ဆွေတစ်ဦးက ဝင်တိုက်သဖြင့် ဟတ်ထိုးလဲမလိုဖြစ်ရ၏။ ပေစိက အနားကပ်ကာ ကျိန်း၏။

"ဟေ့ကောင် ဘယ်လိုဖြစ်နေလဲ။ မင်းကြည့်ရတာ ဣန္ဒြေကို မရဘူး…။ ခပ်တည်တည်နေကွ"

သူ ကယောင်ကတန်းဖြင့် ပေစိကို 'ဟုတ်ကဲ့ခင်ဗျာ…ဟုတ်ကဲ့ ခင်ဗျာ' ဟုပင် ပြန်ပြောမိ၏။ ပေစိက လက်သီးထောင်ကာပြသည်။

ဧည့်ခန်းထဲမှာ အားလုံးထိုင်ပြီးတော့ ဟိုဘက်ဒီဘက် နှစ်ဘက် ပေါင်း လူအယောက် ၂၀ လောက်ရှိမည်ထင်သည်။ အာလာပသလ္လာပ ပြောသံဆူညံနေသော်လည်း ဘယ်စကားလုံးတစ်ခုကိုမှ သားဦး မကြား။ သူတို့ပြောနေကြသည့် စကားတွေကလည်း စေ့စပ်ပွဲနှင့် ဘာမှမဆိုင်။ ဒဂုံမြို့သစ်မြေကိစ္စ၊ ငါးခြောက် တစ်ပိဿာဈေး၊ ကားဈေး၊ ကန်ထရိုက် တိုက်များအကြောင်းနှင့် ဘုရားကိုးဆူပွဲတစ်ပွဲ အကြောင်းသာဖြစ်သည်.

မမျိုးကို အခုထိ မတွေ့ရသေးတာ သူ ပိုသဘောကျနေမိသည်။ သူ စိတ်ကူးထားသည်က နောက်ဆုံးမှ အခန်းထဲသို့ ဝင်လာသော မမျိုး သည် သူ့ကို အတွေ့တွင် အံ့သြသွားဖို့သာဖြစ်သည်။ ထိုအချိန်တွင် အိမ်ဖော် မလေးတစ်ယောက်က မမျိုး၏အမေဟု ထင်ရသည့် အမျိုးသမီးနားသို့ ကပ်ကာ တိုးတိုးပြောသည်။ အမျိုးသမီးကြီးက ခေါင်းညိတ်ကာ ပြလိုက် ၏။ သားဦးရင်ထဲ လှိုက်ခနဲဖြစ်သွား၏။ တစ်ယောက်တစ်ပေါက် ဆူညံ နေသံများ လုံးဝတိတ်ဆိတ်သွားသည်။ ကြည့်၍မဝအောင် အလှဆုံး ပြင် ဆင်ထားသည့် မမျိုးသည် အဖော်နှစ်ယောက်နှင့်အတူ အခန်းအတွင်းသို့ ညင်သာစွာဝင်လာပြီး သူ့မေမေနားတွင် ငြိမ်သက်စွာ ထိုင်သည်။ မမျိုး ဝင်လာကတည်းက သားဦးနှင့် မျက်လုံးချင်း တစ်ချက်ဆုံသော်လည်း

www.foreverspace.com.mm



သားဦး မျှော်လင့်ထားသလို အံ့သြခြင်း၊ ဝမ်းသားခြင်း၊ နားမလည်ခြင်း စသည်တို့ကို တစ်ခုမျှမတွေ့ရ။ တည်ငြိမ်အေးဆေးစွာပင် ရှိနေသည်။

မမျိုးစိတ်ထဲမှာ မအံ့သြ မတုန်လှုပ်ဘဲ နေလိမ့်မည် မဟုတ်ပါ။ သို့သော် လူစိမ်းသူစိမ်း ပရိသတ်အလယ်မှာ သူတွေးထားသလို အမူအရာ မျိုး မမျိုး ဘယ်တော့မှ မလုပ်ဆိုတာကို သူ အစကတည်းက သိဖို့ကောင်း ပါသည်။ ထိုစဉ်မှာပင်…

"ကဲ…ကျွန်တော်တို့က သားရှင်ဆိုတော့ ထုံးစံအတိုင်း စကား စရမှာပေါ့ဗျာ။ ဒီနေ့ကြွရောက်လာတဲ့ နှစ်ဘက်လူကြီးတွေ သိပြီးဖြစ်တဲ့ အတိုင်းပဲ။ ဟောဒီ ကျွန်တော်တို့နှစ်ယောက်ရဲ့ တစ်ဦးတည်းသောသား ချစ်နေမြဲကို ကိုမျိုးဆက်နဲ့ ဒေါ်မြင့်သီတို့ရဲ့သမီး မမြင့်မျိုးမြတ်နဲ့ စေ့စပ် ကြောင်းလမ်းဖို့ လာခဲ့တာပါ။ ကဲ…သူငယ်ချင်း မျိုးဆက်။ မင်းပဲ ဆက် ပြောတော့ကွာ။ ငါလည်း ဒီလောက်ပဲတတ်တာ"

"ဟကောင်ရ…ငါက သမီးရှင်လေ။ ဘာပြောမှာတုန်း…။ မင်းပြောတဲ့အထဲမှာ အကုန်ပါပြီးပြီဥစ္စာ"

ဦးမျိုးဆက်စကားကြောင့် သားဦးနှင့် မြင့်မျိုးမြတ်ကလွဲ၍ အားလုံး ဝိုင်းရယ်လိုက်ကြသည်။

"ကဲပါလေ…။ ထုံးတမ်းအစဉ်အလာတွေ လုပ်မနေပါနဲ့တော့။ မိဘက သဘောတူသလို ကလေးချင်းလည်း ကြည်ဖြူကြပြီးပြီပဲ။ ဘာ ပြောစရာ လိုသေးလို့လဲ… ပြီးရောပေါ့။ ဟုတ်ဘူးလား"

သားဦးပြုံးကာ မမျိုးကို လှမ်းကြည့်သည်။ သို့သော် မမျိုးက သူ့ကို ကြည့်မနေပါ။

"ကဲ…သမီးနဲ့သား ပြောစရာမရှိတော့ဘူးဆိုရင် မင်္ဂလာရက် ညှိဖို့ပဲ ရှိတော့တာပေါ့"

www.foreverspace.com.mm



"ဟုတ်ကဲ့…။ ကျွန်တော် ဘာမှ ပြောစရာမရှိတော့ပါဘူး"

"သမီးဘက်က ပြောစရာရှိတယ် မေမေ"

မျှော်လင့်မထားဘဲ တည်ငြိမ်ပြတ်သားသော မြင့်မျိုးမြတ်၏ အသံကြောင့် ပရိသတ်အားလုံး မြင့်မျိုးမြတ်ကို ဝိုင်းကြည့်လိုက်ကြသည်။

"ကျွန်မ ဒီစေ့စပ်ပွဲကို လက်မခံနိုင်ပါဘူး"

ထင်မှတ်မထားသော စကားကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

"ဟဲ့…သမီး…မျိုး။ ဘယ်လို ပြောလိုက်တာလဲ။ ဘယ်လိုဖြစ်တာလဲ သမီးရဲ့"

"ဟုတ်ပါတယ် မေမေ။ မေမေတို့က ဟောဒီဦးနဲ့ ဒေါ်ဒေါ့်သားကို စေ့စပ်မယ်လို့သာ ပြောထားပေမဲ့ သမီးနဲ့တစ်ကြိမ်မှ ဆုံမပေးခဲ့ပါဘူး။ ဒါပေမဲ့ သမီး သူ့ကို သိတယ်မေမေ။ သူ ဆေးဖိုးပြတ်လို့ သမီးပိုက်ဆံအိတ်ကို တစ်ခါလုခဲ့ဖူးတယ်"

အာမေဋိတ်အသံများနှင့် ရတ်ရတ်သဲသဲ စကားသံများ ထွက်လာကြသည်။ မေမေက 'သီရေ…မင်း သမီး ဘာတွေပြောနေတာလဲကွယ်' ဟူသော လေသံခပ်ဆတ်ဆတ်ကို ကြားလိုက်ရသည်။

"ကျွန်မစကားကို ဆုံးအောင် ပြောပါရစေဦး။ ကျွန်မ ကျောင်းသွား ကျောင်းပြန်နောက်ကျနေကျ စက်ရုံလမ်းထိပ်မှာရှိတဲ့ ညောင်ပင်ကြီးအောက်မှာ သူ အရက်တွေမူးပြီး လဲနေခဲ့ဖူးတယ်။ မိုးတွေရွာနေလို့ စေတနာနဲ့ သွားပြောတော့ ကျွန်မကို ဆဲဆိုလွှတ်ပြီး အရက်ထပ်သောက်ဖို့ ပိုက်ဆံ ၂၀၀ တောင်းဖူးတယ်။ အရက်တွေမူးရူးပြီး ကျွန်မအိမ်ရှေ့မှာ ကားထဲမှာပါတဲ့ ကောင်မလေးနှစ်ယောက်ကို သူတို့နဲ့ ထည့်လိုက်ဖို့ ပြောလို့ ရဲစခန်းကို သူရောက်ခဲ့ဖူးတယ်"

"ဟော့…မင်းစကားတွေ သိပ်လွန်နေပြီထင်တယ်။ ငါ့သား အကြောင်း ငါသိပါတယ်ကွ။ အရက်အကြောင်းမပြောနဲ့ ဆေးလိပ်တောင် သောက်တတ်တဲ့ကောင် မဟုတ်ဘူး။ မင်း ဘာတွေ ပြောနေတာလဲ"

ဖေဖေ့အသံက ကျားဟိန်းသံလို ထွက်လာသည်။ ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာ သားဦး မသိတော့…။

"ကျွန်မ အခုပြောနေတဲ့ စကားတွေဟာ လိမ်ညာပြီး ပြောတဲ့ စကားဟုတ်မဟုတ် ကာကယ်ရှင်ကိုယ်တိုင်ကို မေးကြည့်ပါ။ မိဘချမ်းသာ တာကလွဲပြီး ဒီလောက်ဖြစ်ချင်တိုင်းဖြစ်၊ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ ယောကျ်ားလေးတစ်ယောက်ကို ကျွန်မ လက်မထပ်နိုင်ပါဘူး"

တစ်ခန်းလုံး အပ်ကျသံမကြားအောင် တိတ်ဆိတ်သွား၏။ အားလုံး လည်း မျက်စိမျက်နှာပျက်ကုန်ကြ၏။

"သီရယ်…မင်း သမီးက တို့သားကို စော်ကားလိုက်တာ။ ကျွန်မ သားကလေးက ဘယ်တုန်းကမှ သူပြောသလို မဟုတ်ခဲ့ဘူးဆိုတာ ပတ် ဝန်းကျင်လည်းအသိ၊ ကျွန်မလည်း အသိပါ။ ဒီမှာသား…။ သူပြော နေတာတွေ မဟုတ်ဘူး မဟုတ်လား…။ မဟုတ်ဘူးဆိုတာ ပြောပြလိုက် ပါ။ ပြောလိုက်စမ်းပါ သားရဲ့"

သားဦး ခေါင်းကို ငုံ့ထားမိသည်။ သားဦးနှုတ်မှ တော်တော်နှင့် ဘာသံမှ ထုတ်လို့မရ။ ရင်ဘတ်ထဲမှာ ရှိသမျှတွေ အကုန်ကျိုးကြေကုန်ပြီ ဟုထင်သည်။

"ဟော့ကောင် ပြောလိုက်လေကွာ။ မင်းမှာ ပါးစပ်မပါဘူးလား။ ပြော…ပြောစမ်း"

မိုးကြိုးလို မာထန်နေသော ဖေဖေ့အသံသည် ဒေါသကြောင့် တုန်ရီနေလျက်ရှိ၏။ သားဦး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်

www.foreverspace.com.mm



သည်။ ထိုဆုပ်ထားသော လက်သီးနှစ်ဖက်ထဲတွင် သူ့ဘဝသည် စိစိ ညက်ညက် ကျေသွားပြီဖြစ်သည်။ သားဦး ခေါင်းကို အားတင်းကာမော့ရင်း မမျိုးကို ကြည့်လိုက်သည်။ မမျိုးက သူ့ကို ကြည့်မနေပါ။ တင်းမာပြတ်သားသော နှုတ်ခမ်းများ စူးရှတောက်ပသော မျက်ဝန်းများဖြင့် တစ်နေရာတည်းသို့သာ စူးစိုက်ကြည့်နေသည်။

"ဟုတ်တယ် ဖေဖေ။ သူပြောတာတွေ အားလုံးဟုတ်တယ်"

"ဘာကွ…ဟုတ်တယ်…ဟုတ်လား။ မင်း…မင်း…မင်း ငါ့ကို လူရှေ့မှာ အရှက်ခွဲတဲ့ကောင်။ ကဲကွာ…ကဲကွာ"

ဆွဲသံလွဲသံ အော်ဟစ်သံတွေ ဆူညံကာသွားကြ၏။ ဖေဖေနှင့် သူ အလုမ်းဝေးနေခြင်း၊ မေမေ သူ့ကို အုပ်မိုးကာ ဖက်ပေးထားခြင်း၊ ဆွဲသူ လွဲသူများကြားမှာ ခံနေခြင်းကြောင့် ဖေဖေ့လက်သီးများ သူ့အပေါ် ကျမလာပါ။ မေမေက သူ့ကို ဖက်ထားရင်းက…

"ဒီမှာ သီသီ…။ အစကတည်းက သဘောမတူဘူးဆိုရင် စေ့စပ်ပွဲလုပ်ဖို့ကို ဖျက်လို့ရပါတယ်။ ဒီလို လူစုံတက်စုံခေါ်ထားပြီးမှ ကျွန်မတို့ အရှက်ကို ခွဲတာတော့ သိက္ခာမဲ့ရာကျလွန်းတယ်"

"ဟို…ဒါတော့ မတတ်နိုင်ဘူးလေ…။ ဒီကိစ္စတွေကို ကျွန်မတို့က သိထားတာမှ မဟုတ်ဘဲ။ သမီးတစ်ယောက်တည်း သိတာ။ ဒီလိုဖြစ်ခဲ့တာတွေ တကယ်ဆိုရင်တော့ ကျွန်မတို့ကလည်း ရှင့်သားနဲ့ ကျွန်မသမီးကို ဘယ်လိုမှ သဘောမတူနိုင်ပါဘူး"

"အမလေး…ကျွန်မတို့ကလည်း လိမ္မာယဉ်ကျေးတယ်ဆိုတဲ့ အကြားနဲ့ သဘောတူခဲ့မိတာပါ။ ဒီလို လူရှေ့သူရှေ့မှာ အရှက်ခွဲတတ်တဲ့ မိန်းကလေးမှန်းသိရင် အစတည်းက မကမ်းလှမ်းဘူး"

မေမေတို့ အပြန်အလှန် ရန်တွေ့နေကြသံ ဝိုင်းချုပ်ထားသည့်

www.foreverspace.com.mm



လူများကို အတင်းတွန်းထိုး ရုန်းကန်ကာ အသံနက်ကြီးဖြင့် ဘာဆိုတာကို မသဲမကွဲ အော်ရင်း ဝုန်းခနဲ ထထွက်သွားသည်။

"ဟဲ့ လိုက်ကြပါဦး…။ ကိုလေးစိတ်ကို သိတယ်။ လိုက်ကြပါဦး…"

မေမေက ကြောင်ငေးကြည့်နေသော လူများကို တလန့်တကြားအော်သည်။ လူတချို့ ဝုန်းခနဲ ပြေးထွက်သွားကြ၏။

အပြင်မှ တခါးဆောင့်ပိတ်သံ၊ ဝေါခနဲ မောင်းထွက်သွားသော ကားသံတို့ကို ကြားရသည်။ လူတွေယောက်ယက်ခတ်ကာ စိုးရိမ်တကြီးဖြစ်နေကြသော်လည်း သားဦးအဖို့ ထိုမြင်ကွင်းများကို သူနှင့် မပတ်သက်သလို ငေးကာကြည့်နေမိသည်။ သူ့ဝိညာဉ်သည် နာကျင်လွန်းသဖြင့် သူ့ရုပ်ခန္ဓာကိုယ်ကို စွန့်ခွာသွားဟန်တူသည်။ ထို့နောက် အဖြစ်အပျက်အသေးစိတ်ကို သားဦး မမှတ်မိတော့။ တချို့တစ်ဝက်တစ်ပျက်သာ မှတ်မိတော့သည်။

ဖေဖေသည် သူတစ်ခါမှ မမြင်ဖူးသော ဒေါသမျိုးဖြင့် အိမ်မှာရှိသော ပစ္စည်းတွေကို ထုချေရိုက်ခွဲနေသည်။ မည်သူ့မှလည်း ဝင်မဆွဲရဲကြ။ အနားသို့လည်း မကပ်ရဲကြ။ မေမေကတော့ အခန်းထောင့်တစ်ထောင့်တွင် ထိုင်ကာ ရှိုက်ကြီးတငင် တသိမ့်သိမ့်ငိုကြွေးလျက်ရှိသည်။ ပါးစပ်မှလည်း ပလုံးပထွေးဖြင့် ဘာတွေပြောမှန်းမသိ။ ပစ္စည်းတွေကို စိတ်ရှိလက်ရှိ ထင်တိုင်းကြဲနေသော ဖေဖေသည် သားဦးကို တွေ့လိုက်ရတော့ စူးစူးဝါးဝါးတစ်ချက်အော်ကာ အိမ်ပေါ်လှေကားသို့ အားနှင့်ပြေးတက်သွားသည်။ ဖေဖေပြန်ဆင်းလာတော့ လက်ထဲမှာ ငှက်ကြီးတောင်ဓါးနှင့်…။

"ဟိတ်ကောင်…။ ငါ့မျက်စေ့ရှေ့က မင်း အခုထွက်သွား။ ငါ့အိမ်ပေါ်က အခုဆင်းသွား။ မင်း…သွားမလား မသွားဘူးလား"

"အမလေး…။ ကိုလေး…ကိုလေး မလုပ်ပါနဲ့ သတိထား။ သား…ပြေး…ပြေး…ပြေး…"

မေမေသည် သူ့ကို အတင်းဝင်ဖက်ကာ တွန်းလွှတ်နေသည်။ ထိုအချိန်တွင် မိုးက ဝေါခနဲ သဲသဲမဲမဲရွာချလေသည်။ ဘာကို ဘယ်လို ခံစားမှန်းလည်းမသိဘဲ မိုးရေထဲမှာ သားဦး လျှောက်လာခဲ့သည်။ သူ့စိတ်ထဲမှာ သိတာ တစ်ခုတည်းရှိသည်။ သူ မမျိုးကို ချစ်သည်။ ဖေဖေနှင့် မေမေကို ချစ်သည်။ မိုးရေထဲမှာ စိတ်၏ ခေါ်ဆောင်ရာသို့ လိုက်ရင်း ခြံတံခါးကို ပတ်၊ မီးများမှိတ်နေပြီဖြစ်သော မမျိုးတို့အိမ်ရှေ့သို့ ရောက်လာခဲ့သည်။ သူ ခြံဝင်းသံပန်းတံခါးကို အားရပါးရဆုပ်ကိုင်ကာ စိတ်ထဲရှိသမျှ အသံကုန်ဟစ်၍ အော်လိုက်သည်။

"မမျိုး…မမျိုးကို ချစ်တယ်"

မိုးသံကပဲ ကမ္ဘာပျက်မတတ် ကျယ်နေသလား၊ ရယူစရာ ဘာမှ မရှိတော့သော သူ့နှလုံးသားထဲက အသံကပဲ တိုးနေလားမသိ။ မိုးသံမှ လွဲ၍ မည်သည့်တုန့်ပြန်သံကိုမှ သားဦး မရခဲ့ပါ။

♦



www.foreverspace.com.mm

www.foreverspace.com.mm



ပူလောင်မှုပြင်းထန်သော နွေကို သဲကြီးမဲကြီးရွာချသော ညမိုးဖြင့် အဆုံးသတ်လိုက်သည်။ မနက်မိုးလင်းတော့ မြေကြီးတွေက ညက်သိမ့်နေသည်။ သစ်ပင်တွေအားလုံး စိမ်းစိမ်းစိုစိုနှင့်ရှိသည်။ ပူပြင်းသော နွေရာသီ၏ မြေသင်းနံ့ သင်းသင်းကလေးကိုလည်း ရနေသည်။ ကောင်းကင်ပေါ်မှာ ပူပြင်းသော နေမင်းကြီးအရှိန် မရှိတော့ဘဲ မိုးရနံ့ပါသော လေအေးကလေးကြောင့် လူတွေအားလုံး လန်းဆန်းနေကြသည်။

မြင့်မျိုးမြတ် ခြေလှမ်းမှန်မှန်ဖြင့် ယခင်မနက်ခင်းများလိုပင် ကျောင်းသို့ စာသင်ရန် ထွက်လာခဲ့သည်။ ယခင်နေ့တွေကထက် သူ့ကို လမ်းမှာ ငေးကြည့်သူတွေ ဝိုင်းကြည့်သူတွေ ပိုများသည်။ သူ့ကိုမြင်ပြီးသည်နှင့် လူများက ခေါင်းချင်းဆိုင်ကာ တတွတ်တွတ်ပြောကြသည်။

အရင်နေ့များလိုပင် သူမ၏ နှုတ်ခမ်းများကို ပြုံးချထားဖို့ ကြိုးစားပါသည်။ သို့သော် သူမနှုတ်ခမ်းတွေက မာခဲတောင့်တင်းနေကြသည်။ နှလုံးနာနေသည့် လူတစ်ယောက်၏ နှုတ်ခမ်းသည် မည်သို့မှ မပျော့ပြောင်းနိုင်ဆိုတာကို သူမ ဝန်ခံရမည်သာဖြစ်သည်။ ကျောင်းကို ရောက်တော့ သူငယ်ချင်းဆရာမများက သူမကို တအံ့တသြ ကြည့်ကြသည်။

"ဟယ်…မျိုး။ ဘာဖြစ်လို့ ကျောင်းတက်လာတာလဲ။ အိမ်မှာ

www.foreverspace.com.mm



နားနေရောပေါ့"ဟု သူ့ကို ဂရုဏာနှင့် ဆိုသူက ဆိုသည်။

ကျောင်းရှိဆရာမအားလုံး သူမအနားမှာ ဝိုင်းလျက်ရှိကြသည်။ မကြာမီ ကျောင်းအုပ်ဆရာမကြီး ရောက်လာသည်။ ဆရာမကြီးကတော့ တည်ငြိမ်အေးဆေးသူ အတွေ့အကြုံရှိသူပီပီ သူမကို နှစ်သိမ့်အားပေး၏။ စိတ်ပင်ပန်းနေတယ်ဆိုရင် ပြန်နားဖို့လည်း ခွင့်ပေး၏။

"ရပါတယ် ဆရာမရယ်…။ နားနေရင် ကျွန်မစိတ်က အဲဒီ အဖြစ်တွေထဲက ထွက်မှာမဟုတ်ဘူး။ အလုပ်လုပ်နေမှ ကျွန်မ စိတ်သက်သာမယ် ထင်ပါတယ်။ ကျွန်မကို စာသင်ခွင့်ပေးပါ"

ဆရာမကြီးက အပြုံးဖြင့် နားလည်ကြောင်း ခေါင်းညိတ်ကာ သူမလက်ကို အားပေးသလို ဆုပ်ကိုင်ပြီး ထွက်သွားသည်။ ထိုအချိန်တွင် ဆရာမ ဒေါ်ခင်သန်းဆွေ ရောက်လာပြီး…

"မျိုးရေ…ဧည့်သည်တဲ့။ မင်းကို တွေ့ချင်လို့တဲ့"

"ကိုယ် ဘယ်သူ့ကိုမှ မတွေ့ပါရစေနဲ့ကွာ။ မတွေ့ချင်ဘူးလို့ ပြောလိုက်ပါ"

"သူတို့က အရေးကြီးလို့တဲ့။ ခဏလေးဖြစ်ဖြစ် တွေ့ပါရစေလို့ ခွင့်တောင်းနေတယ်"

"ကိုယ်မတွေ့ချင်ဘူးကွာ။ ဘာမှလည်း မကြားချင်ဘူး။ ဘာမှလည်း ထပ်မသိချင်ဘူး။ ဘာပဲသိသိ ကိုယ့်ဘဝအတွက် ထူးတော့မှာ မဟုတ်ဘူး"

ဒေါ်ခင်သန်းဆွေ သက်ပြင်းချကာ အနားမှ ဆရာမဒေါ်လှဲ့လှဲ့နိုင် ကိုခေါ်သည်။ "လိုက်ခဲ့ဟာ…။ ငါတစ်ယောက်တည်း မပြောချင်ဘူး"

ဆရာမနှစ်ယောက် ထကာ ထွက်သွားချိန်တွင် ကျောင်းတက် ခေါင်းလောင်းသံကို ကြားရလေသည်။ မုန့်စားဆင်း ထမင်းစားချိန်မှာ

www.foreverspace.com.mm



ဆရာမအားလုံးက သူ့ကို ဂရုတစိုက် ဟင်းထည့်ပေးခြင်း၊ ရယ်စရာမော စရာများပြောခြင်းတို့ လုပ်ပေးကြသည့်တိုင် သူ ထမင်းတစ်ဇွန်းနှစ်ဇွန်း ပြင် ပိုစားလို့မရ။ လည်ချောင်းမှာ မည်သည့်အရာခံပြီး ရင်ထဲမှာ ဘာတွေ ပြည့်နေမှန်းမသိ။ ခေါင်းထဲမှာလည်း ငြီးစိစိကြီးဖြစ်ကာနေသည်။

"မျိုး လမ်းထိပ်မှာ ရခိုင်မုန့်တီ သွားသောက်မလား။ တို့လည်း ထမင်းစားလို့ မကောင်းဘူး"

ဒေါ်ခင်သန်းဆွေက ကျွန်မကို ညှာကာပြောနေမှန်း သိပါသည်။ သူ အပြင်ထွက်ဖို့ သဘောတူလိုက်သည်။ ကျောင်းကလေးအပြင်သို့ ရောက်တော့ မိုးဖွဲဖွဲကလေးရွာလာသဖြင့် ထီးထုတ်ဆောင်းရ၏။ သူတို့ လျှောက်လာကြရင်း ကျောင်းရှေ့ ကုက္ကိုလ်ပင်အောက်တွင် ကလေး သုံး လေးဆယ်ခန့် ဝိုင်းအုံနေကြောင်း တွေ့ရသည်။ ဒေါ်ခင်သန်းဆွေက 'ဘာဖြစ်တာလဲ မသိဘူးကွ' ဟု စိတ်ဝင်စားသလိုပြောသည်။

"မျက်လှည့်ဆရာတို့၊ အရုပ်သည်တို့ လာတာနေမှာပေါ့ကွာ"

ထိုစဉ် အုပ်စုထဲမှ ပြေးထွက်လာသော ကလေးတစ်ယောက်ကို ဒေါ်ခင်သန်းဆွေက လှမ်းခေါ်ကာ မေးသည်။ ထိုကလေးက လက်ကို ပိုက်ကာ ထိတ်လန့်တုန်လှုပ်စွာဖြေ၏။

"လူတစ်ယောက် လဲနေတာပါ ဆရာမ။ မိုးရေတွေလည်း ရွှဲလို့။ အန်ဖတ်တွေလည်း ဆို့လို့။ အဲဒါ ဟိုကောင်တွေက ခဲနဲ့ ဝိုင်းပစ်နေကြ တယ်"

မြင့်မျိုးမြတ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဒေါ်ခင်သန်းဆွေကို မခေါ်တော့ဘဲ ထိုနေရာသို့ အတင်းပြေးသွားလိုက်သည်။ ကလေးတွေ ကြားထဲ အတင်းတိုးကာ ကြည့်လိုက်တော့ မိုက်ခနဲ ဖြစ်မသွားအောင် သူ့ကိုယ်သူ အတော်ထိန်းလိုက်ရသည်။ စေ့စပ်သည့်ပွဲနေ့က အဝတ်အစား

www.foreverspace.com.mm



နှင့် သားဦးပုံစံက မြင်၍မကောင်း။ ခဲနှင့်ပစ်နေသော ကလေးတွေကို ဒေါ်ခင်သန်းဆွေ အော်ဟစ်ကာ မောင်းထုတ်လိုက်သည်။ ရွှံ့ထဲတွင် ထိုင်ချလိုက်ရင်း သားဦးခေါင်းကိုကိုင်ကာ "ဖိုးသား…ဖိုးသား" ဟု မျက်ရည်ကျကာ အော်နေမိသည်။ ပြီးတော့ သူမရင်ထဲ ဆို့တက်လာကာ သူမပါ လဲကျသွား၏။

♦

www.foreverspace.com.mm



သတိရလာလာချင်း သူ ဘယ်ရောက်နေသည်ဆိုတာကို ပထမ သိအောင် ကြိုးစားရသည်။

မျက်နှာကြက်ဖြူဖြူတွေကို မြင်ရသည်။ ပြီးတော့ ဆေးရုံရနံ့။ နောက်ဆုံးမှတ်မိခဲ့တာကို ပြန်စဉ်းစားသည်။ မိုးရေထဲမှာ အံဖတ်တွေနဲ့ လဲနေသည့် ဖိုးသား…။

"လူနာ သတိရပြီ ဆရာမကြီး"

နူးညံ့ကြည်လင်သော အသံတစ်ခုကို ကြားရသည်။ သူ ငဲ့ကြည့်တော့ သူ့ကို ပြုံးကာကြည့်သော သူနာပြုဆရာမလေးကို တွေ့ရ၏။ အသက် (၅၀)ကျော်ခန့် ဆရာမကြီးတစ်ယောက်က နံဘေးခုံမှ ထလာကာ သူ့ လက်ကောက်ဝတ်ကို စမ်သည်။ ပြီးတော့ နားကြပ်ဖြင့် ရင်ခုန်သံကို နား ထောင်သည်။

"အရင်တုန်းက အခုလိုမျိုး ဖြစ်ဖူးသလား"

အမေးကို သူ ခေါင်းခါကာ ဖြေရသည်။

"Pressure တိုင်း ဆရာမ"

ဆရာမလေးက သူ့လက်ကို အသေအချာပတ်ကာ တိုင်းသည်။ ဖိုးသား…ဘာတွေဖြစ်နေသနည်း။ သူ ဒီဆေးရုံကိုရောက်တာ ဘယ်နှရက်

www.foreverspace.com.mm



ရှိနေပြီလဲ…"

"70-100 ပါ ဆရာမကြီး"

"Normal နီးပါးပါပဲ။ အရင်တုန်းက အဲဒီလိုမျိုး မူးလဲတာတွေ ဘာတွေ ဖြစ်ဖူးလား"

သူ ခေါင်းကို ခါသည်။

"မင်း ဒီလေးငါးရက်အတွင်း အအိပ်အစား ပျက်တာရယ်၊ ရုတ်တရက် ထိတ်လန့်တာရယ်ကြောင့်ပါ။ မင်းမှာ နှလုံးနဲ့ပတ်သက်တဲ့ ရောဂါလည်း မရှိပါဘူး။ Pressure လည်း ကောင်းနေပြီပဲ။ တစ်ရက်တော့ ဆေးရုံမှာ နားလိုက်ဦး…။ ဟုတ်ပြီလား"

ဆရာမကြီးက သူ့အတွက် ဆေးစာအုပ်မှာ ဆေးတချို့ ရေးပေးကာ ထွက်သွားသည်။ ဒီတော့မှ ကျန်ခဲ့သည့် ဆရာမလေးကို မေးရသည်။

"ကျွန်မ ဒီရောက်တာ ကြာပြီလား ဆရာမ"

"ဆရာမ ဒီရောက်တာ နေ့လယ်ကပါ။ တစ်ရက်မပြည့်သေးပါဘူး။ ဘာမှ မစိုးရိမ်ပါနဲ့။ ဆရာမ ရှော့(ခ)ဖြစ်တာပါ။ တစ်ရက်လောက် နားပြီးရင် ကောင်းသွားမှာပါ"

သူ့ကို ဆရာမဟု ပြန်ခေါ်သဖြင့် ငုံ့ကြည့်တော့ သူ့အဖြူနဲ့ အစိမ်းအင်္ကျီနှင့်ပင် ဆိုတာကို တွေ့ရသည်။

"ကျွန်မအိမ်က ဘယ်သူမှ…"

"လာပါတယ် ဆရာမ။ ဆရာမနဲ့အတူရောက်လာတဲ့ လူနာဆီ သွားကြည့်ကြပါတယ်။ ဆရာမကို စိတ်ငြိမ်ဆေးထိုးပေးထားလို့ အိပ်ပျော်နေတော့ အနှောင့်အယှက်ဖြစ်မှာစိုးလို့…။ ဆေးယူရင်းနဲ့ ဆရာမ သတိရလာပြီလို့ ကျွန်မ ပြောပေးပါ့မယ်"

www.foreverspace.com.mm



"သူ…သူ အခြေအနေတော်တော်ဆိုးသလားဟင်"

"ဆရာဝန်တွေ မှတ်ချက်ကတော့ သုံးရက်လောက် အရက်ချည်းပဲ သောက်ထားတယ်တဲ့။ ဘာမှ အစာမရှိဘူးတဲ့။ အသက်အန္တရာယ်တော့ သိပ်မရှိဘူး၊ အဆုတ်ကတော့ နည်းနည်းထိတယ်လို့ ပြောပါတယ်။ ဆရာမ သေသေချာချာသိချင်ရင် ကျွန်မ မေးခဲ့ပေးပါ့မယ်။ ဆရာမ မောင်လားဟင်"

မြင့်မြိုးမြတ် ခေါင်းကို ခါပစ်လိုက်သည်။ ဆရာမလေးက ပြုံးကာ ဆေးစာအုပ်ကိုင်ကာ ထွက်သွား၏။ သူ ဘာတွေဖြစ်ခဲ့သနည်း။ သူ မသိတာ တစ်ခုခုတော့ ရှိကိုရှိရဦးမည်ဟု မြင့်မြိုးမြတ် တွေးမိသည်။ ထိုစဉ်မှာပင် သူ့အခန်းထဲသို့ မေမေ ဝင်လာသည်။ ပြီးတော့… ပေစိန့် မောင်မျိုး။ ပြီးတော့…ဖေဖေနှင့် ဖိုးသား ဖေဖေ။ နောက်ဆုံး လူနှစ်ယောက်ကို တွေ့တော့ မြင့်မြိုးမြတ် တော်တော် အံ့သြသွားသည်။

တစ်ယောက်က ကိုမင်းဦး။ ထားပါ…။ နောက်တစ်ယောက်က ကိုကို။

မေမေက သူ့နဖူးစလေးကို သပ်ကာပေးသည်။ ကိုကိုက အနား ကို ကပ်ကာ…

"ညီမလေး နေကောင်းသွားပြီလား"ဟု မေးသည်။ သူ ဖေဖေ့ကိုတစ်လှည့်၊ ကိုကို့ကိုတစ်လှည့်ကြည့်ရင်း ဘာပြောရမှန်း မသိ။ ခေါင်းသာ ညိတ်ပြမိသည်ဟု ထင်သည်။

"ညီမလေး အေးအေးဆေးဆေး နေကောင်းသွားတော့မှ ကိုကို အားလုံး ရှင်းပြမယ်။ ဟုတ်ပြီလား…"

"ဟင့်အင်း…။ ညီမလေး အခု သိချင်တယ်"

ကိုကိုက အရင်တုန်းကလိုပင် တည်ငြိမ်ရင့်ကျက်စွာ ပြုံးလေ

www.foreverspace.com.mm

သည်။

"သားဦး နေကောင်းပါတယ်။ အဆုတ်အအေးပတ်တာရယ်၊ အားမရှိတာရယ်ကြောင့်ပါ။ ညီမလေး စိတ်မပူပါနဲ့"

"ကဲ…ကိုဝင်းမော် အကုန်သာ ရှင်းပြလိုက်ပါဗျာ။ ဒါမှ ဆရာမ လည်း စိတ်ပေါ့သွားမှာ"

မောင်မျိုးစကားဆုံးတော့ ဖေဖေက အခန်းပြင်သို့ ထွက်ခွာသွား သည်။ ကိုဝင်းမော်က မြင့်မျိုးမြတ်၏ အစ်ကိုအရင်း ဖြစ်သည်။ လွန်ခဲ့ သည့် ရှစ်နှစ်ခန့်က ကိုကိုက အိမ်မှာ ခိုင်းရန်ခေါ်ထားသည့် သူတို့ ဆွေမျိုး ရိုပ် သိပ်မကင်းသော ကောင်မလေးကို ခိုးပြေးသဖြင့် ဖေဖေက အရှက်ကြီး ရှက်ကာ အိမ်မှ မောင်းချသည်။ ဒီကတည်းက ကိုကိုနှင့်သူ ပြန်မတွေ့ရ တော့။

ကိုကိုကလည်း ဖေဖေ့လိုပင် မာနကြီးသူ ဖြစ်သည်။ ထိုထွက် သွားသည့် ရက်ကတည်းက တစ်ရက်မှ မလာတော့။ ထိုအချိန်တွင် ဖေဖေက ကလေးတစ်ယောက်ကို ချီကာ ဝင်လာသည်။ ဖေဖေချီထားသည့် ကလေးက သုံးနှစ်နီးပါးလောက် ရှိမည်ထင်သည်။

"ဒါ… အငယ်ကောင်လေ ညီမလေးရဲ့။ အကြီးကောင်က ရှစ်နှစ်။ အိမ်မှာ ကျန်ခဲ့တယ်။ ဖေဖေလည်း ကိုကို့ကို ခွင့်လွှတ်လိုက်ပါပြီ။ သားဦး ဒီကိစ္စ စဖြစ်ကတည်းက သူ ကိုကို့ကို တိုင်ပင်ပါတယ်။ ကိုကို ကလည်း သူပြောကတည်းက ညီမလေးမှန်း သိပါတယ်။ သူ တိုင်ပင်တဲ့ ကိစ္စတွေကို ကိုကိုက တိုက်ရိုက်အကြံမပေးပါဘူး။ သူဖြစ်တာက အိမ်က ပေးစားတယ်ဆိုရယ်၊ လူငယ်သဘာဝ လွတ်လွတ်လပ်လပ် နေချင်တာရယ် ကြောင့်ပါ"

"ကိုကိုက ညီမလေးတို့ ပြောင်းလာမှန်း သိရဲ့သားနဲ့ ညီမလေး

www.foreverspace.com.mm



ဆီတောင် မလာဘူး။ အိမ်မလာချင် ကျောင်းကို လာရောပေါ့"

ကိုဝင်းမော်က ပြုံးသည်။ ကိုကိုသည် တော်တော်ခေါင်းမာပြီး ဆုံးဖြတ်ချက်တစ်ခုချပြီးလျှင် နောက်မဆုတ်တတ်သူဆိုတာ ငယ်ငယ်ကတည်းက ဗီဇဖြစ်၏။

"ဒီကိစ္စတွေအားလုံး ပြီးသွားပါပြီ ညီမလေးရယ်။ ဖေဖေကလည်း ကျေနပ်သွားပါပြီ။ ဖေဖေက ပြောတယ်…ကိုယ်ဖြစ်ချင်သလို မဖြစ်တာ လူ့ဘဝပဲတဲ့။ ကိုယ်ဖြစ်ချင်တာဖြစ်အောင် ကြိုးစားရတာလည်း လူ့ဘဝပဲတဲ့။ ဖေဖေ့စကားက သိပ်အဓိပ္ပာယ်ရှိတယ် ညီမလေးရဲ့"

ဒီတစ်ခါ ပြုံးသူက မြင့်မျိုးမြတ်သာ ဖြစ်သည်။

"ကိုဝင်းမော်ကလည်းဗျာ သိပ်ခေါင်းစားတာပဲ။ သားဦး တိုင်ပင်ကတည်းက သိရဲ့သားနဲ့ ကျွန်တော်တို့ကို မပြောဘူး"

"ဒီကိစ္စမျိုးက ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်ခံစားတာ အကောင်းဆုံးပဲကွ။ ဒါ့ကြောင့် ငါ ဘာမှ ဝင်မပါတာ။ သူ နောက်ဆုံး တိုင်ပင်တော့ ကိုကိုကလည်း အဆင်ပြေမယ်ထင်ပြီး ဘာမှ ဝင်မပြောတာ။ ကိုယ့်ညီမလေးကလည်း ကိုယ့်လိုပဲ စိတ်ကြီးတတ်တာ မေ့သွားတယ်"

"ဟေ့ကောင်…အပိုတွေလျှောက်ပြောမနေနဲ့။ ဒါ ငါတို့လူကြီးချင်း ရှင်းပြီးသွားပြီ။ မနက်ဖြန်ကို ငါ့မြေးကြီးရော၊ မင်းမိန်းမရော ခေါ်ပြီး အိမ်ကိုလာခဲ့။ ဒါပဲ"

"ကျွန်တော်တို့ ငှားနေတဲ့အိမ်က စာချုပ်မပြည့်သေးဘူး ဖေဖေ"

"ဟေ့ကောင်…စကားမရှည်နဲ့ကွာ"

"သားကလည်းကွယ်…။ မင်းအဖေကိုယ်တိုင်က ခေါ်နေပြီပဲ။ လာခဲ့တော့…ဟုတ်လား။ သား မေမေတို့အိမ်ကိုရော သိလို့လား"

ကိုကိုက ဟက်ဟက်ပက်ပက်ပြုံးရင်း အသံထွက်အောင် ရယ်

www.foreverspace.com.mm



သည်။

"သိတာပေါ့ မေမေရဲ့။ အဲဒီအိမ်ဒီဇိုင်ကို သားပဲ ဆွဲပေးတာ။ ဆောက်တာက သားသူငယ်ချင်းလေ…။ သူ့ကို မပြောပါနဲ့တော့ ပိတ်ထား ရတာပေါ့"

ကိုကို့စကားဆုံးတော့ ဖေဖေက ယောက်ျားကြီးတန်မဲ့ မျက်စောင်း ထိုးလေသည်။ ကိုကို့ကို အိမ်ပေါ်က နှင်ချတုန်းက "ငါ့အရှက်နဲ့ သိက္ခာ ကို ခွဲတဲ့ကောင်၊ ငါ့ငွေနဲ့သင်ပေးထားတဲ့ ပညာကို လုံးဝ မသုံးနဲ့" ဟု ပြောခဲ့ဖူးသည်။ ကိုကိုသည် အင်ဂျင်နီယာဘွဲ့ရ ကျောင်းသားတစ်ဦး ဖြစ် သော်လည်း ထိုဘွဲ့ဖြင့် ဘာမှ လုပ်မစားဘဲ သာမန် လက်သမားတစ်ဦး အနေနှင့်သာ နေခဲ့သည်။

"ဆရာမလည်း ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ…။ ကျွန်တော် ကလည်း လူကြီးတန်မဲ့ ဒီကောင်ပြောတာတွေကို လိုက်လုပ်မိတယ်။ ဒီကောင်က လူယုံအောင် ပြောတဲ့နေရာမှာတော့ Expert ပဲ"

"ရပါတယ် ဆရာ။ ကျွန်မစိတ်ထဲမှာ ဆရာဟာ မိတ်ဆွေကောင်း အဖြစ် ရှိနေတုန်းပါပဲ။ အခု ဘယ်နှနာရီထိုးပြီလဲဟင်"

ပေစိက နာရီကို ငုံ့ကြည့်ကာ "ကိုးနာရီ ဆရာမ" ဟုဆိုသည်။

"ကျွန်မ သူ့ကို သွားကြည့်လို့ ရမလား"

"အခု သွားကြည့်လည်း ဘာထူးမှာလဲ ဆရာမရဲ့။ သူက ဆေးသွင်းပြီး အိပ်ပျော်နေတာ။ မနက်ကျမှပဲ သွားချင်သွားပေါ့"

အားလုံး တိတ်ဆိတ်သွားကြသည်။ ဒီတော့မှ သားဦးဖေဖေက သူ့အနားတိုးကာ…

"ဒီကောင်လုပ်ခဲ့တာတွေအားလုံးကို ဒီကောင့်အဖေဖြစ်တဲ့ ကျုပ် ကပဲ တောင်းပန်ရတော့မှာပဲ"

www.foreverspace.com.mm



"ဟာ…မဟုတ်တာ…။ မလုပ်ပါနဲ့…။ မေမေ ပြောပါဦး"

"ဘယ်ဟုတ်မလဲ။ ဒီကောင့်ကြောင့် သမီးမှာ ခံခဲ့ရတာ နည်းသလား။ ကံကောင်းလို့ ဒီကောင်ကြီးနဲ့ ငါတောင် ရန်သူတွေ ဖြစ်ကြတော့မလို့ဟ"

"ကျေနပ်ပါပြီကွာ…။ ဒီလိုဖြစ်တာ ငါတို့တာဝန်လည်း မကင်းဘူးဟေ့။ အမှန် သူတို့ချင်းကို အရင်တွေ့ပေးထားရမှာ။ မိန်းကလေးရှင်ဖြစ်တဲ့ မင်းကို အားနာလို့ဟေ့…။ သိလား"

ပျော်ရွှင်စွာ ရယ်မောသံက ဆေးရုံခန်းနှင့် မလိုက်ဖက်လောက်အောင် ထွက်လာသည်။

"ကဲ…သမီး နားတော့။ မေမေ စောင့်အိပ်ပေးမယ်နော်"

"ဟာ…ရပါတယ်။ ဒီမှာ ခုတင်မရှိ ဘာမရှိနဲ့။ အိမ်မှာပဲ ပြန်အိပ်ပါ။ ဆရာမလေးလည်း ရှိနေမှာပဲဟာ။ မေမေ ဒုက္ခရောက်ပါတယ်။ သမီးက ကောင်းနေပြီဟာ"

ဒီတော့မှ သူ့ကို နှုတ်ဆက်ကာ ပြန်သွားကြသည်။ ကိုကိုက သူ့နဖူးကို ခပ်ဖွဖွကလေး ထုသွား၏။

"ကဲ…ဆရာမရေ။ သမီးတော့ မျက်စေ့ကို လည်နေတာပဲ။ ဆရာမ လန်းလန်းဆန်းဆန်းရှိရင် ဘယ်လိုဖြစ်တာလဲဆိုတာ ရှင်းတော့ပြဦး"

♦

www.foreverspace.com.mm



မနက် (၉)နာရီလောက် ဖိုးသားအခန်းကိုရောက်တော့ ဖိုးသား တစ်ကိုယ်လုံးမှာ ပိုက်တွေ ရှုပ်နေသည်။ နှာခေါင်းကိုပါ ပိုက်သွင်းထားရ ၏။ မျက်နှာကလည်း ဖူးယောင်ညိုမဲကာ နေ၏။ သူ့ကို မျက်စေ့ဖွင့် ကြည့်သော်လည်း ကြောင်တောင်တောင်နှင့် သိပ်သိပုံမရ။ သူ 'ဖိုးသား… ဖိုးသား' ခေါ်တော့ မျက်စေ့က ကလယ်ကလယ် ဖြစ်နေသည်။ မှတ်မိပုံ မပေါ်။

မြင့်မြိုးမြတ် မျက်ရည်ထိန်းမရတော့။

ဖိုးသားမျက်နှာကလည်း ညိုမဲယောင်ကိုင်းကာ နေ၏။

"Over Alcohol ဖြစ်တာ ဆရာမ။ သူ အခု သတိကောင်း ကောင်း ရဦးမှာ မဟုတ်ဘူး။ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ မနက်ဖြန်ဆို ကောင်းကောင်း သတိရမှာပါ"

သူ့ကို (၁၂)နာရီမှာ ဆေးရုံက ဆင်းခွင့်ပြုသည်။ အိမ်ကို ရောက် တော့ ကိုကို့မိသားစုလည်း ရောက်နေပြီ။ အရင်က တိတ်ဆိတ်ငြိမ်သက် နေသော သူ့တို့အိမ်ကလေးမှာ ကလေးသံဖြင့် ဆူညံနေသည်။ ဖေဖေ ကလည်း သူ့မြေးနှစ်ယောက်နှင့် ဆင်ကြီးမိုမိုလုပ်တမ်း ကစားကာနေ၏။ သူ ရေမိုးချိုးနေတုန်း မေမေက သားဦးအတွက် ကြက်သား မြူစွမ် ပြုတ်

www.foreverspace.com.mm



စတွေနှင့် ဖိုးသားနှလုံးသားထဲကို ချပေးသည်။ ဖိုးသား ပြန်မှိန်းသွားပြန်သည်။

ညနေကျတော့မှ သတိကောင်းကောင်းရသည်။

ပေစိ၊ မောင်မျိုးနှင့် ဖိုးသားမေမေ ဒေါ်မြင့်သီတို့လည်း ရှိနေကြသည်။

"ဆရာမ…ကျွန်တော်…"

"ဘာမှ မပြောနဲ့တော့ ဖိုးသား။ ဆရာမ အားလုံး သိပြီးပြီ။ အကုန်လုံးကလည်း ဖိုးသားကို ခွင့်လွှတ်ကြပြီ။ ဖိုးသား စိတ်ချမ်းသာအောင် နေတော့နော်။ မျက်နှာက ဒဏ်ရာတွေက…"

မြင့်မျိုးမြတ် စကားမဆက်နိုင်တော့ မျက်ရည်သာ ကျလာသည်။

"ဒဏ်ရာ…ဒဏ်ရာက ကျွန်တော် မမှတ်မိတော့ဘူး ဆရာမ။ အထိုးခံရတာလား၊ လဲတာလား…ကျွန်တော် ဆိုင်ထဲဝင်ပြီး အရက်တွေ မော့သောက်တာ သိတယ်။ ပိုက်ဆံလည်း ပါမှမပါတာ။ ထိုးမှာပေါ့။ ပြီးတော့ လဲသေးတယ်"

"တော်ပါတော့ ဖိုးသားရယ်…မပြောနဲ့တော့နော်"

သူတို့သော မြူစွမ်ပြုတ်ကို ဖိုးသား တော်တော် သောက်နိုင်ပါသည်။

"သား ဘာစားချင်သေးလဲ"

ဒေါ်မြင့်သီက ကြင်နာစွာ မေးသည်။

"သားကို ခွင့်လွှတ်နော် မေမေ"

"ခွင့်လွှတ်ပါတယ် သားရယ်…။ လူကြီးတွေအားလုံးကလည်း ခွင့်လွှတ်ပါတယ်။ သား…လိမ်လိမ်မာမာ နေတော့နော်"

"ဟော့ကောင် လိမ်မာတော့။ မင်းကြောင့် ငါ့နှမလည်း ဆုံးပြီးပြီ။

www.foreverspace.com.mm



ထပ်မိုက်ရင် ပြန်ပေးစားစရာ မင်းမှာ နှမလည်း ရှိတာ မဟုတ်ဘဲနဲ့။ ဒါပဲ…ကြည့်ထား"

မောင်မျိုးက လက်သီးထောင်ပြရင်း အလိုက်တသိ ထွက်ကာ သွား၏။ ဖိုးသားဖေဖေကလည်း ထွက်ပေးပါသည်။ မြင့်မျိုးမြတ် ဖိုးသား လက်ကို ကိုင်ကာထား၏။ ဖိုးသားက ခပ်ယဲ့ယဲ့ ပြန်ဆုပ်ကိုင်သည်ကို ခံစားရသည်။

"ဆရာမ…ကျွန်တော့်ကို ချစ်တယ်မဟုတ်လား"

"မေးခွန်းကလည်း တင်စီးလိုက်တာ…။ မဖြေဘူး"

"မဖြေလည်း ရပါတယ်…။ ကျွန်တော်က သိပြီးသားပဲ။ အိမ်က စေ့စပ်မယ်လို့ ပြောတဲ့နေ့ကတည်းက သိသားပဲ။ ကျွန်တော် ဖွင့်ပြောရင် ချစ်နေမြဲဆိုတဲ့ကောင်ကို ထားခဲ့မှာ မဟုတ်လား"

မြင့်မျိုးမြတ်က အောက်နှုတ်ခမ်းကလေးကို ဖိကိုက်ကာ ဒေါသနှင့်ပြောသည်။

"အဲဒီလိုတွေ တွေးတွေးပြီး ထင်ရာတွေ လျှောက်လုပ်လို့ ဒီလို ဖြစ်ကုန်တာ…။ နောက် မလုပ်ရတော့ဘူးနော်"

ဖိုးသားက ယဲ့ယဲ့ကလေးပြုံးကာ ခေါင်းကို ညိတ်သည်။

"တကယ်တော့ ဆရာမက လမင်းကြီးပါ။ ကျွန်တော်က ဆရာမကို ထိုင်ငေးသူပေါ့။ ဒါပေမဲ့ ဆရာမနဲ့ ကျွန်တော့်အကြားမှာ ပန်းပွင့်ကလေး ခံနေတယ်"

"ပန်းပွင့်ကလေး ခံနေတယ်"

"အင်းလေ…။ အခုတော့ အဲဒီပန်းပွင့်ကို လမင်းကြီးဆီ ပေးလိုက်တယ်။ ဒီတော့ ပန်းပွင့်ရသွားတဲ့ လမင်းကြီး အားရပါးရ အရမ်းလှနေတာကို မြင်ရတာပေါ့"

နှစ်ယောက်ပြိုင်တူရယ်ကာ လက်တွေကို အားရပါးရ ဆုပ်ကိုင်ထားလိုက်ကြသည်။

ထိုစဉ်မှာပင် . . .

"ဆရာမ . . .။ လူနာကို ဆေးလည်းထိုး၊ ဆေးလည်း တိုက်ရဦးမယ်ရှင့်။ ခဏဖယ်ပေးပါရှင့်" ဆိုသော ကရင်သံဝဲဝဲ ဆရာမကလေး၏ အသံကို ကြားရလေသည်။။

နီကိုရဲ
18 July, 2003

♦ ♦ ♦



www.foreverspace.com.mm

www.foreverspace.com.mm

# နိုကိုရဲ

## ပန်းပွင့်ကိုဖယ်ကြည့်မှ
## မြင်ရမယ့်လမင်း



NTM Graphic Studio : 383904